www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဩဂုတ် - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန်၊ သင်းစာပေ၊ အမှတ်(၁၀)၊
ရတနာမြိုင်လမ်း၊ (၁၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ပြည်လုံးကျွတ်ဖြန့်ချိရေး**
ရဲရင့်အောင်စာပေ
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
မော်ကေရီ
ရန်စရှည်တစ္ဆေတိုက်ပွဲ/မော်ကေရီ-ရန်ကုန်။
သင်းစာပေ၊ ၂၀၁၃။
၁၄၄-စာ၊ ၁၃ × ၂၀ စင်တီ။
(၁)ရန်စရှည်တစ္ဆေတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

# မှော်ကောရို...

ပရိသတ်တွေရေးတဲ့ ဇာတ်ကျဦးကလျှ

www.burmeseclassic.com

www.burmeseclassic.com



အချစ်မပါသော အိမ်ထောင်ရေးသည် ရင်ခုန်သံကင်းဆိတ်သော ကြောင့် ရေရှည်မှာ ငြီးငွေ့ဖွယ်ကောင်းလှသည်။ အချစ်ပါမှ ဘဝလှသည်။ ပျော်ရွှင် ကြည်နူးနေသည်။ သို့သော် ... ဖြစ်ခြင်း၊ ပျက်ခြင်း၊ လောကဓမ္မတာ သဘောအရ ထိုလှပသော၊ ပျော်ရွှင်ကြည်နူးရသော အိမ်ထောင်ရေး သုခဘဝတို့သည်လည်း ပျက်ခြင်းမကင်းနိုင်ပေ။ အကြောင်းတရားအမျိုးမျိုး ဖြင့် ရှင်ကွဲသော်လည်းကောင်း၊ သေကွဲသော်လည်းကောင်း၊ ကွဲပြိုပျက်စီး ခြင်းကို မလွန်ဆန်နိုင်ပေ။ မချစ်၍ ခွဲရခြင်းထက် ချစ်လျက်ကွဲရခြင်းကား ပို၍ ပင်ပန်းလှ၏။

ဝသန္တနှင့် နင်းနုထွေးတို့သည် စိတ်တူ၊ ကိုယ်တူ၊ ဝါသနာတူ ဘဝကြင်ဖက်များဖြစ်သည်။ ဝသန္တက ဘာသာရေးစာပေများ၊ ဂန္ထဝင်စာပေများ ရေးသားသော စာရေးဆရာ အယ်ဒီတာတစ်ယောက်ဖြစ်ပြီး ဇနီးသည် နင်းနုထွေးက ရသစာတမ်းစာစု၊ ကဗျာများ ရေးသားသော စာရေးဆရာမ တစ်ဦးဖြစ်သည်။ သူတို့ဇနီးမောင်နှံသည် စာပေအသိုင်းအဝိုင်းမှာ သတိ ပြုမိလောက်အောင် အတွဲညီသည်။ သူတို့နှစ်ဦး တစ်ယောက်တစ်ကွဲ အနေနဲ့တွေ့ရဖို့ ခဲယဉ်းသည်။ ဝသန္တ အလုပ်လုပ်သော မဂ္ဂဇင်းတိုက်မှာ ဝသန္တရှိနေသည့်အချိန်တိုင်း၊ ဆရာမ နင်းနုထွေးကို တွေ့မြင်နိုင်သည်။ ဝသန္တရုံးခန်းရှိ စာရေးဆရာများ၊ အယ်ဒီတာအဖွဲ့ဝင်များ၊ Marketing ဝန်ထမ်းများသာမက ရုံးသန့်ရှင်းရေးဝန်ထမ်းအထိ နင်းနုထွေးနှင့် မခင်မင် မရင်းနှီးသူဟူ၍ မရှိ။ နင်းနုထွေးက စာရေးတော်သလို စကားပြောလည်း ကောင်း၏။ စာဖတ်အားကောင်းသလို၊ စာမှတ်အားလည်းမြင့်သည်။ ထို့ကြောင့်ဝသန္တရုံးသည် နင်းနုထွေး၏ စာပေစကားဝိုင်းဟုပင် ကင်မွန်း တပ်ဂို့ရနိုင်သည်။ နင်းနုထွေးနှင့်စကားပြောဖူးသူတိုင်း ထမင်းမေ့၊ ဟင်းမေ့၊

www.burmeseclassic.com

www.burmeseclassic.com


အလုပ်မေ့လောက်သည်အထိ နှင်းနုထွေး၏ စာပေရေအလျင်မှာ မျောသွားရသည်။ ထိုမျှကသေး အိမ်ထောင်ရှင်မကောင်းပီပီ အိမ်ထောင်ထိန်းသိမ်းမှု ကောင်းခြင်း အချက်အပြုတ် လက်ရာမြောက်ခြင်းတို့ကြောင့် ရုံးသူရုံးသား အပေါင်းက ဝသန္တကို ပြောလေ့ပြောထ ရှိသောစကားတစ်ခွန်းရှိသည်။

"ဝသန္တရေ ... မင်းက မိန်းမတင်မကဘူး အမေပါရထားတာ" ဟူ၍ ဖြစ်သည်။

ထိုအခါမျိုးမှာ ဝသန္တ၏မျက်နှာသည် အချိုပေါ်သကာလောင်းကာ ချုပ်ထိန်းမရအောင် အပျော်အပြုံးတွေ လင်းလက်နေတတ်သည်။

သို့သော် သူတို့၏ အင်မတန်လှပလွန်းသော ဘဝလေးကို ရက်စက်ကြမ်းကြုတ်သော ကံကြမ္မာက သေခွဲခွဲပစ်လိုက်၏။ နှင်းနုထွေး တစ်ယောက် ရင်သားကင်ဆာဖြင့် သုံးလတာမျှ ဆေးကုသမှုခံယူအပြီး သူမချစ်သော စာပေ၊ သူမချစ်သော ခင်ပွန်းသည်ကိုစွန့်ကာ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားလေ၏။ သူမ သတင်းကို ကြားသိသူအပေါင်း စုတ်တသပ်သပ် ဝမ်းနည်းကြေကွဲကြ၏။ ဝသန္တ ဘဝကြီး သောကအမှောင်ဖုံးသွားသည်။ နေလို့လည်းမရ၊ စားလို့လည်းမဝင်၊ အလုပ်တွင်လည်း စိတ်မနစ်၊ အချစ်၏ နောက်ဆက်တွဲ အလွမ်းဏကြီးမှာ သည်းထန်၊ နက်ရှိုင်းသော ဘဝအမောက ကွက်တွေနှင့်အတူ အပူရုပ်မှာ ဟန်လုပ် ဖုံးကွယ်လို့ပင်မရတော့ပေ။ အိပ်ရာဝင်၊အိပ်ရာထတိုင်း လစ်ဟာနေသော အိပ်ရာတစ်ခြမ်းက သူ့ နှလုံးသားကိုထက်ခြမ်းလှီးထုတ်ထားသည့်အလား၊ ထမင်းစားပွဲလည်း တစ်ခြမ်း၊ ဈေးသွားဈေးပြန်လမ်းလည်းတစ်ခြမ်း၊ ရုံးတက်ရုံးဆင်းလည်းတစ်ခြမ်း၊ စာရေးစာဖတ်လျှင်တစ်ခြမ်း၊ လက်ဖက်ရည်ကော်ဖီလည်းတစ်ခြမ်း၊ အစုံ ပုလင်း၊ အမြည်းပန်းကန်လည်းတစ်ခြမ်း၊ အတွေးအကြံလည်းတစ်ခြမ်း။

www.burmeseclassic.com

www.burmeseclassic.com


တစ်ခြမ်း … တစ်ခြမ်း … တစ်ခြမ်းနဲ့ … သူဟာ ဘဝတစ်ခြမ်းပဲ့လူစစ်စစ်။

ရက်လည်ပြီးချိန်မှာ ချစ်ဇနီးအသံကို သူကြားယောင်နေရသည်။ ချစ်ဇနီး ရုပ်သွင်ကို သူမြင်ယောင်နေရသည်။ ချစ်ဇနီး အနစ်သက်ဆုံးနှင်းဆီနံ့ကို သူ မွှေးယောင်နေရသည်။ ချစ်ဇနီးအတွေ့ကို ထိယောင်နေရသည်။

"နှင်း … ကျွန်တော် နားမှာ အမြဲရှိနေတယ်ဗျ … "

ဟု ကြည်နူးရွှင်ပျစွာသူဆိုတော့ သူငယ်ချင်းအပေါင်းအသင်းတွေ ရင်နင့် ရသည်။

"စိတ်ထိန်းပါ ဝသန္တရယ် … "

ဆိုတော့ တစ်ခုခုကို လေးလေးနက်နက်စဉ်းစားပြီး …

"နှင်း … အမှန်တကယ်ရှိနေတာ ကျွန်တော်သက်သေပြနိုင်တယ်၊ ကျွန်တော့်အိမ်ကိုလိုက်ခဲ့ … ဆရာတို့ မကြောက်တတ်ဘူးဆိုရင်ပေါ့"

သူကိုယ်တိုင် စိတ်လိုလက်ရ ဖိတ်ခေါ်သောကြောင့် ရုံးမှ သူငယ်ချင်းတွေ သူ့အိမ်သို့လိုက်သွားကြသည်။ သောက်ဖော်သောက်ဖက် အယ်ဒီတာတွေဖြစ်၍ အိမ်ရောက်သည်နှင့် အရက်ဝိုင်းဖြင့် တည်ခင်းဧည့်ခံသည်။ ညနေစောင်းကတည်းက သောက်လိုက်သည်မှာ ညကိုးနာရီထိုးသည်အထိ ဝိုင်းကမပြီး အဖွဲ့သားအားလုံး နွတ်၊ လျှာသွက်လာရာမှ နွတ်လျှာတွေလေးလို့ပင်လာ၏။

"ဝသန္တ … မင်း အမျိုးသမီးအိမ်မှာရှိတယ်ဆို … ခုတော့ ဘယ်လို ဖြစ်တာလဲ၊ ငါတို့ကို ကြောက်လို့ အသံမပေးရဲတော့ဘူးထင်တယ်"

"မဟုတ်ဘူး ဆရာကြီးရဲ့ … သေတဲ့လူက သူ့ဟာသာသေပြီး အခုချိန် လောက်ဆိုရင် အမေရိကားလောက်ရောက်နေပြီ၊ ဝသန္တကသာ စိတ်စွဲပြီးမရှိတဲ့အသံ ကိုကြား၊ မရှိတဲ့ရုပ်ကို မြင်နေတာပါဗျာ … ကျွန်တော့် သူငယ်ချင်းကို စိတ်ရောဂါကု ဆရာဝန်တစ်ယောက်ယောက်နဲ့ ပြဖို့နေပြီဗျာ"

www.burmeseclassic.com

www.burmeseclassic.com


သူငယ်ချင်းအရင်းကြီးဖြစ်သော ဆရာမျိုးပြောသမျှကို ဆရာဩက ခပ်ပြုံးပြုံးနဲ့ ထောက်ခံ၏။ ဝသန္တကတော့ မပြုံးလည်းမပြုံး၊ မရယ်လည်း မရယ်ဘဲ နာရီကြည့်ကာ ...

"၁၀ နာရီထိုးပြီ၊ နှင်းအတွက် ကော်ဖီတိုက်ရမယ့်အချိန်ရောက်ပြီ၊ နှင်းက ကော်ဖီသိပ်ကြိုက်တာ"

ဟု ဆိုကာ ကော်ဖီတစ်ခွက်ထဖျော်ပြီး နှင်းနုတွေ၏ စာရေးစားပွဲပေါ်ရှိ နှင်းနုတွေ၏ ဓါတ်ပုံလေးရှေ့မှာ ချပေးလိုက်၏။ အနီးမှာ နှင်းနုတွေးသိပ်မြတ်နိုးသော နှင်းဆီပန်းအိုးလေးမှ မွှေးပျံ့သောအနံ့တွေတသင်းသင်း။

ဆရာမျိုးကတော့ သူ့သူငယ်ချင်းကိုကြည့်ကာ ခေါင်းတွင်တွင် ရမ်းနေ၏။

"နှင်းရေ ... မင်း မောင့်အနားမှာရှိနေတာ သူတို့တွေက မယုံတူးတဲ့ ကွာ ... နှင်း သူ့ကိုနှုတ်ဆက်လိုက်ပါဦးနော် ... "

ဟုပြောပြီး ဝသန္တ အရက်ပိုင်းပြန်ထိုင်၏။

"မင်းတို့ သေချာကြည့် ... ငါ့ရဲ့ နှင်းရောက်နေပြီ"

"ဘယ်မှာလဲ ... ငါတို့ မျက်စိတွေကပဲ ပါဝါကျနေလားကွာ၊ မတွေ့မိ ပါလား"

"နှင်း ကော်ဖီသောက်နေပြီ"

"မင်းမျက်စိနဲ့ကောမြင်ရလို့လား ... မဟုတ်တရုတ်တွေ လျှောက် တွေး လျှောက်ပြောမနေနဲ့ကွာ၊ သောက်တဲ့အရက်တွေ ပျောက်သွားဦးမယ်နော် ဝသန္တ"

ဆရာမျိုး စိတ်ပျက်လက်ပျက်ဖြစ်နေစဉ် ... အိပ်ခန်းတံခါးမှ အပြင်ထွက်လာသော ခြေသံတရှပ်ရှပ်ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာသြ ... ခေါင်းထောင်ကြည့်၏။

ဆရာမျိုးလည်း မျက်မှောင်ကုတ်သွား၏။

"နှင်းခြေသံကြားလား ကိုမျိုး"

ဝသန္တမေးခွန်းကို ဆရာမျိုး ဟပ်ခနဲ တစ်ချက်ရယ်ပြီး ...

"ဝသန္တရယ် ... ဘေးအိမ်က ခြေသံပါကွာ"

"ဪ ... မင်းမယုံသေးဘဲကိုး ... နှင်းရေ ... ကိုမျိုးယုံအောင် မင်းမလုပ်နိုင်ဘူးလား ... သူက မောင့်ကို ရူးနေပြီအောက်မေ့နေတာနှင်းရဲ့"

ထိုစဉ် ...

"ခွမ်း"

ခနဲ နှင်းဆီပန်းအိုးကျကွဲသွား၏။

မယုံဘူးဆိုသော ဆရာမျိုး ခေါင်းနပန်းတွေကြီးသွား၏။ သို့ပေမဲ့ လေသံမလျှော့ရုံမက ကော်ဖီခွက်ရှိရာသို့ ဝုန်းခနဲထသွားကာ ကော်ဖီခွက်ဆီ လက်လှမ်းလျှက် ...

"နှင်းနုထွေး ... ငါ့ကို ကော်ဖီတိုက်ဟာ ... နှင်လည်း သောက်လို့မရတဲ့အတူတူ ငါပဲသောက်လိုက်မယ် ..."

ဟုပြောလျက် ကော်ဖီခွက်လှမ်းမလိုက်၏။

ကော်ဖီခွက်က မကြွ။

ဆရာမျိုး မျက်စိမျက်နှာပျက်သွား၏။

"ဝသန္တ ... ကော် ... ကော် ... ဖီခွက် မလို့ မရတော့ဘူး"

ငိုသံပါကြီးနဲ့ ပြော၏။

ဆရာမျိုး ကြောက်အားလန့်အားကြီးစွာနဲ့ အရက်ဝိုင်းဆီပြန်လာစဉ် ...

www.burmeseclassic.com

www.burmeseclassic.com


နောက်မှ တစ်စုံတစ်ယောက်က တွန်းထိုးလိုက်သည့်အလား အရက်ဝိုင်း မှာ ဟပ်ထိုးလဲကျသွား၏။

"ငါ့ ... ငါ့ကို မလုပ်ပါနဲ့တော့နှင်း နှင်းနုထွေးရာ ငါယုံပါပြီ"

ပြောရင်းက အရက်ခွက်တစ်ခွက်ငှဲ့ကာ အလောတကြီးသောက်ရန် ပါးစပ်နားအကပ်၊ အရက်ခွက်ကိုတစ်ယောက်ယောက်က ပုတ်ချလိုက်သလို အရက်ခွက်လေး လွင့်စဉ်သွား၏။ ဆရာမျိုးမျက်နှာပေါ် အရက်တွေပေကျံ ရွှဲနစ်သွား၏။

ဆရာမျိုး ကုန်းရုန်းထလိုက်ပြီး အိမ်တံခါးဝဆီသို့ ထပြေး၏။ အိမ်တံခါး ချပ်ကြီး ဝုန်းခနဲပိတ်သွား၏။ ဆရာမျိုး ကြက်သေ,သေကာ တံခါးဆီပြူးပြူးကြီး ကြည့်ရင်းက နှင်း ... နု ... ထွေး ဟု လက်ညှိုးထိုးကာ အော်လျက် ပုံပျက်ပန်းပျက် လဲပြိုကျကာ သတိလစ်သွားခဲ့သည်။

ဝသန္တနှင့်ဆရာညိုတို့နှစ်ယောက် ဒရောသောပါးဖြင့် ဆရာမျိုးအား ဆေးခန်းပို့ကြရတော့သည်။ ဝိညာဉ်ကို မယုံသောဆရာမျိုးလည်း ထိုအချိန်မှ စ၍လုံးဝ ယုံကြည်သွားတော့သည်။

နောက်နှစ်ရက်လောက်ကြာတော့ သင်္ကြန်တွင်း ပိတ်ရက်သို့ ရောက်လာသည်။ ဝသန္တ သင်္ကန်းစည်းရန်အတွက် စိတ်ကူးထားသည့်အတိုင်း မော်ဘီကား စောင့်စဉ် ဖားယုံလေးတစ်ကောင် သူ့ရင်ဘက်သို့ခုန်တက်လာ၏။

"နှင်း ... မောင့်ရဲ့နှင်းဆိုရင် မောင့်လွယ်အိတ်ထဲခုန်ဝင်လိုက်ခဲ့"

ဟု ပြောသည်နှင့်တစ်ပြိုင်နက်တည်း ဖားယုံလေးက ဝသန္တ၏ လွယ်အိတ်ထဲ ဖျတ်ခနဲခုန်ဝင်သွား၏။ မော်ဘီသွားရာတစ်လမ်းလုံး ဖားယုံလေး လုံးဝခုန်ပုံထွက် မသွားပေ။ ကျောင်းရောက်၍ ဆံချ၊ သင်္ကန်းစည်းပြီးခဲ့ ဆရာတော်အား အကျိုးအကြောင်းပြောပြတော့၊ ဆရာတော်က "သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းတဲ့နေရာ သွားပို့ပေးလိုက် ကုသိုလ်ကောင်းမှုကို အမျှဝေလိုက်၏။

ဖားပျံလေးက မျက်လုံးလေးကလည်ကလည်နဲ့ ဝသန္တအား ခေတ္တမျှစူးစိုက်ကြည့်ပြီး အဝေးသို့ ပျံထွက်သွားလေ၏။

ဦးပဋ္ဌင်းတစ်ဖြစ်လဲ ဆရာဝသန္တတစ်ယောက် ပြုသမျှ ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှအတမ်းပေးဝေသောအခါ ...

သာဓု ...

သာဓု ...

သာဓု ...

ဟူသော နှင်းနှင်းထွေး၏အသံကို ဦးပဋ္ဌင်းပြတ်ပြတ်ထင်ထင် ကြားလိုက်ရ၏။

အနီးအပါး၌ လူသူတစ်ဦးတစ်ယောက်မျှမရှိ။

ဦးဝိမလ (ဆရာ ဝသန္တ)
မော်ဘီစာသင်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သောအခန်းများ


အခန်း ၁။ အလောင်းကပြန်လည်အသက်ဝင်လာခြင်း

အခန်း ၂။ အရေးပေါ်အခြေအနေ

အခန်း ၃။ လူတစ်ယောက်နှင့်လူသေကောင်

အခန်း ၄။ မုန်းကြလေသူနှစ်ဦး

အခန်း ၅။ သေသူ၏လက်

အခန်း ၆။ နှိပ်စက်တဲ့သရဲ

အခန်း ၇။ အငှားခန္ဓာကိုယ်

အခန်း ၈။ ကိုယ့်ချစ်သူ သူမှဟုတ်ရဲ့လား

အခန်း ၉။ ညှော်သည်

အခန်း ၁၀။ ကူညီမည့်သူ

အခန်း ၁၁။ ပြောင်းလဲခြင်းများနှင့်သူမ

အခန်း ၁၂။ နိုင်စေပိုင်စေရုပ်တု

အခန်း ၁၃။ လူဆိုလျှင်လူလိုသိတတ်ဖို့လိုသည်


www.burmeseclassic.com

www.burmeseclassic.com


အခန်း ၁၄။ ခန္ဓာတစ်ခုနှင့်စိတ်နှစ်ခု

အခန်း ၁၅။ ညစာစားသည့်ည

အခန်း ၁၆။ အစိမ်းစားသူ

အခန်း ၁၇။ နှောင့်ယှက်လာသူ

အခန်း ၁၈။ ဆရာနှင့်တပည့်

အခန်း ၁၉။ အမွေလာတောင်းသည့်တစ္ဆေ

အခန်း ၂၀။ ကျားနဲ့ဆင်လယ်ပြင်မှာတွေ့ကြရာဝယ်

အခန်း ၂၁။ မှော်ပြိုင်ပွဲ

အခန်း ၂၂။ သင်္ဂြိုဟ်သည့်နေ့

အခန်း ၂၃။ အဖြေမသိခဲ့သော ပဟေဠိ


www.burmeseclassic.com

www.burmeseclassic.com

## အလောင်းကပြန်လည်အသက်ဝင်လာခြင်း

ဘာကြောင့်မှန်းမသိ။ သူ ထိုညကတော်တော်နှင့် အိပ်ရာဝင်ချင်စိတ် မရှိသေးတာတော့အမှန်ပင်။ မိန်းမမှာသတင်းအပြီးလွှင့်ထုတ်သည့် ကိုရီးယား ဇာတ်လမ်းတွဲကိုကြည့်ရင်း တစ်ဝက်လောက်မှာပင် တဝါးဝါးသမ်းကာ TV ခလုတ်နှိပ်လျှက် အိပ်ခန်းထဲဝင်သွားတော့၏။

သူတို့လင်မယားလက်ထပ်ခဲ့သည်မှာ (၂)နှစ်တာကာလသို့ ရောက်လာသည့်တိုင် ကလေးမယူဖြစ်ကြသေး။ တခြားထွေထွေထူးထူးတော့ မရှိ။ ငယ်ရွယ်တုန်း အလုပ်လုပ်ချင်သေးသည်ဟူသောအကြောင်းပြချက်ပင်။ သူကလည်း သူမဆန္ဒကို ရေးကြီးခွင်ကျယ်ပြောမနေ။ နှစ်ယောက်စလုံး အလုပ်လုပ်မှသာ အသက်ရှုချောင်သည့်ခေတ်ကာလမို့ ကလေးလိုချင်သည့် ချဉ်ခြင်းလည်းမတပ်တော့။

နှစ်ယောက်ထဲရှိသော သူတို့အိမ်လေးတိတ်တိတ်ဆိတ်ဆိတ် ဖြစ်နေတာ (၂)ရက်ရှိပြီ။ ခါတိုင်းဆိုနှစ်ယောက်စလုံး အလုပ်မှပြန်လာသည့် ညနေပိုင်းမှစကာ "မောင်ရေ" "နီနီရေ" ဆိုသောဝေါဟာရတွေ ပိုင်လိုင်သုံး



www.burmeseclassic.com

www.burmeseclassic.com



ကာ သူမက ချက်ပြုတ်စရာရှိတာပြင်ဆင် သူကတတ်နိုင်တာလေးဝိုင်းကူ ပေးရင်း နွေးနွေးထွေးထွေးရှိနေကျ။ ရွှင်ရွှင်လန်းလန်းရှိနေကျ။ ရေမိုးချိုးအပြီး ထမင်းဝိုင်းလေးဖွဲ့တော့လည်းမျက်နှာချင်းဆိုင်။ သူစားကိုယ်စားနှင့်ဟင်း ကောင်းလေးတစ်ဖက်က ပန်းကန်နှစ်ခုထဲလွှန်ထိုးနေသည်။

ညပိုင်းအနားယူတော့ တစ်နေ့တာ တွေ့ကြုံခဲ့ရတာလေးတွေကို တစ်ယောက်နဲ့တစ်ယောက်ဖလှယ်ရင်း အချိန်တွေဆိုတာ ဘယ်လိုပင်ကုန်လိုက် မှန်းမသိ။ ဇာတ်လမ်းတွဲတွေကိုပင် ဟုတ်တိပတ်တိမကြည့်ဖြစ်။

မနေ့ကမနက်ခင်းမှာတော့ ဘာမဟုတ်တာလေးနှင့် လင်မယားနှစ် ယောက်စကားများကြသည်။ အိမ်နီးချင်းမေးလျှင်တောင် ဘယ်လိုဖြေရမှန်း မသိ။ ထို့နောက်စိတ်ကောက်ကာ စကားမပြောကြသည်မှာ သည်ညအထိပင်။ ပထမတော့သူပြန်ချော့ဖို့ စိတ်ကူးသေးသည်။ သို့သော် အချိန်တိုတိုအတွင်း လွယ်လွယ်ကူကူချော့လိုက်လျှင် အကျင့်ပါနေမည်ဆိုသောမာနကတင်းခံနေ သောကြောင့် ဖာသိဖာသာပင်နေလိုက်၏။

ယခုတော့ သူမကစောစီးစွာ အိပ်ရာဝင်သွားပေပြီ။ မနေ့ညက သူ ဧည့်ခန်းမှာပင်အိပ်လိုက်သည်။ ယခုညတော့ ဘူမိနတ်သန်နေရာမှန်သို့ ပြန်ရန် စိတ်ကူးထားသော်လည်း သူမ မအိပ်ပျော်သေးဘဲ အနားတွင် ဝင်မခွေချေ။ ထို့ကြောင့် နေ့လည်ကဝယ်လာပြီး မဖတ်ဖြစ်သေးသော ဂျာနယ် တစ်စောင်ကို ကောက်လှန်နေလိုက်၏။ ထိုဂျာနယ်က သတင်း၊ သုတနှင့် ထူးဆန်းထွေလာများကိုသာ အသားပေးဖော်ပြထားသည်။ တစ်နေရာတွင် ဖော်ပြထားသော သတင်းတစ်ပုဒ်ကြောင့် သူနည်းနည်းဖြုံသွားသည်။

"ဘတ်စ်ကားပေါ်၌ အမျိုးသမီးငယ်လေးများ၏ဆံပင်ကိုပုံဖျက်သူ"



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စုတွင် အမျိုးသားတစ်ဦးသည် ဘတ်စ်ကားပေါ်၌ သူ၏ရှေ့တွင်ထိုင်သော အမျိုးသမီးတစ်ဦး၏ဆံပင်ကိုတိတ်တဆိတ်ကတ်ကြေးဖြင့်ညှပ်ခဲ့သောကြောင့် တရားစွဲဆိုခံရပြီး သူသည်ယင်းဒေသတွင်ဖြစ်ပွားသော အလားတူပြစ်မှုပေါင်းများစွာကို ကျူးလွန်ခဲ့သူဖြစ်သည်ဟု Metro သတင်းဌာနကဖော်ပြသည်။

ထိုသူမှာ အသက်(၂၂) နှစ်အရွယ်ရှိ ဝယ်တာဆိုသူဖြစ်ပြီး ယင်းဒေသတွင် ဘတ်စ်စီး အမျိုးသမီးများစွာတို့၏ ဆံပင်များကိုခိုးညှပ်ခြင်း၊ ကော်နှင့်ကပ်ခြင်းတို့ကိုလည်း အကြိမ်ကြိမ်ပြုလုပ်ခဲ့ဖူးသူဟူ၍လည်း စွဲဆိုကြသည်။

"မနေနိုင် မထိုင်နိုင်တော်တော်လက်ကမြင်းတဲ့ကောင်ပဲ"

နောက်တစ်ပုဒ်ကိုဆက်ဖတ်ပြန်တော့ ...

"ရင်သားများကြီးလွန်းသောကြောင့် အလုပ်ထုတ်ခံရ ... "

အမေရိကန်ပြည်ထောင်စုမှ အလုပ်အမှုဆောင်အရာရှိအမျိုးသမီးတစ်ဦးသည် ရင်သားများကြီးလွန်းသောကြောင့် အလုပ်ထုတ်ခံခဲ့ရကြောင်း DM သတင်းဌာနက နိုဝင်ဘာလ (၁၂) ရက်နေ့တွင်ဖော်ပြခဲ့သည်။

အေမီအာရင်ဘာရိတ်ကလေ (၄၃) နှစ်သည် သူ၏အလုပ်ရှင်များအား လိင်ကိစ္စဆိုင်ရာခွဲခြားဆက်ဆံမှုဖြင့် တရားစွဲဆိုလိုက်ကြောင်းသိရ၏။ သူ၏ကြီးမားလှသောရင်သားများက အခြားဝန်ထမ်းများကိုအာရုံထွေပြားစေကာ အလုပ်အကိုင်ပျက်စေသည်ဟူသော အကြောင်းပြချက်နှင့် အလုပ်ရှင်များက သူမအား အလုပ်ထုတ်ခဲ့ခြင်းဖြစ်သည်။

သူမသည် ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့ရှိ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကုမ္ပဏီ၌ အလုပ်လုပ်သူဖြစ်ပြီး အစပထမတွင်လုပ်ငန်းရှင်



www.burmeseclassic.com

www.burmeseclassic.com



များက သူမ၏ရင်သားကိုဖုံးကွယ်ထားရန် ပွင့်ပွင့်လင်းလင်းပြောကြားခဲ့သည်ဟု ဆိုသည်။ ယင်းနောက် အကြီးတန်းအရာရှိများက အစည်းအဝေးခေါ်သည့်အခါ အမျိုးသားများသည် အစည်းအဝေးကိုအာရုံမစိုက်ဘဲ သူမ၏ရင်သားကိုသာ ကြည့်ကြည့်နေကြသည်ဟု စွပ်စွဲခဲ့သည်။ ဘရိတ်ကလေကအလွန်ကျော်ကြား သည့်ရှေ့နေတစ်ဦးကိုငှားကာ လျော်ကြေးတောင်းဆိုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သတင်းနှင့်အတူ ပူးတွဲပုံပါသော်လည်း ကုတ်အင်္ကျီဝတ်ဆင်ထားသောကြောင့် သာမန်ပုံတစ်ပုံနှင့်မခြားပေ။

"သူ့ဟာသူဖြစ်နေတာပဲ ဖြတ်ပစ်လိုက်ရမှာလား၊ လွန်လွန်းတယ် လျော်ကြေးငွေများများရပါစေဗျာ"

မဆီမဆိုင်ကြိတ်၍ ဆုတောင်းပေးလိုက်သေးသည်။ သို့နှင့်ဟိုသတင်း သည်သတင်းဆက်ဖတ်ရာမှ တစ်နေရာအရောက်တွင် ထူးခြားသောသတင်းတစ် ပုဒ်ကိုဖတ်လိုက်ရသည်။

"ကမ္ဘာ့ပထမဦးဆုံး ဘီယာအကြွပ်ကြော်ရပြီ"

အမေရိကန်နိုင်ငံ တက္ကဆတ်ပြည်နယ်မှစားဖိုမှူးတစ်ဦးက ကမ္ဘာ့ပထမဦးဆုံး ဘီယာအကြွပ်ကြော်ကိုပြုလုပ်လိုက်သည်။ အဆိုပါဘီယာအကြွပ်ကြော်ကို ဆားခါတ်အနည်းငယ်ကဲထားသော အိတ်သဏ္ဍာန်ဆီကြော်မုန့်နှစ်ထဲသို့ ဘီယာထည့်ကာ အပူချိန် ၃၇၅ ဒီဂရီရှိ ဆီပူပူတွင် ဘီယာတွင်ပါဝင်သော ယမကာအရသာ မပျက်စေဘဲ စက္ကန့် ၂၀ကြာကြော်ကာ ပြုလုပ်ထားခြင်းဖြစ်သည်။ သူ ... ဘီယာအေးအေးလေးကိုသာ သောက်ချင်သော်လည်း ထိုသို့ အကြွပ်ကြော်မျိုးကိုတော့ မစားချင်ပါ။

"ကြံကြံဖန်ဖန်ကို လုပ်စားတဲ့လူတွေ"



www.burmeseclassic.com

www.burmeseclassic.com



နောက်သတင်းတစ်ပုဒ်ကတော့ သူ့ကိုအတန်ငယ်စိတ်ဝင်စားစေခဲ့ပါသည်။ ယင်းမှာ ...

သေဆုံးပြီဟုဆိုကာ အလောင်းကို ခွဲစိတ်စစ်ဆေးစဉ် ပြန်သတိရလာ–



ဗြိတိန်နိုင်ငံဂျက်ပါအရှေ့ပိုင်းတွင် ဒီဇင်ဘာလ ၂၅ ရက်နေ့က မန်နာဒီယို(၄၄)နှစ်သည် ကားတိုက်ခံရပြီး ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့သည်။ ဆရာဝန်များက သူ့အား သွေးခုန်နှုန်းစမ်း၍ မရတော့သည့်အခါ သေစာရင်းကို လက်မှတ်ထိုးကာ ထုတ်ပြန်ပေးခဲ့သည်။ သို့သော် မှုခင်းစစ်ဆေးရေးအဖွဲ့က သူ့အား ခွဲစိတ်စစ်ဆေးမှု ပြုနေစဉ် ပြန်၍ သတိလည်လာခဲ့သည်ဟုဆို၏။ ရဲအဖွဲ့မှ ပြောရေး ဆိုခွင့်ရှိသူက "သူ ပြန်သတိရလာတော့ ဆေးရုံဝန်ထမ်းတွေရော သူ့မိသားစုဝင်တွေရော အရမ်းကို အံ့အားသင့်သွားကြတယ်"ဟု ဆို၏။ ယခုအခါ မန်နာဒီယိုသည် ကောင်းစွာကျန်းမာနေပြီဟု ဆို၏။

**(Metro, 8.1.10)NYM**

သူကတစ်ချက်ပြုံးလျက် ...

"သရဲဆိုပြီးထွက်ပြေးကြတဲ့သူတွေတောင်ရှိမှာ"

ထိုအခိုက်သူ့မျက်လုံးတွေ လေးလံလာသောကြောင့် ခါးကြောတစ်ချက်ဆန့်လိုက်သည်။ ခုလောက်ဆို သူ့မိန်းမ အိပ်ပျော်နေလောက်ပြီဟု၍လည်း တွေးမိသည်။ သို့သော် သိပ်တော့မသေချာနိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com

## အရေးပေါ် အခြေအနေ

ကောင်းမြတ်တို့၏အိပ်ခန်းလေးထဲတွင် အဝါရောင်မီးသီးလေးကို ထွန်းထားသည်။ ဝပ်အားသိပ်မရှိသောကြောင့် လင်းလင်းချင်းချင်းတော့ မဟုတ်။ သူ့အကျင့်ကယောက်ျားလေးဖြစ်ပါလျက် ညဘက်မှောင်နေလျှင် မအိပ်တတ်။ ကြောက်၍ဆိုခြင်းထက် ငယ်ငယ်လေးထဲက အကျင့်မို့ ခုထိ ဖျောက်လို့မရနိုင်။

သူ့အမျိုးသမီးနီနီလင်းမှာ သူနှင့်ဆန့်ကျင်ဘက်။ မှောင်နေမှ အိပ်တတ်သူ။ သို့သော်သူနှင့်ညားပြီးသည့်နောက်ပိုင်း ယောကျ်ားအလိုကို လိုက်လျောကာ အကျင့်ရသွားသူသာဖြစ်သည်။

ခုတင်ပေါ်မှမိန်းမကို သူတစ်ချက်ကြည့်လိုက်သည်။ သူ့ဘက်ကို ကျောပေး၍နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေပုံရသည်။ ယခုအချိန်တွင်တော့ မုန်းတီးမှု၊ အာဃာတထားမှု၊ မနာလိုဝန်တိုမှုနှင့်အတူ ချစ်ခြင်းမုန်းခြင်းတို့ တစ်စွန်းတစ်စမှ မပြသနိုင်တော့သည့်အချိန်။ သို့သော်အိပ်မက်တွေကတော့



www.burmeseclassic.com

www.burmeseclassic.com



မက်ချင်မက်နေပေလိမ့်မည်။ သည်လိုညမျိုးတွင် သူ့ရင်ခွင်ထဲသို့ခေါင်းထိုးဝင်ကာ သာယာကြည်နူး စရာစကားတွေကတော့ ပြောနေလိမ့်မည်မဟုတ်။ သူ့ကိုကတ်ကတ်လန်အောင် ရန်တွေ့ချင်တွေ့နေလိမ့်မည်။ အဖြစ်နိုင်ဆုံးက ပဋိပက္ခအိပ်မက်တွေသာ ဖြစ်နိုင်သည်။

သူကသူမအနားတွင် အသာအယာလှဲချလိုက်သည်။ သူမဆံပင်ဆီမှ အမွှေးနံ့သာတစ်မျိုး သူနားခေါင်းနားသို့ဝေ့ဝဲလာသည်။ သူမသည်ကနေ့ခေါင်းလျှော်ထားသည်ကိုပြေး၍ သတိရလိုက်၏။ သူမမှာတစ်ပတ်လျှင် အနည်းဆုံး (၃)ကြိမ်လောက်တော့ခေါင်းလျှော်နေကျ။

"အဟွတ် ... အဟွတ် ... အဟွတ်"

ချောင်းဆိုးသံကြားက ပက်လက်အနေအထား လူးလွန့်လာသည်။ ပြောမည်ပြောရသည် နီနီလင်းမှာ ကျန်းမာရေးကင်းကင်းစင်စင်ကောင်းသူ မဟုတ်။ နှလုံးသွေးပေါက်ကျဉ်းသော ရောဂါရှိသူ။ မကြာခဏဆိုသလို အမောဖောက်တတ်သူ။ ဆေးရုံသို့ သုံးလေးကြိမ်လောက်တက်ရောက်ကုသခဲ့ရသူ။ ထို့ကြောင့်သူစိတ်ဆင်းရဲအောင်လည်း သိပ်မလုပ်ရဲ။ တော်ကြာနေကိုယ်ကြောင့် တစ်စုံတစ်ရာဖြစ်သွားခဲ့လျှင် ရင်ကျိုးရမည်။

"နီနီပြောတဲ့အိမ် ... ဒီအိမ်ပဲမောင်"

သူတို့လက်မထပ်ခင်က အဖြစ်အပျက်လေးဆီ သူအတွေးရောက်သွားခြင်းဖြစ်သည်။ နှစ်ဖက်စလုံးက ချမ်းသာကြွယ်ဝသူများ မဟုတ်သော်လည်း အသင့်အတင့်စားနိုင်သောက်နိုင်တော့ရှိသည်။ နီနီလင်းက ကျေးရွာလေးတစ်ရွာမှ သူတို့နေသောမြို့ငယ်လေးဆီ အလုပ်လာလုပ်ခြင်းဖြစ်သည်။ မြို့ငယ်လေးကသူ၏ဇာတိချက်မြုပ်။ သို့ဖြစ်၍သူနှင့်တွေ့ဆုံကာ ချစ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားခြင်းဖြစ်သည်။ အလုပ်ဌာနတွေကတူသည်မဟုတ်။ တစ်ယောက် တစ်နေရာစီ။

သူတို့နေထိုင်ရာနယ်မြို့လေးမှာ တောင်တန်းများ၏အလယ်တွင် စနစ်တကျတည်ဆောက်ထားသောမြို့ကလေး။ နံနက်မိုးလင်းသည်နှင့် တောင်တန်းတွေကြားမှ ပြူထွက်လာသည့် နေလုံး၏အလှကို အရသာခံနိုင်သလို အနီမှအမြင့် မညီမညာသောတောင်ကုန်းတွေပေါ်မှ တိုက်အိမ်လေးတွေကိုလည်းတွေ့မြင်နိုင်ပါသည်။

သူတို့လက်ထပ်မည်ပြုတော့ နှစ်ဖက်မိဘတွေက သဘောတူကြည်ဖြူစွာပင်ခွင့်ပြုပါသည်။ သူ့တွင်အဖေသာရှိသော်လည်း အမေမရှိတော့။ တက္ကသိုလ်တက်နေသော ညီမလေးတစ်ယောက်တော့ရှိသည်။ ညီမလေးက အစ်ကိုတစ်ယောက်အပေါ် ချစ်သည့်စိတ်ကအားကြီးခဲ့သည်မို့ နီနီလင်းကို အချစ်တွေလုယူသွားသူဟု သတ်မှတ်လျှက်အမြင်မကြည်လင်။ လက်ထပ်မည့် အရေးတွင် မကြာခဏဆန့်ကျင်တော်လှန်ခဲ့သူ။ ဘယ်လိုပင် ဖျောင်းဖျသော်လည်း မအောင်မြင်ခဲ့ချေ။ နီနီလင်းနှင့်မျက်နှာချင်းဆိုင်တွေ့တိုင်း ရှိုင်းရှိုင်းပျပျဆက်ဆံကာ ရှောင်ထွက်သွားသည်ချည်း။ ထို့ကြောင့် သူမက ကောင်းမြတ်အိမ်တွင်လိုက်မနေချင်။

အိမ်ရှာရန်ကိစ္စဖြစ်လာသောအခါ သူမက အသိတစ်ယောက်၏ လူမနေ သောအိမ်တစ်အိမ်ကိုရှာတွေ့လာခဲ့သည်။ အိမ်ရှင်မှာနိုင်ငံခြားသို့ ရောက်နေပြီး အိမ်ရှင်၏တူမှာအလုပ်ကိစ္စနှင့်နယ်ပြောင်းမှာမို့ ထိုအိမ်တွင် ကြိုက်သလောက်နေ နိုင်ခွင့်ပြုခဲ့ခြင်းဖြစ်၏။ အိမ်လစာပေးရန်မလို။ အိမ်အတွင်း ပရိဘောဂ အပြည့်အစုံ အဆင်သင့်။ ထိုအိမ်သို့ နီနီလင်းလိုက်ကြည့်ခဲ့ပြီး

www.burmeseclassic.com



ကောင်းမြတ်ကိုခေါ်လာခဲ့ခြင်းဖြစ်သည်။ အိမ်နှင့်ခြံမှာ မြို့စွန်တွင်ရှိပြီး အနီး တစ်ဝိုက်တွင် လူနေအိမ်မရှိဘဲ စိုက်ပျိုးရေးခြံတွေသာရှိသည်။

"မင်းအိမ်ကြီးက ဘယ်လိုအိမ်ကြီးလဲ နီနီ"

အိမ်ကိုတွေ့တွေ့ချင်း ကောင်းမြတ်ဘဝင်မကျဖြစ်သွားသည်။ အိမ်ကြီးက ရေနံ့ဝနေသောရှေးခေတ်ပုံစံ သစ်သားအိမ်ကြီး။ နှစ်ကာလကြာပြီ ဖြစ်သောကြောင့် အပေါ်ထပ်လသာဆောင်၏ လက်ရမ်းတချို့မရှိတော့။

"ဘာလို့လဲ မောင်ရဲ့"

"မင်းအိမ်က ရုပ်ရှင်တွေထဲကလို သရဲခြောက်တဲ့အိမ်ကြီးနဲ့တူနေ သလိုပဲ"

သူမက ဟက်ခနဲတစ်ချက်ရယ်လိုက်ကာ ...

"မောင်ဟာလေ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ"

"မဆိုင်မပါဘူး"

"နီနီကတော့ အဲဒီကိစ္စတွေဘာတစ်ခုမှ အယုံအကြည်မရှိပါဘူး"

"မောင် ဒီမြို့မှာမွေးလာတာ ဒီနေရာကိုတစ်ခေါက်မှမရောက်ဖူးဘူး မင်းမို့ပေါက်ပေါက်ရှာရှာတွေ့တယ်"

"ကိုကျော်မင်းကြီးဆိုတာ ရုံးမှာနီနီနဲ့မောင်နှမလိုခင်နေတာ သူတို့ မိသားစုဒီမှာနေတာကြာပြီ၊ အခုအလုပ်ကိစ္စနဲ့နယ်ပြောင်းရမှာမို့လို့ နီနီ့ကိုစိတ်ချ လက်ချသော့အပ်ခဲ့တာ၊ လာပါ မောင်ရယ် အထဲဝင်ကြည့်ရအောင်ပါ"

နီနီလင်းက ခြံတံခါးကိုဖွင့်လျက် သူ့ကိုလက်ဆွဲကာခေါ်သည်။ ခြံထဲ တွင်မြက်ရိုင်းတွေရှိမနေ။ ပန်းချုံတွေရှိမနေ၊ အလှပန်းပင်တွေပင် သူ့နေရာနှင့် သူ စိုက်ထားလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာက မြို့ထဲနဲ့လည်းအလှမ်းဝေးတယ်"

"ချေးမများစမ်းပါနဲ့မောင်ရယ်၊ စက်ဘီးတစ်ယောက်တစ်စီးရှိနေတာပဲ ဘာအရေးလဲ၊ မြို့ထဲဆိုအိမ်ငှားခကနည်းတာမဟုတ်ဘူး"

သူတို့အိမ်တံခါးသော့ကိုဖွင့်ကာ ဝင်လာခဲ့ကြသည်။ စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ ရှူကေ့စသဖြင့် ပရိဘောဂ စုံစုံလင်လင်ရှိသလို မကြာသေးခင်ကမှ လူနေခဲ့သည်မို့ ဖုန်အလိပ်လိပ်တက်မနေပါ။

"ဟောဒီမှာ TV အဆင်သင့်၊ ဖုန်းလည်းအဆင်သင့် ကဲပြော ဘာလိုသေးလို့လဲ"

သူမပြောတာလည်းဟုတ်သည်။ သူတို့အနေနှင့်ဆိုလျှင် ဒီလိုပြည့်ပြည့်စုံစုံနေနိုင်ဖို့မဖြစ်နိုင်သေး။ ကာလတစ်ခုကြာ စုရဆောင်းရဦးမည်။ နောက်ဆုံး နီနီလင်း၏ဆန္ဒကို လိုက်လျောရလေ၏။

သူတို့လက်ထပ်ပြီး ပြောင်းလာကြသည့်အခါ အိမ်ကြီးနှင့်ပတ်သက်၍ မည်သည့်ထူးခြားဖြစ်စဉ်မျှ မဖြစ်ပွားခဲ့သလို မည်သည့်တစ္ဆေသရဲကိုမျှ မတွေ့ခဲ့ရပါချေ။ သို့ဖြင့် (၂) နှစ်တာကာလကို ဖြတ်ကျော်လာခဲ့ပေပြီ။

"အင်း ... အင်း ... အင်း"

အနားမှာ ဖနီးသည်၏ညည်းညူသံကြောင့် သူစောင်းငဲ့ကြည့်လိုက်သည်။ သူမယောင်နေတာလား။ တခြားနေ့မျိုးဆိုလျှင် သူလှုပ်နှိုးကာ ကြင်ကြင်နာနာမေးပေဦးမည်။ ယခုတော့ အတွေ့တွေက အရှိန်မကုန်သေးသည်မို့ သူတစ်ဘက်သို့စောင်းလိုက်သည်။

သည်ကနေ့လကွယ်ညမို့ အပြင်တွင်အမှောင်ထုကြီးစိုးနေပေလိမ့်မည်။ သည်လိုညမျိုးတွင် ပြတင်းပေါက်မှအပြင်သို့လှမ်းမျှော်ကြည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝေးဝေး လှုနေအိမ်များဆီမှ မီးရောင်တချို့ကို လှမ်းမြင်နိုင်ပါသည်။ သို့သော် ခြံဝင်းတွင်းရှိသစ်ပင်ကြီးများ၏ ကာရံထားမှုကြောင့် မြင်ကွင်းကျယ်ကိုတော့ မမြင်နိုင်ပါချေ။

"အူး ဝူး ဝူး ... အု ဝူး ဝူး"

ခွေးတစ်ကောင်၏ အူသံသဲ့သဲ့ကိုကြားလိုက်ရ၏။ အရင်က သည်လို အူသံမျိုးသူမကြားခဲ့။ အမှုမဲ့ အမှတ်မဲ့ရှိခဲ့တာလည်း ဖြစ်ချင်ဖြစ်နိုင်သည်။ ခြံစောင့်တဲ့တွေက ခွေးတွေလည်း ဖြစ်ချင်ဖြစ်နိုင်သည်။

"အူး ဝူး ဝူး ... အူး ဝူး ဝူး ... အူး ဝူး ဝူး"

ခွေးအူသံက ရပ်မသွား။ ပိုလို့ပင် ဆူညံလာသည်။ ခွေးအူသံသည် နိမိတ်ကောင်းသော အချင်းအရာတော့မဟုတ်နိုင်။

ယင်းအခိုက် ...

"အင်း ... အင်း ... အင်း ... အင်း"

အိပ်နေသောမိန်းမ လူးလူးလိမ့်လိမ့်ဖြစ်လာသည်။ သည်တစ်ခါ ယောင်နေသည်တော့မဟုတ်။ တစ်ခုခုဖြစ်၍သာ ထိုကဲ့သို့ ကြမ်းကြမ်းရမ်းရမ်း လှုပ်ခတ်လာခြင်းဖြစ်သည်။ ထို့ကြောင့် သူ မနေသာတော့ပေ။

"အင်း ... အင်း ... အင်း"

အသက်ရှူသံတွေပိုမြန်လာသလို ရင်ဘတ်တစ်ခုလုံးမှာလည်း အားဖိုကြီးကို ခပ်သွက်သွက် ဆွဲနေသလို ဖောင်းလိုက်ပိန်လိုက်။

"နီနီ ... နီနီ ... မင်း ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

သူ ချက်ချင်းငုတ်တုတ်ထထိုင်ကာ နီနီလင်းကိုပွေ့ထူလိုက်သည်။ သူမမှာ မျက်လုံးကိုကျစ်ကျစ်ပါအောင် မှိတ်လျှက်။ လက်တွေကလည်း နီးစပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မွေ့ရာခင်းတွေကို ယောင်ဖယ်းဆုပ်ဆွဲကာ အသက်ကိုလုရှူနေရသည်။

"နီနီ ... နီနီ"

သူ့အသံတွေတုန်ယင်နေလေပြီ။ ဘာမှတုန့်ပြန်မှုကိုမရသော နီနီမှာ နာခေါင်းထဲမှနာရည်တွေထွက်ကျလာသည်။ ပါးစပ်ကိုခပ်ဟဟပြဲကာ အသက်ကို ကြိုးစားပမ်းစားရှူနေရ၏။

"နီနီ ... နီနီ"

သူ့မနုလုံးရောဂါဖောက်လာတာ သေချာသွားပေပြီ။ သူဘာလုပ်ရမလဲ။ ခုလိုညကြီးအချိန်မတော် ဆေးရုံသွားဖို့ဆိုသည်မှာလည်း ကိုယ်ပိုင်ကားကမရှိ။ ပူထူနေသည်မို့ ဘာမျှကိုစဉ်းစားလို့မရ။ ယင်းအခိုက် ခေါင်းထဲ သို့နာမည်တစ်ခုဝင်လာသည်။ သူက ဒေါက်တာမာန်ထက်။ နှစ်ယောက်စလုံး နှင့်ရင်းနှီးသော ဆရာဝန်။ ကိုယ်ပိုင်ကားရှိသည်။ ဖုန်းဆက်အကြောင်းကြား လျှင် အကူအညီ ပေးနိုင်ကောင်းဆိုသောအတွေး ဝင်လာသည်နှင့် သူဖုန်းဆီသို့ တန်းပြေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## လူတစ်ယောက်နှင့်လူသေကောင်

ဒေါက်တာမာန်ထက်က ခုတင်ပေါ်တွင်ငြိမ်သက်နေသော နီနီလင်း၏ မျက်ခွံတွေကိုဆွဲလှန်ကာ အသေးစားလက်နှိပ်ဓာတ်မီးလေးဖြင့် စေ့စေ့စပ်စပ် ထိုးကြည့်သည်။

"ကျွန်တော့်မိန်းမကို အတတ်နိုင်ဆုံးကယ်ပါဆရာရယ်၊ ကယ်ပါ၊ ကျွန်တော် ဆရာကျေးဇူးကိုတစ်သက်မမေ့ပါဘူး"

သူကသာ တတွတ်တွတ်ပြောနေသော်လည်း ဒေါက်တာမာန်ထက်မှာမူ သူ့ကိုဂရုမစိုက်အားဘဲ သူ့အလုပ်ကိုသာဆက်လုပ်နေသည်။ လက်ကောက် ဝတ်မှ သွေးခုန်နှုန်းကိုစမ်းသည်။ နားကျပ်ကိုထုတ်ကာ နှလုံးရှိသည့်နေရာကို သေသေချာချာစမ်းသည်။

ဆရာဝန်လုပ်သမျှကိုကြည့်လျှက် သူ့နဖူးပြင်တွင် ချွေးစေးတို့ အိုင်ထွန်းနေပြီ။ နှလုံးမခုန်တော့ဘူးလား။ ထိုသို့ဆိုလျှင် သူ့ရင်ဘတ်ကို ခပ်ကြမ်းကြမ်းလေးဖိကာ နှလုံးပြန်နှိုးရန်အဆင်သင့်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်၏အဖြေကဘာလဲ။

သူ ရင်တထိတ်ထိတ်နှင့်စောင့်စားနေခဲ့သည်။

သူ့ရင်တွေလောင်မြိုက်နေလေပြီ။ အပူလှိုင်းတွေက သူ့အနားတွင် တရိပ်ရိပ်ဖြတ်သန်းနေသလို။

ဒေါက်တာမာန်ထက်မှာ သူ၏နားကျပ်ကိုလေးလေးပင်ပင် သိမ်းလိုက်ပြီး ဖြည်းညင်းစွာခေါင်းကိုခါရမ်းလိုက်၏။

"ဆရာ ... အဲဒါဘာကိုပြောတာလဲဟင်၊ ကျွန်တော်မရှင်းဘူး"

"ခင်ဗျား မိန်းမအသက်မရှိတော့ဘူး"

"ခင်ဗျာ"

သူ့ခေါင်းထဲမိုက်ခနဲဖြစ်သွားသည်။ နားကြားလွဲတာများလား။

"သူတကယ်သေပြီလို့ပြောတာများလားဆရာ"

"ဟုတ်ပါတယ်"

သူ့ဒူးတွေမခိုင်ချင်တော့။ ထို့ကြောင့် ခုတင်ဘေးတွင်ထိုင်ချလိုက်သည်။ အဖြစ်အပျက် အဲသည်လောက်မြန်ဆန်သတဲ့လား။ သေခြင်းတရားက သည် လောက်ပဋ္ဌလက်ဆန်သတဲ့လား။ ရုံးကပြန်လာတုန်းကအကောင်း။ ခေါင်းလျှော် တော့လည်းအကောင်း။ ထမင်းစားတုန်းကလည်းအကောင်း။ TV ကြည့်နေတုန်း ကလည်းအကောင်း သည်လိုအကောင်းတွေကြားထဲကိုမှ သေမင်းက အခုလို လုလုပပလက်ဆွဲခေါ်သွားရသလား။

"ကျွန်တော် ဆေးရုံပို့ချင်သေးတယ်ဆရာ"

ဆရာဝန်က သူ့ကိုဖျတ်ခနဲလှမ်းကြည့်သည်။ မျက်လုံးထဲ၌တော့ ဒေါသရိပ်လေးသမ်းနေတာတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ... ကျွန်တော့်သိက္ခာကိုစော်ကားတာလား"

"အား ... ဒီလိုမဟုတ်ပါဘူးဆရာ၊ မဟုတ်ပါဘူး"

သူက ပျာပျာသလဲတောင်းပန်လိုက်သည်။ ဇောအဟုန်ကြောင့်သာ ပြောမိသော်လည်း အမှန်စင်စစ် သူ့စိတ်တွင် လက်ခံသလိုလိုတော့ရှိနေပါပြီ။ ဆရာဝန်မှာ ပညာတတ်ပီပီ မကျေနပ်မှုကိုမျိုသိပ်လျက် ကောင်းကောင်းမွန်မွန် ပင် ဆက်ဆံကာ မကြာမီပင်ပြန်သွားလေ၏။

ယခုတော့ ထိုအိမ်ကြီးတွင်လူတစ်ယောက်နှင့်အလောင်းတစ်လောင်း သာကျန်ရစ်ခဲ့တော့၏။ သူ ချစ်ဇနီးသည်၏ပါးကလေးတွေ နဖူးလေးတွေ နှုတ်ခမ်းတွေကို တို့တို့တိတိလိုက်စမ်းမိ၏။

"မောင်တို့အဖြစ်က ဘယ်လောက်ရင်နာစရာကောင်းလိုက်သလဲနီနီ ရယ်၊ တစ်ယောက်နဲ့တစ်ယောက် ခေါ်ခေါ်ပြောပြောလေးမရှိခင်မှာပဲ လမ်းခွဲ လိုက်ရတဲ့အဖြစ်၊ အစကသာသိရင် မောင် နီနီ့ကိုချော့မှာပေါ့၊ နီနီကျေနပ် အောင် မောင် တောင်းပန်မှာပေါ့ ... အခုတော့ ... "

သူက အရူးတစ်ယောက်လို ရေရွတ်မြည်တမ်းရင်း နင့်နင့် သည်းသည်းကိုကြေကွဲနေသည်။ ခုတော့ နောင်တ,တရားတို့သည်လည်း အချည်းအနှီးပင် ဖြစ်လေပြီ။

သူနာရီကိုလှမ်းကြည့်တော့ (၁)နာရီပင်ရှိပါသေး၏။ မိုးလင်းရန် အချိန်တော်တော်စောင့်ရဦးမည်။ အဖေ့ဆီဖုန်းဆက်ရန်မှာလည်း အိမ်တွင် ဖုန်းမရှိသောကြောင့် ဆက်သွယ်ရန်မဖြစ်။ သူတို့နယ်မြို့လေးတွင်အအေးခန်း မရှိ၊ မီးသတ္တိုဟ်စက်မရှိသောကြောင့် နေအိမ်တွင်ထားကာ မြေမြှုပ်သင်္ဂြိုဟ်ရန် သာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အခန်းထောင့်တစ်နေရာတွင် ကျောမှီထိုင်ချကာ မလှမ်းမကမ်းမှ အလောင်းကို မမှိတ်မသုန်ငေးမောကြည့်ရှုနေမိ၏။ သူဖတ်ခဲ့ဖူးသောစာများတွင် လူတစ်ယောက်သေဆုံးသွားပါက သူ၏ဝိညာဉ်သည်အနားတွင်ပင် ရှိနေတတ်သည်ဆိုသောကြောင့် ...

"နီနီ မင်းငါ့အနားမှာရှိနေပြီလား"

ထိုအတွေးကြောင့် သူကြောက်သလိုလိုဖြစ်လာခဲ့သည်။ အနားတွင် ဝေ့ဝဲနေမည့် ဝိညာဉ်ကိုလည်း စိတ်ကူးဖြင့်မြင်ကြည့်နေမိ၏။

သူ့မျက်လုံးတွေက ဘာစ်ခန်းလုံးကို ကျိုးကန်းတောင်းမှောက်လျှောက်ကြည့်သည်။ ဘယ်နေရာလေးက ချိုးချိုးချွတ်ချွတ်မြည်လေမလဲ။ ဘယ်နေရာလေးက ရှိုးတိုးရိုတ်တိတ် ကိုယ်ထင်ပြလေမလဲ။ မသေဆုံးခင်ကတည်းက သူ့ကို မုန်းသည့်စိတ်သည် တမလွန်ထိပါသွားလေမလား။ အတွေးတွေက တဖြည်းဖြည်း ကျယ်ပြန့်လာကာ ကြက်သီးတွေပင်ထလာတော့၏။

"နီနီ ... မင်း ငါ့ကိုတော့ခြောက်မှာမဟုတ်ပါဘူးနော်၊ ငါကြောက်တတ်တာလည်း မင်းအသိဆုံးပါ"

ထိုအခိုက် ...

"အူး ဝူး ဝူး ... အူး ဝူး ဝူး"

ခွေးအူသံတွေပြန်ကြားရပြန်သည်။ သည်တစ်ကြိမ်တော့ တစ်ကောင်တည်းမဟုတ်။ သုံးလေးကောင် စုပြုံအူကြသည့်အသံ။ စိတ်မချမ်းမသာဖြစ်ရသည်က ပြောဖွယ်ရာမရှိ။ အချိန်ကလည်း ညသန်းခေါင်းယံ။ ပြီးတော့ အခန်းတစ်ခန်းထဲတွင် လူတစ်ယောက်နှင့်အလောင်းတစ်လောင်း။ နောက်ပြီး ... ကျက်သရေမင်္ဂလာမရှိသည့် ခွေးအူသံတွေ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များ စိတ်ချောက်ချားစေပါသလဲ။

"အူး ဝူး ဝူး ... အူး ဝူး ဝူး ... အူး ဝူး ဝူး"

"အူး ဝူး ဝူး ... အူး ဝူး ဝူး ... အူး ဝူး ဝူး"

"ဒါ သရဲကိုမြင်လို့အူတာလား"

သူတောင်တွေးမြောက်တွေးတွေးရင်း ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်တွင် ဖြူဖြူအရိပ်တစ်ခု ဖျတ်ခနဲဖြစ်သွားတာတွေ့လိုက်ရ၏။

"ဟင် ... ဒါဘာလဲ"

စိတ်ထဲအလိုလိုထင့်သွားကာ စိတ်ကိုအားတင်းလျက် ယိုင်ခွေသောခြေလှမ်းများဖြင့် ပြတင်းပေါက်ဆီသို့သွားကြည့်သည်။ ဘာမျှမရှိ။

"အင်း ... အင်း ... အင်း"

ညည်းညူသံတစ်ခုကထွက်ပေါ်လာပြန်သည်။ သူလန့်ဖျတ်ကာ အလောင်းဆီသို့လှမ်းကြည့်သည်။ အလောင်းဆီကလည်း မဟုတ်ပြန်ပါ။

"သူသေခါနီးတုန်းက အသံတွေ နားထဲစွဲနေလို့လား"

မည်သို့ပင်ဖြစ်စေ သူသည်အခန်းတွင် မနေဝံ့တော့ပါ။ ဧည့်ခန်းတွင်သွားနေမည်ဟုဆုံးဖြတ်ကာ အခန်းတံခါးကိုဖွင့်သည်။ ဂျက်မထိုးထားသော်လည်း အခန်းတံခါးကဖွင့်မရတော့။

"ဒုန်းဒုန်း ... ဒုန်ဒုန်း ... ဒုန်းဒုန်း"

ယခင်ကအသာအယာဖွင့်ရသော တံခါး ယခုအားဖြင့်တွန်းထိုးဖွင့်တာတောင်မရတော့။

"ဒုန်းဒုန်း ... ဒုန်းဒုန်း ... ဒုန်းဒုန်း"

အသံတွေကျယ်လောင်မြည်ဟိန်းသွားသည်။ သာမန်ဖြစ်စဉ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မပတ်ဘဲ သူနားလည်လိုက်ပြီ။ တစ်စုံတစ်ရာက ဟန့်တားနှောင့်ယှက်နေမှန်း သူသိလိုက်ပြီ။ ဘာရယ်လို့သာမပြောတတ်။ ချွေးအုသံတွေကလည်း ဆိုးသထက်ဆိုးလာ နီးသထက်နီးလာပြီ။

"မောင်"

"ဟင်"

သူ ကပျာကယာနောက်သို့ပြန်လှည့်ကြည့်သည်။ အလောင်းမှာပုံစံမပျက်။ အနေအထားမလှုပ်။ မူလအတိုင်းပင်ရှိနေသည်။

"မင်း ... မင်း ငါ့ကိုခေါ်လိုက်သလားနီနီ"

"ပြောလေ ... မင်း ငါ့ကိုခေါ်လိုက်သလားလို့"

သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေကာ တံခါးကိုကျောမှီလျက် တစ်ခန်းလုံးကိုပျာပျာသလဲလိုက်ကြည့်သည်။

"မင်း ... မင်း ငါ့ကိုမခြောက်ပါနဲ့နော်၊ မခြောက်ပါနဲ့"

မောဟိုက်လွန်းနေသောကြောင့် စကားကိုပင်ဖြောင့်ဖြောင့်တန်းတန်း မပြောနိုင်တော့။ ယခုတော့ အချစ်နှင့်အကြောက်တရားသည် တစ်ကန့်စီပါလား ဟု သဘောပိုက်မိ၏။ ယင်းအခိုက် လျှပ်စစ်မီးများပြတ်တောက်သွားသော ကြောင့် အမှောင်အတိဖြစ်သွား၏။ သူ ခေါင်းနဘန်းကြီးသွားသည့်အခိုက် တံခါးမှာ သူ့အလိုလို ပွင့်သွားသောကြောင့် ခန္ဓာကိုယ်တစ်ခုလုံး လဲပြိုသွား တော့၏။

"အမလေး"

⛵⛵⛵



www.burmeseclassic.com

www.burmeseclassic.com

## မှန်းကြလေသူနှစ်ဦး

ကျော့ကျော့အိပ်မက်လေးက ခုမှကောင်းခန်းရောက်နေသည်။ ကောင်လေးက ချောသည်မှတော်တော်လေးချောသည်။ သူမစိတ်ကူးနှင့် ပုံဖော်ထားသည့် ကောင်လေးနှင့်ထပ်တူထပ်မျှပင်။ ကောင်လေးက သူမကို ရင်ခွင်ထဲထည့်ကာ အကြင်နာတွေပေးနေခြင်းဖြစ်သည်။

ပထမ သူမ၏ပါးပြင်နုနုညက်ညက်လေးကိုနမ်းသည်။ နောက် သူမ၏ဖူးဖူးငုံငုံနှုတ်ခမ်းလေးအစုံကို အငမ်းမရနမ်းသည်။ ထိုအနမ်းသည် သူမ၏စိတ်အစဉ်ကို အထွတ်အထိပ်ရောက်သွားစေပါသည်။ အလွန်ပင် မိန့်မိန့်မူးမူးရှိလှ သည့်ခံစားမှု။ ပင်ပန်းနွမ်းလျစွာ သာယာခဲ့ရသောတပ်မက်မှု။ နောက် သူမ၏လည်တိုင်လေးဆီ ခရီးဆက်ပြန်လေပြီ။

အို ... ကမ္ဘာကြီးကိုတောင် သူမအမှန်တကယ်မေ့သွားရပါပြီ။

ထိုသို့ အိပ်မက်ကောင်းနေစဉ်မှာပင် ...

"ဒုန်း ဒုန်း ... ဒုန်း ဒုန်း ... ဒုန်း ဒုန်း"

"မိကျော့ ... ဟဲ့ မိကျော့ ထစမ်း ထစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကြမ်းကြမ်း တံခါးခေါက်သံနှင့်အတူ အဖေဦးဘမြိုင်၏အသံဝါဝါကြီးက သူမအိပ်မက်ကိုနိုင်လိုမင်းထက် ဖျက်ဆီးလိုက်ပါသည်။ သူမဒေါသထွက်ရသည်မှာ ပြောဖွယ်ရာမရှိတော့။

"ဟဲ့ … ထဆို မြန်မြန်ထလေ"

ယခင်ကဆို အဖေသည်လိုအကြမ်းကရော နှိုးလေ့နှိုးထမရှိပါ။ စောစောစီးစီးလည်း နှိုးလေ့နှိုးထမရှိပါ။ ခုတော့ နည်းနည်းထူးခြားနေသည်ဟု ထင်သည်။ ထို့ကြောင့် လေးလေးဖင့်ဖင့်မနေရဲတော့ဘဲ ကမန်းကတန်း ထလိုက်သည်။ တံခါးကိုဖွင့်လိုက်သည့်အခါ …

"ညက နီနီလင်းတစ်ယောက်ဆုံးသွားပြီတဲ့"

"ရှင်"

သူမ အလွန်အံ့သြသွားပါသည်။ နှလုံးရောဂါရှိမှန်းသိသော်လည်း သည်လောက်မြန်မြန်ဆန်ဆန်ဖြစ်သွားလိမ့်မည်ဟုမထင်မှတ်။ ထိုကိစ္စအတွက် သူမတွင်ဝမ်းနည်းကြေကွဲမှု ဖြစ်ပါသလားဟုမေးကြည့် မဖြစ်ပါဘူးဟုပွင့်ပွင့် လင်းလင်းပြောရပေလိမ့်မည်။ အကြောင်းမှာတော့ သူမချစ်သောအစ်ကိုနှင့်ပတ်သက်ပြီး တူးတူးခါးခါးမုန်းတီးနေသူတစ်ယောက်မဟုတ်ပါလား။

"ကဲ မျက်နှာသစ်၊ အဝတ်အစားလဲ ပြီးရင် ငါနဲ့လိုက်ခဲ့"

"ဟင် ဘယ်လဲ"

"ဘယ်ဖြစ်ရမှာလဲ နင့်အစ်ကိုမိန်းမရဲ့နာရေးကိုပေါ့"

"အို … ဘာဆိုင်လို့လိုက်ရမှာလဲ မလိုက်ချင်ပါဘူး"

"နင် ဘာပြောလိုက်တယ် မိကျော့၊ ပြေးကြည့်ရင် ရှိတာမှ ဒီပိုးသားစု ပဲရှိတာ၊ ဒါသာရေးမဟုတ်ဘူး နာရေး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးမှ အဲဒီကောင်မကိုကြည့်မရတာ"

"ဘုရား ... ဘုရား နင်ရိုင်းစိုင်းလှချည်လား။ နင်လူမှဟုတ်ရဲ့လား။ နင့်စကားကိုဒေါသလူတွေကြားရင် ဘယ်လောက်အမြင်ကပ်စရာကောင်းလိုက်မလဲ၊ ဟိုမှာသေတဲ့လူကသေပြီ၊ ဒါတောင် နင်က ဒီစကားမျိုးပြောရက်ပါလား။ သွားငါပြောတဲ့စကားနားထောင်"

အဖေ့အသံက မိုးကြိုးပစ်သံလို မြည်ဟိန်းသွားသည်။ ဒေါသလည်း တော်တော်ထွက်သွားပုံရသည်။ အဖေဒေါသထွက်တာကိုတော့ ကျော့ကျော့လန့်သည်။ နီးစပ်ရာနှင့်ကောက်ထုတတ်သည့်အဖေ။ ဘယ်သူဘယ်ဝါရယ်လို့ ငဲ့ညှာနေမှာမဟုတ်။ ထို့ကြောင့် ကျော့ကျော့အထွန့်ထက်မတက်ရဲတော့ဘဲ ဇတ်ကလေးပုကာ အသာငြိမ်လျက်ထွက်သွားရလေသည်။

သူမရေချိုးရင်း၊ အဝတ်အစားလဲရင်းတွေးမိတာတွေက တော်တော်များသည်။ သူမအစ်ကိုနှင့်ပတ်သက်လာစဉ်က မကြာခဏဆိုသလိုဖြစ်ခဲ့ရသော ပြဿနာများ။ သူမဆန္ဒကတော့ ရှင်းရှင်းလေးပင်။ သူ့အစ်ကိုငါ့ ချစ်ခြင်းမေတ္တာတွေကို သူမမှလွဲ၍ ဘယ်သူ့ကိုမှ မျှဝေမပေးနိုင်။

"ဒါတော့နည်းနည်းလွန်တာပေါ့ မကျော့ရယ်၊ မမတို့နှစ်ယောက် ချစ်သူတွေဖြစ်ပြီး အိမ်ထောင်ပြုဖို့တောင် တိုင်ပင်ထားကြပြီးပြီပဲ"

နီနီလင်းက အေးအေးသက်သာပြောသော်လည်း သူမက ...

"အို ... မရဘူး ... မရဘူး ... ဘယ်နည်းနဲ့မှသဘောမတူနိုင်ဘူး၊ ကိုကို့ကိုဘယ်မိန်းမလက်ထဲကိုမှ မအပ်နိုင်ဘူး"

"ဒီလောက်မရိုင်းစိုင်းပါနဲ့ မကျော့ရယ်"

"ဘာရယ် ... ကျွန်မကရိုင်းတယ်ဟုတ်လား ... ကျွန်မကတော့



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့လိုပျော့ပျော့နဲ့နံတဲ့ကြောင်ချေးမျိုးမဟုတ်ဘူး ... ရင်ထဲမှာရှိတာပွင့်ပွင့် လင်းလင်းပြောချလိုက်တာပဲ ... မကျေနပ်လဲသေလိုက်''

''အခုပြောနေတဲ့စကားလုံးတွေကရော မရင့်သီးဘူးလား''

''ပြောပြီးပြီလေ ... မကျေနပ်လဲသေလိုက်ပါလို့''

''ကောင်းပြီလေမိကျော့ ... ငါ့ဘက်ကလည်း နင်သဘောမတူတဲ့ လူကိုမှ သေသေချာချာယူပြဦးမယ်မှတ်ထား''

''ဘာပြောတယ်''

မပြေလည်မှုတွေက ထိုမှစတင်ကာ နောက်ပိုင်းတွင် ဆင့်ကာဆင့်ကာ ကြီးကျယ်လာခဲ့သည်။ ကျော့ကျော့က နီနီလင်းနှင့် အရင်ကရင်းနှီးခဲ့ဖူးသည့် ယောက်ျားလေးများကို ရည်းစားယောင်ယောင်၊ ချစ်သူဖြစ်ခဲ့ယောင်ယောင် ဇာတ်လမ်းဆင်ကာ အစ်ကိုထံဂုံးချောတော့၏။

ထိုမျှမကသေး နီနီလင်း၏အားနည်းချက်၊ ပျော့ကွက်၊ ဟာကွက် များကို အရယူကာ အကြီးအကျယ်ချဲ့ယွင်းမှုများအဖြစ်အသွင်ပြောင်းလိုက်၏။ နီနီလင်းသိတော့ အသားတွေတဆတ်ဆတ်တုန်ကာ မျက်နှာချင်းဆိုင်ရပြန် ၏။

''နင် ... ဒီလောက်ထိအကြံပက်စက်လိမ့်မယ်လို့ ငါဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး''

''ဒါအကြံပက်စက်တာမဟုတ်ဘူး ... အဖြစ်မှန်တွေ အဖြစ်မှန် တွေ''

''ငါက အဲ့ဒီလူနဲ့ တစ်ရုံးတည်းသားတွေမို့ ရင်းရင်းနှီးနှီးနေခဲ့တာ''

''ဘယ်သူကရော အခုအချိန်မှာဟုတ်ပါတယ်လို့ ဝန်ခံမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"နင် ... တရားလွန်လွန်းနေပြီနော် မိကျော့"

"အနာပေါ်တုတ်ကျတော့ နာတတ်လိုက်တာ"

"နင့်ဟာကသူများမကောင်းကြံနေတာပဲ _ အယုတ်တမာမ"

"ဘာပြောတယ်"

ကျော့ကျော့က သူမကို ထိုသို့ပြောရပ့ါမလားဆိုကာ နီနီလင်းအား ပါးတစ်ချက်ချလိုက်ရာ လည်ထွက်သွားသည်။ မြွေအဆိပ်ကငယ်ထိပ် တက်ဆောင့်လေပြီ နောက်ပိုင်းနှစ်ယောက်သား လုံးထွေးကုန်တော့၏ ထိန်းမရသိမ်းမရနိုင်အောင်ဖြစ်ခဲ့သည့်အဖြစ်။ သည်ကြားထဲမှာပင် နီနီလင်းက အစ်ကိုကို လက်ထပ်ယူလိုက်သောကြောင့် ကမ္ဘာပေါ်တွင်အမုန်းဆုံးလူဖြစ်သွားသည်။

ယခုတော့နီနီလင်းဆုံးပြီ။

"ပျော်လိုက်တာ"

"ဟဲ့မိကျော့ မပြီးသေးဘူးလား"

အဖေ့အသံကြောင့် သူမအဝတ်အစားမြန်မြန်လဲလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

## သေသူ့ဧကြတ်

ကျော့ကျော့တို့သားအဖ ဆိုင်ကယ်တစ်စီးနှင့်ကောင်းမြတ်အိမ်ရှေ့သို့ ရောက်သွားချိန်တွင် မြူနှင်းတို့မကွဲသေး။ သည်ခြံသို့ဦးဘမြိုင်(၂)ခေါက်လောက် ရောက်ခဲ့ဖူးသော်လည်း ကျော့ကျော့ကတစ်ခေါက်မှမရောက်ဖူး။ ကတ္တရာလမ်းမှခွာတွက်ကာ မြေနီလမ်းအတိုင်း မညီမညာတောင်ကုန်းကမူများကို ကျော်ဖြတ်ရင်းနောက်ဆုံးသစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းနှင့်ခြံဆီသို့ရောက်တော့၏။ အနီးအပါးတွင်လူနေအိမ်များမရှိတာသတိထားမိ၏။ ခြံတွေမှာ အာလူး၊ မုံညင်းနှင့်ကြက်သွန်ဖြူစိုက်သည့်အကွက်တွေ ဖြစ်ရမည်ဟုတွက်သည်။ အစောင့်တဲလေးတွေလည်းမြင်ရ၏။

အိမ်ရှေ့တွင်ဆိုင်ကယ်သုံးစီးရပ်ထားတာမြင်သောကြောင့် ဘယ်သူတွေများရောက်နေပါလိမ့်ဟုတွေးသည်။ ဆိုင်ကယ် အိမ်ရှေ့သို့ရောက်ရောက်ချင်း ကောင်းမြတ်၏သူငယ်ချင်းမြင့်နိုင်ကထွက်ကြို၏။

"ဟာ ... ဦးလေးရောက်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးလည်း ဒီမနက်မှ သတင်းကြားလို့ချက်ချင်းထွက်လာရတာ ဘယ်လိုဖြစ်တာလဲကွယ် ... ဟိုကောင်ရော ..."

"အပေါ်ထပ်ကဝရံတာမှာ ငူငူကြီးထိုင်နေလေရဲ့ ... ကျွန်တော့်ကိုလည်း စကားသိပ်မပြောဘူး မေးတာလောက်ပဲပြောတာ ည(၁)နာရီလောက်က အသက်ရှူကျပ်လာပြီး ဘာတစ်ခွန်းမှမပြောနိုင်ဘဲ ဆုံးသွားတာ သူ့ဖုန်းဆက်လို့ သိသိချင်း နောက်ထပ်သူငယ်ချင်းနှစ်ယောက်ကိုထပ်နှိုး၊ အဒေါ်တစ်ယောက်ကိုခေါ်ပြီး ဒီကိုအမြန်လာခဲ့ရတာ ခုတော့ညှော်ခန်းထဲမှာပဲ အလောင်းပြင်ထားတယ် မနက်ဖြန်မှအခေါင်းသွင်းပြီး အိမ်ရှေ့ထုတ်မှာ"

ဦးဘမြိုင်နားထောင်းရင်ပင် ညှော်ခန်းသို့ဝင်လိုက်သည်။

ကျွန်သူငယ်ချင်းနှစ်ယောက်နှင့် အဒေါ်ကြီးတစ်ယောက်အလောင်းဘေးတွင်ထိုင်ကာ ပန်းပွင့်လေးတွေ အစီအရီခင်းနေတာ တွေ့သည်။ ကျော့ကျော့မှာ ဖခင်နားမှကပ်လျက် အလောင်းဆီသို့မဝံ့မရဲကြည့်သည်။ အိပ်ပျော်နေသည်နှင့် ဘာမျှမခြား။ သည်အချိန်ရောက်တော့ မုန်းတာ မမုန်းတာပင်ရင်ထဲမရှိတော့ဘဲ "ငါ့ကိုများခြောက်ရင်" ဆိုသော စိတ်လေး ဝင်လာသဖြင့် နည်းနည်းတော့ သွေးလန့်သွားမိ၏။

"သူ့မိဘတွေရော"

"ဒီမနက်ပဲအကြောင်းကြားထားပါတယ် ... မြို့ကနေရွာထိသွားပြောပေးရမှာဆိုတော့ ခရီးကထောက်တယ် ... သူ့ဆွေမျိုးသားချင်းတွေ ဒီနေ့တော့ရောက်လာနိုင်မှာမဟုတ်ဘူး ... မနက်ဖြန်လောက်မှရောက်နိုင်မှာ"

"အင်းလေ ခရီးကဝေးတာကိုး ... ဒါနဲ့အသုဘကိစ္စအဆွက်ရော"



www.burmeseclassic.com

www.burmeseclassic.com



"အလောင်းမြေကျတဲ့အထိတော့ ကျွန်တော်ပဲတာဝန်ယူရမှာပဲ၊ ဦးလေးကောင်းမြတ်ဘာမှလုပ်နိုင်မှာမဟုတ်ဘူး ... ဟောဟိုက သူငယ်ချင်းတွေလည်း ရုံးမှာခွင့်ယူကြလိမ့်မယ်"

"မင်းနာမည်မြင့်နိုင်နော်"

"ဟုတ်ပါတယ်ဦးလေး"

"ကောင်းမြတ်အိမ်ထောင်မကျခင်က အိမ်ကိုမကြာခဏလာနေတာပဲ နာမည်သာမေ့တော့တော့ဖြစ်နေတာ ... အခုလိုအရေးမှာအခုလိုအားလုံး ဝိုင်းဝန်း ကူညီကြတာကျေးဇူးတင်ပါတယ်ကွယ်"

"ဒါကျွန်တော်တို့တာဝန်ပါဦးလေး"

ဦးဘမြိုင်ကအိပ်အတွင်းမှ ငွေစက္ကူတစ်ထပ်ကိုထုတ်ကာ မြင့်နိုင်ကို လှမ်းပေးသည်။

"လောလောဆယ် ဒီငွေကို လိုတဲ့နေရာမှာသုံး စာရင်းလေးတော့ လုပ်ထား"

ထိုနောက် သူတို့အပေါ်ထပ်သို့ တက်လာခဲ့ကြသည်။ ဝရံတာတွင် ငုတ်တုတ်ထိုင်လျက် အဝေးကိုငေးနေသည့်ကောင်းမြတ်ကိုတွေ့ရသည်။

"ကောင်းမြတ် ... သား ... မင်းအရမ်းစိတ်ထိခိုက်နေလား"

သူကမော့ကြည့်သည်။ အဖေနှင့်နှမလာကြောင်းသိရတော့ ထွေထွေထူးထူးဘာမှပင်ပြောမနေတော့ဘဲ အဝေးကိုသာဆက်ငေးနေသည်။

"ဖြစ်လာပြီးမှသားရယ် ... အားတင်းထားပါ၊ သေတဲ့လူလည်းပြန်ရှင်လာတော့တာမှမဟုတ်တာ ... သူ့ရဲ့နောက်ဆုံးခရီးကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်နိုင်ဖို့ပဲအဓိကမဟုတ်လား ... အဖေတို့လည်း သားလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ခံစားရပါတယ်၊ သားလိုအပ်တာပြော ... အဖေတို့ဘက်က အဆင်သင့်ပဲ"

အဖေကတော့ သားကို အားပေးစကားတွေတတွတ်တွတ်ပြောနေရှာသည်။

သူ့ပါးစပ်ကတော့ စကားတစ်လုံးမှထွက်မလာ။ မှုန်ကုပ်ကုပ်ကြီးသာလုပ်နေပြီး အတန်ကြာမှစကားတစ်ခွန်းထွက်လာသည်။

"ကျွန်တော်တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်တယ် အဖေရာ"

အဖေကပြောလက်စကိုရပ်လိုက်သည်။ ခေါင်းကို အသာညိတ်ကာ အောက်ထပ်သို့ဆင်းလာသည်။ အလောင်းနားတွင်တော့ ဘယ်သူမှ ရှိမနေတော့။

မြင့်နိုင်တစ်ယောက်သာ အပေါက်ဝတွင်ရှိနေသည်။

"ဘယ်သွားကုန်လဲ"

"နာရေးအတွက် လိုအပ်တာမှန်သမျှ တာဝန်ခွဲဝေပြီးခိုင်းလိုက်ပြီ ဦးလေး"

"အေး ကောင်းတယ် ကောင်းတယ်၊ ဦးလေးအိမ်ခဏပြန်လိုက်ဦးမယ်၊ ကိစ္စရှိရင် အိမ်ကိုချက်ချင်းလာခဲ့ကြားလား"

ကျော့ကျော့ကမပြန်ခင် အလောင်းကိုလှမ်းကြည့်လိုက်၏။ သူမမျက်ခုံးတွေတွန့်သွားသည်။

အလောင်း၏လက်တစ်ဘက်ကလှုပ်နေသလိုလို ထင်ရသောကြောင့်ပင်။ မျက်လုံးများပင်ပြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုကိစ္စမှာဖြစ်နိုင်စရာအကြောင်းမရှိ။ သေပြီးသွားသည့်လူ့လက်က ဘာကြောင့်လှုပ်ရမည်နည်း။ သူ့မထင်ယောင်ထင်မှားဖြစ်သည်ဟုသာ တွက်သည်။ အပြန်လမ်းတွင် ဆိုင်ကယ်နောက်မှလိုက်ရင်း ထိုအကြောင်းသာ တွေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

## နှုတ်စကားတဲ့သရဲ

ထိုညက ကျော့ကျော့ အနီးအနားရှိအစ်မဝမ်းကွဲတော်သူ အိမ်မှ ပြန်လာခဲ့သည်။ အချိန်ကြည့်တော့ ည ၇နာရီခွဲနေပြီ။ အဖေက အသုဘအိမ် သွားနေသောကြောင့်မရှိ။ ခါတိုင်းဆိုလျှင် အဖေအိမ်တွင်အမြဲရှိနေကျ နီးချုပ်သည်နှင့် အဖေအိမ်ပြင်မထွက်တော့။

သူတို့မြို့လေးမှာ ညဦးချိန်မှစကာ လူကျဲသွားတတ်သည်။ ခြံတွေ ကျယ်ကျယ်ဝန်းဝန်းရှိသလို နေထိုင်သူဦးရေနည်းပါးသောကြောင့် အသွား အလာ နည်းပါသည်။ တစ်ခုတော့ရှိသည်။ မြို့လယ်အဝေးဂိတ်လိုနေရာမျိုး တွင်တော့ ညလုံးပေါက်စည်စည်ကားကားရှိတတ်၏။

ယခင်ကဆို ရွာမှခေါ်ထားသည့်ပေါက်ပေါက်ဆိုသည့် ကောင်မလေးရှိ သည်။ ဆွေမျိုးနီးစပ်လည်းတော်သူဖြစ်သည်။ မနေ့ကပင် အမေနေမကောင်း သောကြောင့် ခေတ္တပြန်သွားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း အဖေပြန်ရောက်ပြီထင်ပြီးပြန်လာတာ"

သူမ ပျင်းပျင်းရှိသည်နှင့် TV ခလုတ်ကိုနှိပ်လိုက်သည်။ သူမ မကြိုက်သောဇာတ်လမ်းတွဲတွေလာနေသည်။

"မုန်းဖို့ကောင်းလိုက်တာ"

မကြည့်ချင်သော်လည်း ပေပေတေတေကြည့်နေမိသည်။ အဖေက အောက်စက်ကိုခုတိုင်ဝယ်မပေး။ မျက်စိနောက်လို့ဟုဆိုသည်။ သည်တော့ ကိုယ်ကြည့်ချင်တာမကြည့်ရဘဲ သူပြတာသာ ကြည့်နေရသည့်ဘဝ။ သည်တစ်ကြိမ်တော့ မရ,ရအောင်ဆန္ဒပြလိုက်ဦးမည်ဟု ကျိန်းလိုက်၏။

ည ၈နာရီရှိပြီ။

အဖေပြန်မလာသေး။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက်လို့သွားပြီ။ သူမ အိမ်ရှေ့တံခါးကို စေ့ရုံစေ့ထားလိုက်သည်။

သူတို့မြို့လေး၏ ထူးခြားမှုတစ်ခုမှာ ခိုးခြင်း၊ ဝှက်ခြင်း၊ ဓားပြတိုက်ခြင်းလုံးဝမရှိ။ အိမ်ကိုလည်း ဒီအတိုင်းထားခဲ့ အပ်တစ်ချောင်းပင်မပျောက်။ သည်အတွက်တော့ စိတ်ချရသည်။

ကျောကျော့ ခုတင်ပေါ် ဝုန်းခနဲပစ်လှဲလိုက်သည်။ သက်သောင့်သက်သာရှိသွားသလိုပင်။ လူမပင်ပန်းသော်လည်း စိတ်ပင်ပန်းမှုတွေကတော့ရှိသည်။ မစဉ်းစားပါဘူးဟု စိတ်ထဲကတင်းထားသော်လည်း နီနီလင်းအကြောင်း ခေါင်းထဲ အလိုလိုရောက်လာသည်။ သူမနှင့်စကားမပြောခဲ့သည်မှာ ကာလအတန်ကြာလေပြီ။ သူမ လုပ်ရပ်တွေအစိမ့်ပွါယ်မရှိမှန်းလည်းသိသည်။ မည်သည့်အစ်ကိုမဆို အချိန်တန်လျှင်တော့ အိမ်ထောင်ပြုကြမည်သာ။ ထိုအခါ ယောက်မရလာတော့မည်သာ။ သူမနှင့်မျှောတွန့်တိုနေလို့ရောရနိုင်မည့်ကိစ္စလား။



www.burmeseclassic.com

www.burmeseclassic.com



ခုဟာ ပွဲစကတည်းကအရှုံးမပေးချင်သော နီနီလင်းနှင့် ဆတ်ဆတ်ထိ မခံသော သူမ၏စကားလုံးအထစ်အငေါ့လေးတွေက စတင်ကာ မီးစမီးခဲလေးမှ တစ်ဆင့် မိုးမီးလောင်ခဲ့ခြင်းဖြစ်သည်။ ခုတော့ နီနီလင်းဆုံးသွားရှာပြီ။ မျက်မှန်းကျိုးနေသူတစ်ယောက် ဒီကမ္ဘာကပျောက်သွားပြီ။

အနည်းငယ်အေးလာသောကြောင့် သူမစောင်ပါးလေးတစ်ထည် ကိုယ်ပေါ်လွှမ်းလိုက်သည်။ ခုတင်နားတွင် စာကြည့်စားပွဲနှင့်ကုလားထိုင်ရှိသည်။ စားပွဲပေါ်တွင် စာအုပ်တချို့၊ ဘောလ်ပင်ခွက်၊ စားပွဲတင်နာရီတစ်လုံးနှင့် အဖုံးပိတ်ရေခွက်လေးရှိသည်။ ယာဘက်တွင် သူမအဝတ်အစားအားလုံး ထည့်ထားသည့် ဗီရိုရှိသည်။ ဝဲဘက်နံရံတွင်တော့ သူမသဘောကျသည့် ရှုပ်ရှင်မင်းသား မင်းသမီးပုံတွေကပ်ထားသည်။

သူမပက်လက်အနေအထားမှ ဝဲဘက်သို့ကိုယ်ကိုစောင်းလိုက်သည်။ ရုပ်ပုံတွေကိုကြည့်ဖြစ်သော်လည်း စိတ်ကရုပ်ပုံတွေကိုမမြင်။

နီနီလင်းအလောင်း၏မျက်နှာကိုသာပြန်မြင်ယောင်လာသည်။ မျက်နှာခြယ်သထားခြင်းဘာမှမရှိ။ နဂိုကတည်းက အသားဖြူပြီး ရုပ်ရည်က မဆိုး သူမို့ကြည့်ကောင်းပါသည်။ ကိုယ်ပေါ်တွင် သစ်လွင်သောအင်္ကျီကို မှောက်လျက် လွှားထားကာ ထဘီကိုလည်း ကျကျနနဖြန့်ခင်းပေးထားသည်။ ထိုအပေါ်မှ အဖြူရောင်ဇာပဝါပါးပါးကို ခေါင်းမှခြေထောက်အထိ လွှမ်းခြုံထားသည်။ မျက်နှာမှလွဲလျှင် နေရာတချို့၌ နှင်းဆီပန်း၊ စံပယ်ပန်းနှင့်ဒေလီယာပန်း များကိုအလှဆင် ထားသည်။

လက်ကလေးနှစ်ဖက်က ဗိုက်ပေါ်ယှက်လျက်တင်ထားသည်။

ထိုလက်နှစ်ဖက်မှ ညာဘက်လက်လေး ဆတ်ခနဲလှုပ်လာဟာ သူမ



www.burmeseclassic.com

www.burmeseclassic.com



အသေအချာမြင်လိုက်ရခြင်း။ သူမ အာရုံများကိုပြန်လည်စုကျစ်ကာ ပုံဖော်လိုက်သည်။ တကယ်လား။ အာရုံလွဲမှားမှုလား။

ထိုနှစ်ခုအတွက် ဝိရောဓိဖြစ်နေသည်။ လူစိတ်ဆိုသည်မှာလည်း တစ်ခါ တစ်ရံ အလွန်အံ့သြစရာကောင်းသောကြောင့် အမှားအမှန်ကိစ္စမှာ ပြောရန်ခက်ခဲလှပေသည်။

"ဂလွမ်"

စားပွဲပေါ်မှ ရေခွက်လေးအလိုလိုလဲကျသွားသည်။ ထို့နောက် လိမ့်ကာလိမ့်ကာဖြင့် အောက်သို့ပြုတ်ကျသွား၏။ သူမ ခေါင်းနဘန်းကြီး သွားကာ ငုတ်တုတ်ထထိုင်ဖြစ်သည်။ ကြောင်မရှိ။ ကြွက်မရှိ။ ဘာမှမရှိဘဲ ထိုသို့ ဘာကြောင့် ဖြစ်ရပါလဲ။ သူမစဉ်းစားမရ။

"ကျွီ ကျွီ ... ကျွီ ကျွီ ... ကျွီ ကျွီ"

ဖွင့်ထားသောတံခါးက လေမတိုက်ဘာမတိုက်နှင့် တဖြည်းဖြည်း စေ့ပိတ်လိုက်သလိုဖြစ်သွားသည်။

"ဟင်"

ထိုအဖြစ်ကိုကြည့်ကာ သူမကြက်သေသေသွားသည်။ မည်သို့ မှတ်ချက်ချရမှန်းလည်းမသိတော့။ သည့်ထက်ဆိုးသွမ်းလာသောအဖြစ်ဆိုးမှာ ကိုယ်ပေါ်တွင်ခြုံထားသောစောင်ကို မမြင်ရသောအရာတစ်ခုက ခပ်ကြမ်းကြမ်း ဆွဲဖယ်လိုက်ခြင်းဖြစ်၏။

"အမလေး"

သူမ ခပ်ကျယ်ကျယ်လေးအော်လိုက်မိသည်။ ကြည့်လေ စောင်မှာ ဖျတ်ခနဲအခန်းထောင့်သို့စုပြုံရောက်ရှိသွားသည် မဟုတ်ပါလား။ ထိုသို့ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသောအရာ အခန်းအတွင်းသို့ရောက်နေတာသေချာလေပြီ။ တစ္ဆေလား သရဲလား။ ဒါမှမဟုတ် သူမကိုမုန်းနေသည့် နီနီလင်းဓါတ်ပြည်ဘုံပေလား။ သည် အဆင့်ထိရောက်လာတော့ သူမသွေးပျက်မတတ်ဖြစ်သွားပြီ။ အခန်းထဲတွင် မနေရဲတော့။ အပြင်သို့ထွက်မှဖြစ်တော့မည်။

ဟောကြည့် ... စားပွဲတင်နာရီလေးဘေးသို့ ယိုင်ခနဲကျသွားပြန်ပြီ။ နံရံတွင်ကပ်ထားသော ရုပ်ပုံတွေမှာလည်း ကြောင်လက်သည်းနှင့်ခြစ်သလို အစင်းလိုက် အစင်းလိုက်ကွာကျကုန်သည်။

"ဘုရားကယ်ပါ ... ဘုရားကယ်ပါ"

သူမ နုတ်ပူးသလိုအသားတွေတဆတ်ဆတ်တုန်နေသည်။ မျက်လုံး က ပြူးကျယ်ကျယ်။ သူမ ခုတင်ပေါ်မှအားယူဆင်းသည်။ ကြောက်စိတ်ကြောင့် ခြေထောက်တွေလှုပ်မရချင်တော့။ သို့သော် သူမမာန်မလျှော့။ အားတင်းကာ ဆင်းသည်။ ထိုစဥ်အခိုက် ခန္ဓာကိုယ်ကို တစ်စုံတစ်ရာဝင်တိုက်သလို ခံစားလိုက်ရပြီး ...

"ဖြန်း"

"ဖြန်း"

ပါးနှစ်ဘက်ဘယ်ပြန်ညာပြန်လည်ထွက်သွားသည်။

"အမလေး"

ထိုသို့သာအော်နိုင်ပြီး နောက်ပြန်လဲကျသွားသည်။ နောက်ဆုံး သူမ နားထဲကြားလိုက်ရသည့်အသံက စိုးရိမ်တကြီးပြေးဝင်လာသော အဖေအသံ။

"မိကျော့ ... မိကျော့ ... ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

△△△



www.burmeseclassic.com

www.burmeseclassic.com

# အငှားခန္ဓာကိုယ်

"ကောင်းမြတ် အဖေပြန်မယ်၊ အိမ်မှာ မင်းညီမလေးတစ်ယောက်တည်း"

အဖေကနာရီကိုကြည့်သည်။ (၈) နာရီထိုးခါနီးပြီမို့ ပြန်သင့်ပြီဟု ယူဆသောကြောင့် ကောင်းမြတ်ကိုပြောလိုက်ခြင်းဖြစ်သည်။

ယခုတိုင် လူမမာကြီးလိုဖြစ်သော ကောင်းမြတ်မှာ အဖေပြန်မည်ပြောတော့ခေါင်းညိတ်ပြသည်။ သည့်ထက်တော့ ဘာမျှမပို။ အဖေကလည်း ယောက်ျားချင်းမို့ ကိုယ်ချင်းစာပါ၏။ မျက်လှည့်ပြသလို ယခုလိုဖြုန်းစားကြီး ဖြစ်သွားတော့လည်း မရှူးသွားတာပဲကံကောင်းဟုတွေးမိသည်။

သူငယ်ချင်းသုံးယောက် အပျင်းပြေကစားဝိုင်းလေးဖွဲ့လို့နေသည်။

"ရမောင်မြင့်နိုင်ရေ ဦးလေးပြန်မယ်ဟေ့"

"ဟုတ်ကဲ့ဦး — မိုးတောင်ချုပ်နေပြီ၊ ကျွန်တော်ပြန်လိုက်ပို့ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်နိုင်က ကစားဝိုင်းမှထလာသည်။ လမ်းတွင် တချို့နေရာများ၌ မှောင်ရိပ်တွေရှိသည်မို့ စေတနာနှင့်ပြောလိုက်ခြင်းသာ။

"ရတယ် ... ရတယ် ... ကိစ္စမရှိဘူး၊ ဦးလေးဘာသာသွားလို့ဖြစ်တယ်၊ ဒါနဲ့ ဒီနေ့ဟိုကောင်ဘာမှမစားဘူးမို့လား"

"ကျွန်တော်တို့လည်းကျွေးတာပဲဦးလေးရယ်၊ ဘာမှကိုမစားချင်ဘူးတဲ့"

"ခက်တာပဲ၊ အစာမစားရင် လဲသွားမှာပေါ့၊ ဦးလေးနွားနို့ယူလာခဲ့တယ်၊ ကျိုပြီးရင် ကိတ်မုန့်လေးနဲ့ ချော့တိုက်လိုက် တော်ကြာနစ်လောင်းပြိုင်ဖြစ်နေလိမ့်မယ်"

"စိတ်ချပါဦးလေး"

ထို့နောက် ဦးဘမြိုင် ဆိုင်ကယ်စီး၍ထွက်သွားလေသည်။ မြင့်နိုင်မှာ ဦးလေးခိုင်းသည့်အတိုင်း နွားနို့ကိုကျိုသည်။ ကိတ်မုန့်ကိုလီးကာ သူ့ရှေ့ယူလာပြီး ...

"ဒီတစ်ခါတော့ ငါ့ကိုထော်လော်ကန့်လန့်မလုပ်နဲ့ကွာ၊ မင်းအစာအိမ်ထဲမှာ ဘာမှရှိတာမဟုတ်ဘူး၊ ငါ့ပြောစကားနားထောင် ရော့ ဒါလေးသောက်လိုက်"

"ငါ့စိတ်ထဲမှာ ဘာမှစားချင်စိတ်မရှိလို့ပါ မြင့်နိုင်ရာ"

"ဒါဆို မင်းကျန်းမာရေးထိခိုက်မှာပေါ့ကွ၊ နောက်နေ့လုပ်စရာတွေအများကြီးရှိသေးတာ၊ မင်းက ကာယကံရှင် မနက်ဖြန်ဆိုသူ့ဘက်ကအမျိုးတွေရောက်လာကြတော့မှာ အဲဒီအချိန်မင်းနေကောင်းနေဖို့အရေးကြီးတယ်"

"သေသွားလည်းအေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာစကားပြောတာလဲကောင်းမြတ်၊ မင်းဒီအတိုင်းလုပ်နေလို့လည်း သေတဲ့လူကပြန်ရှင်လာမှာလား စဉ်းစားစမ်း"

"ငါ့မိန်းမ တစ်နေ့ပြန်ရှင်လာမှာ"

"ဘာကွ"

မြင့်နိုင် ကောင်းမြတ်ကို ပြူးပြူးပြဲပြဲကြည့်သည်။

"မင်းရူးနေလား၊ အဓိပ္ပါယ်မရှိတာတွေမပြောနဲ့"

"ငါမရူးဘူး၊ အသေအချာကိုယုံကြည်လို့ပြောတာ၊ ဟုတ်တယ် နီနီဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်ရှင်လာလိမ့်မယ်"

"အား တော်တော်စိတ်ဓာတ်ကျစရာကောင်းလိုက်တာ၊ မင်းကို ငါဘယ်လိုပြောရမှန်းမသိတော့ဘူး ဟူး"

မြင့်နိုင်က သက်ပြင်းကိုလေးလေးတွဲတွဲချသည်။ မြင့်နိုင်စိတ်ပျက်သွားတာ ကောင်းမြတ်သိတော့အားနာသွားဟန်ဖြင့် ...

"နွားနို့ခွက်ထားခဲ့လိုက်ပါ၊ မင်းကျေနပ်အောင် ငါသောက်ပါ့မယ်၊ မင်းသာဝိုင်းထဲဝင်ပြီး ဆက်ကစား"

မြင့်နိုင်က နွားနို့ခွက်နှင့်ကိတ်မုန့်ကို ထားရစ်ခဲ့ကာ ကစားဝိုင်းထဲဝင်ထိုင်လိုက်သည်။ သို့သော် နောက်ဆန်တငင်ငင်။ ကောင်းမြတ်ကို မကြာခဏလှည့်ကြည့်ဖြစ်သည်။ ကိတ်မုန့်ကိုစားကာ နွားနို့ကိုတစ်ခါတည်းမော့သောက်လိုက်တော့မှ မြင့်နိုင်စိတ်သက်သာရာရသွား၏။ ထိုအခါမှ ဖဲဝိုင်းကိုအေးအေးဆေးဆေး ဆက်ကစားနိုင်တော့သည်။

နာရီအချက်ပေးသံ (၁၂) ချက်တိတိပေါ်ထွက်လာ၏။ ဝင်ပန်းနွမ်းနယ်သောဒဏ်ကြောင့် သူမျက်လုံးတွေလေးလံလာသည်။ ဧည့်ခန်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်မီးထွန်းညှိထား၏။ ကြိမ်ဖန်များစွာကြည့်ခဲ့ရသော နီနီလင်း၏ အလောင်းမှာတော့ မူလအတိုင်းပင်။ မနက်ဖြန်ဆို အခေါင်းသွင်းတော့မည်။ ခြေရှုတွင် အသုဘယာဉ်လှည်းပေါ်တင်တော့မည်။

သူမေးခနဲသမ်းဝေကာ တစ်ချက်ငိုက်သွားသည်။ နားထဲတွင်သူငယ်ချင်းသုံးယောက်တို့၏ ပြောဆိုသံတွေက မကြားတစ်ချက် ကြားတစ်ချက်။ သူမှာလည်းနိုးလာလိုက် ပျော်သွားလိုက်။ သိမှုနှင့်မသိမှုတစ်ပြန်တစ်လှည့် ဆိုကျူးနေသည်။

ထိုတခဏအတွင်းမှာပင် သူမေ့ခနဲသတိလစ်သလိုဖြစ်သွား၏။ ဘယ်လောက်ကြာသည်မှန်းသူမသိ။ နောက်တစ်ကြိမ်နိုးလာချိန်တွင် သူပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်တော့ သူငယ်ချင်းသုံးယောက် အခန်းထောင့်တွင်ခွေခွေလေး အိပ်ပျော်နေတာတွေ့ရ၏။

နာရီလှမ်းကြည့်တော့ (၂) နာရီခွဲရန်မိနစ်အနည်းငယ်သာလိုတော့သည်။ သူတို့လည်း တစ်နေ့လုံးပင်ပန်းထားသည်မို့ အိပ်ချင်ရှာပေလိမ့်မည်။ သူ့ကိစ္စတွင် အစစအရာရာ အလွန်ကောင်းကြသည့်သူငယ်ချင်းကောင်းတွေ။

မြင့်နိုင်၊ ကျော်စွာ၊ တင်သန်း ... ။ သူတို့သုံးယောက်စလုံးက ငယ် ပေါင်းတွေ။ တက္ကသိုလ်တက်တော့လည်း အတူတူ။

သူနှင့်မြင့်နိုင်သာ ဌာနဆိုင်ရာတွင်ဝင်လုပ်ကြသော်လည်း ကျော်စွာနှင့် တင်သန်းမှာကိုယ်ပိုင်စီးပွားရေးလုပ်နေကြသူတွေ။ ဆိုင်ကယ်စီးနိုင်ကြသူတွေ။ ဘယ်လိုပင်ဖြစ်ပါစေ အရေးကြုံလာလျှင်တော့ သိုင်းသိုင်းဝိုင်းဝိုင်း တတ်တတ် ကြကြကူညီကြတာ ကျေးဇူးတင်စရာပင်။

ခပ်သော့သော့လေး လေတိုက်သွားသောကြောင့် ပြတင်းပေါက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကာစများ လှုပ်ယမ်းသွားသလို မျက်နှာပေါ်လွှားထားသော ဇာပဝါလေးမှာလည်း လန်သွားကာ တိတိပပပေါ်လာသည်။ လေနှင့်အတူပါလာသော အအေးဓာတ်က သူ့ကိုဖြတ်တိုက်သွားသောကြောင့် မေးရိုးများပင်ကျဉ်တက်သွားသလိုခံစားရသည်။

ယင်းအခိုက် ...

"အူး ဝူး ဝူး ... အူး ဝူး ဝူး ... အူး ဝူး ဝူး"

"အူး ဝူး ဝူး ... အူး ဝူး ဝူး ... အူး ဝူး ဝူး"

ခွေးအူသံတွေကြားလာရပြန်ပြီ။ သူတော်တော်စိတ်ပျက်သွားသည်။ သူ့မိန်းမ မဆုံးခင်ကလည်း ထိုသို့ကျက်သရေမရှိသည့်အသံများက နိဒါန်းပျိုးခဲ့သည်မဟုတ်ပါလား။ သူရင်ထဲမှာပင် ချဉ်တူးတူးဆဲရေးတိုင်းထွာလိုက်သည်။ သည်ကောင်တွေ၏ မျက်လုံးတို့တွင်မကောင်းဆိုးဝါးတို့၏ ပုံရိပ်များကိုမြင်နိုင်စွမ်း ရှိပါသလား။ ထိုသို့ဆိုလျှင် သည်ကောင်တွေ၏မျက်လုံးတည်ဆောက်ပုံ၊ တန်ပြန် ပုံရိပ်မြင်ပုံတို့သည် လူ့ထက်သာသည်ဟုပြောနိုင်တော့မည်။

"အူး ဝူး ဝူး ... အူး ဝူး ဝူး ... အူး ဝူး ဝူး"

ခွေးတစ်ကောင်တည်းမဟုတ်။ သုံးလေးကောင်၏အသံ။ သုချိုင်းဆီသို့တဖြည်းဖြည်းတိုးလာလျက် ဆွဲဆွဲငင်ငင်အူနေသောအသံ။ သိပ်မကြာ။ ထိုအူသံတွေတိတ်သွားပြန်သည်။ သည်ကောင်တွေ ဘယ်ရောက်သွားတာပါလိမ့်။

သူ ဒူးပေါ်လက်နှစ်ဖက်တင်ကာ တိတ်တိတ်လေးငြိမ်နေလိုက်သည်။ သူ့ငယ်ချင်းတွေထံမှ အသက်ပြင်းပြင်းရှူသံကြားနေရ၏။ လှုပ်လှုပ်လှုပ်လှုပ် မရှိဘဲ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လေလေးတစ်ချက်ဝေ့လာပြန်ပါ၏။ အလောင်းပေါ်မှ နှင်းဆီပန်းလေး တစ်ပွင့်သည် လူပ်လီလူပ်လဲ့ဖြင့်ကြမ်းပြင်ပေါ်ကျလာသည်။ ယင်းမှ တစ်ဖန် ရုပ်လိုက်နားလိုက်ဖြင့် သူ့ထံသို့တရွေ့ရွေ့လွင့်လာနေ၏။ သူတို့နှင်းဆီပန်းလေး အနားသို့ရောက်လာမှာကြောက်ရွံ့နေသည်။

သူဆုတောင်းပြည့်ပါသည်။ ထိုပန်းပွင့်လေး သူထိုင်နေရာနေရာသို့ ရောက်မလာ။ တစ်ခဏအကြာတွင် ...

"ဒေါက် ဒေါက် ... ဒေါက် ဒေါက်"

အိမ်ရှေ့မှ တောင်ဝှေးထောက်သံလိုလို၊ သစ်သားတုတ်နှင့် သံမံ ဘလင်းထိ၍ထွက်လာသည့် အသံမျိုးလိုလိုကြားလာရပြန်၏။ အသံက မြန်လည်းမသွား၊ နှေးလည်းမသွား မှန်မှန်ပင်ကြားရကာ အိမ်ထဲသို့ဦးတည် နေကြောင်း ခန့်မှန်းရ၏။

"ဘယ်လိုပြဿနာမျိုးတွေရောက်လာဦးမှာလဲ"

ခပ်လှမ်းလှမ်းတွင် အပေါင်းအသင်းများရှိနေသောကြောင့် ကြောက် သည့်စိတ်တော့အထွတ်အထိပ်သို့ မရောက်ခဲ့ပါ။ ထိုအသံက နီးသထက် နီးလာ ချေပြီ။

အသုဘအိမ်မှ တံခါးများပိတ်ထားခြင်းမရှိ။ ဘယ်သူလဲဟု သူမေး လိုက်ချင်သော်လည်း အသံကလည်ချောင်းဝတွင်တစ်နေသည်။ အပြင်သို့ ထွက်မလာ။

ထိုစဉ် တံခါးဝဆီမှပေါ်လာသော ပုံရိပ်နှစ်ခု။

သူထအော်လိုက်သော်လည်း သူအော်သည့်အသံသူပြန်မကြားရပါ။ ပုံရိပ်နှစ်ခုကိုလည်းကြည့်ပါဦး။ မီးခိုးလိုအဖြူငွေ့တွေသမ်းနေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပုံသဏ္ဍာန်၊ ဝတ်စားဆင်ယင်ပုံနှင့် အမူအရာတချို့ကို ခပ်ပါးပါးမြင်နေရ၏။

ပုံရိပ်သဏ္ဍာန်တစ်ခုမှာ အသက် (၈၀)ကျော်အဘွားအိုတစ်ဦး။ ကောက် ကောက်ကွေးကွေးဆံပင်တွေက ကျောပေါ်ထိကျနေသည်။ မျက်နှာက မည်သို့ပင် စာဖွဲ့ရမှန်းမသိ။ တာတေလန်အောင်ရုပ်ဆိုးလွန်းလှပါသည်။ စိတ်မခိုင်သူဆိုလျှင် သူမမျက်နှာမြင်သည်နှင့် တစ်ခါတည်းမေ့လဲကျသွားနိုင်၏။ ဝတ်ဆင်ထားသည့် ဝတ်ရုံက အနီရောင်ဆိုသော်လည်း စုတ်စုတ်ညစ်ညစ်ကြီးမို့ အနီရောင်ဟုပင် ပြောရန်ခက်ခဲလှပေသည်။ သူမ ခါးတွေကိုင်းနေသည်။ လက်တွေကပိန်ပိန် မည်းမည်းခြောက်ခြောက်။ ခြေထောက်တွေကတော့ နှစ်ချောင်းစလုံးမရှိပါ။

ထိုမိန်းမက သူ့ကိုတစ်ချက်စောင်းငဲ့ကြည့်သည်။ မျက်လုံးတွေက ဒေါသအခိုးအငွေ့တွေသမ်းနေသည်။ သူ့အားအစိမ်းလိုက်ဝါးစားတော့မည့်ပုံ။

အဘိုးအိုကတော့ သူ့ကိုယောင်၍ပင်တစ်ချက်လေးမျှမကြည့်။ သူ့လက်ညှိုးကွေးကွေးကောက်ကောက်က အလောင်းဆီသို့သာလက်ညှိုးထိုးပြနေသည်။ အနားမှမိန်းမက အလောင်းဆီသို့တရွေ့ရွေ့ထွက်ခွာသွားသည်။ အဘိုးအိုက ကျန်နေခဲ့၏။

သူ့မှာ ကြည့်ရင်းကြည့်ရင်းအသက်ရှူတွေရပ်သွားမတတ်ပင်။ ထိုမိန်းမက အလောင်းကို သေသေချာချာစေ့စေ့ စပ်စပ်ကြည့်သည်။ အတန်ကြာအောင် စိုက်ကြည့်ပြီးနောက် အလောင်းနားတွင်ကပ်လျက် ယှဉ်၍လှဲအိပ်လိုက်၏။ ထိုစဉ်ခဏမှာပင် သူမ၏ပုံရိပ်တွေပျောက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပျောက်သွားမှ အဘိုးအိုလည်း အိမ်ပြင်ပြန်ထွက်သွားတော့၏။ ထိုအဖြစ်အပျက်ကြောင့် သူ့ခေါင်းတစ်ခုလုံး မူးခနဲမိုက်ခနဲဖြစ်သွား၏။

ဒါဟာ အိပ်မက်တွေလား၊ အိပ်မက်တွေလား။

သူ့မျက်လုံးတွေကို တင်းတင်းကျပ်ကျပ်ပြန်ပိတ်ထားလိုက်သည်။ တစ်ကိုယ်လုံးလည်း အင်အားမရှိသလို၊ အသိဉာဏ်တွေလည်း ချာချာလည်နေသလားဟုထင်ရ၏။

"မြင့်နိုင် ... မြင့်နိုင်"

သူ့ပါးစပ် ယောင်ယမ်းအော်ခေါ်လိုက်တော့ သူငယ်ချင်းတွေ အကုန်နိုး ကုန်သည်။ ထို့နောက် သူ့ဆီပြေးလာကြသည်။

"ကောင်းမြတ် ... ကောင်းမြတ် ... မင်း ... မင်းဘာဖြစ်လို့လဲ"

စောစောကမြင်တွေ့သမျှကို ပြောရန်အားယူသေးသည်။ သို့တစေ ပြောချင်စိတ်မရှိသည်က အံ့သြစရာတော့ကောင်းနေပါ၏။

"ပြောလေ ... မင်းဘာပြောမလို့လဲ"

"မင်း အိပ်မက်ဆိုးတွေမက်တာနေပါလိမ့်မယ်ကွာ"

"ဟော့ကောင် ရေတစ်ခွက်မြန်မြန်ခပ်လိုက်စမ်း"

သူငယ်ချင်းတွေက ဝိုင်းဝန်းပြုစုကြသည်။

"လာကွာ ... ဒီတစ်ခါတော့ ငါတို့နဲ့အတူတူအိပ်"

သူ့မှာ စောစောက ပုံရိပ်နှစ်ခု၏ပုံသဏ္ဌာန်တွေကို မျက်လုံးထဲမှ မထွက်။ တစ်ယောက်က နီနီလင်း၏ခန္ဓာအိမ်ထဲ ...

ထိုစဉ် ...

"အင်း ... အင်း ... အင်း ... အင်း"



www.burmeseclassic.com

www.burmeseclassic.com



ညည်းသံသဲ့သဲ့ကိုကြားလိုက်ရ၏။ သူတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ငါတို့အသံတစ်ခုခုကြားနေရတယ် မဟုတ်လားဆိုသောမေးခွန်းကိုပြိုင်တူမေးလိုက်ကြခြင်းဖြစ်သည်။

"အင်း ... အင်း ... အင်း ... အင်း"

အသံက စောစောကထက်ပိုကျယ်လာသည်။

သူတို့အားလုံးမျက်လုံးတွေပြူးကုန်၏။ အလောင်းကိုကျောခိုင်းထားသည်မို့ အလောင်းဆီမှအသံဖြစ်လေမလားဟု အားလုံးသံသယ ဖြစ်ကုန်ကြသည်။ ယင်းကိစ္စမှာ မဖြစ်နိုင်သောကိစ္စ။

"အင်း ... အင်း ... အင်း ... အင်း"

သည်တစ်ကြိမ် အသံက ပို၍ထင်ရှားလာသည်။ ထို့ကြောင့် သူတို့အားလုံးမတိုင်ပင်ပါဘဲ ခေါင်းကို ဖြည်းဖြည်းချင်း ဖြည်းဖြည်းချင်း လှည့်ကာကြည့်တော့ ...

ဗိုက်ပေါ်တင်ထားသောလက်တွေ လှုပ်ယမ်းလူးလွန့်နေတာ သေသေချာချာတွေ့တော့ ...

"သရဲ"

"အမလေး"

"ကယ်ကြပါဦး သရဲ သရဲ"

ကောင်းမြတ်မှလွဲလျှင် သူငယ်ချင်းသုံးယောက်မှာ အားကုန်သုတ်လျက် အိမ်ရှေ့သို့ထွက်ပြေးကြပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ချစ်သူ သူမှဟုတ်ရဲ့လား

ကောင်းမြတ်သူ့မျက်လုံးတွေပြင် သူမယုံချင်တော့။ ကြည့်ပါဦး။ နီနီလင်း ၏ကိုယ်ခန္ဓာမှာ လှုးလှုးလွန့်လွန့်ဖြစ်လျက် ခေါင်းလေးမှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ဟင်း ... ဟင် ... အား ... အင်း ... မောင် ... မောင်"

ညည်းညူရုံမဟုတ်တော့ဘဲ သူ့ကိုပင်ခေါ်နေလေပြီ။ ထိုသို့ဆိုလျှင် သူမအသက်ပြန်ရှင်လာပြီပေါ့။ တကယ်လား။ တကယ်ဟုတ်ပါသလား။သူမတို့မရဲ ခြင်း အနားသို့တိုးကပ်သွားသည်။ စာတွေ့ဗဟုသုတကြောင့် တချို့သေဆုံးပြီဟု မှတ်ယူထားသူများ ရင်ခွဲခါနီးမှ အသက်ပြန်ရှင်လာတာတွေ ဖတ်ဖူးသည်။ ကိုယ် တွေ့တော့မကြုံဖူး။ ယခုတော့မျက်ဝါးထင်ထင်တွေ့ရလေပြီ။

အနားရောက်တော့ သူမကိုသေသေချာချာကြည့်သည်။ မျက်လုံးတော့ မွှင့်နိုင်။ ခေါင်းလေး ဟိုဘက်သည်ဘက်လှုပ်လျက် ...

"အား ... ကျွတ် ... ကျွတ် ... မောင် ... မောင်"

---



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်တွေက ကိုယ်ပေါ်မှပန်းများနှင့် အင်္ကျီပြောင်းပြန်တို့ကို ဖယ်ရှားလိုက်ပြီး ...

"နီနီ ... နီနီ ... မင်း ... မင်းမသေဘူးနော်"

နှုတ်ကသာမေးနေမိသော်လည်း လက်ဖြင့်တော့ မတို့ရဲ မထိရဲသေး။

"အင်း ... အင်း ... အင်း"

"နီနီ _ နီနီ _ မောင်မေးနေတယ်လေ၊ မောင်မေးတာတွေကြားရဲ့လား"

"ချမ်းတယ် ... ချမ်းတယ်"

ထိုအခါမှ သူသတိဝင်လာကာ ...

"မြင့်နိုင် ... မြင့်နိုင် ... ကျော်စွာ"

သူ့ခေါ်သံကြောင့် အိမ်ပြင်ထွက်ပြေးသွားသော မြင့်နိုင်တို့တသိုက် အခြေအနေကိုချောင်းမြောင်းကြည့်နေရာမှ ...

"ဘယ်လိုလဲကျော်စွာ _ ဟိုကောင်ကတော့ ငါတို့ကိုခေါ်နေပြီ"

"သေပြီးမှ ပြန်ရှင်နိုင်ပါ့မလားကွာ"

"အစိမ်းသရဲ ဝင်ပူးတာများလား _ ဒါ့ပဲဖြစ်နိုင်တယ်၊ ငါကတော့ မသွားရဲဘူး"

"ဆရာဝန်စမ်းသပ်တာ မှားလို့နေပါလိမ့်မယ်"

"မြင့်နိုင် ... ကျော်စွာ ... တင်သန်း"

ကောင်းမြတ်အော်ခေါ်သံက ထပ်မံထွက်ပေါ်လာပြန်သောအခါ သူတို့မနေသာတော့ပေ။

---

**ရဲရင့်အောင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကလည်းကွာ ... ယောက်ျားတွေမဟုတ်တဲ့အတိုင်း ပဲ ... လာအထဲဝင်မယ်၊ သူတောင် အဲ့ဒီအနားမှာရှိနေပြီပဲ"

မြင့်နိုင်၏လောဆော်မှုကြောင့် သူတို့ပေကပ်ကပ်လုပ်မနေဝံ့တော့။ ခပ် ရွံ့ရွံ့နှင့်ပင် အိမ်ထဲဝင်လာခဲ့ကြသည်။

"အခန်းထဲက စောင်တစ်ထည်သွားယူလိုက် ... မြင့်နိုင်"

မြင့်နိုင်က အခန်းထဲသို့ ခပ်သွက်သွက်ဝင်သွားသည်။ ကျော်စွာနှင့် တင်သန်းက သူမကို မဝံ့မရဲနှင့်လှမ်းကြည့်ကြ၏။

"ကောင်းမြတ် မင်း ... မင်းမိန်းမ တကယ်မသေတာနော်"

"မသေလို့ ညည်းနေတာပေါ့ကွ"

"ဆရာဝန်ပြောတော့ သေပြီဆို"

ထိုစဉ် မြင့်နိုင်က စောင်ကိုလာပေးသောကြောင့် သူက သူမခန္ဓာကိုယ် ပေါ်လွှားပေးလိုက်၏။

"သူချမ်းနေတယ်"

"ပြောလို့လား"

သူက စကားဖြင့်မပြော။

ခေါင်းညိတ်ပြလိုက်၏။

ကျော်စွာက ရုတ်တရက် တစ်စုံတစ်ရာကိုသတိရသွားပြီး ...

"တို့ ဆရာဝန်တစ်ယောက်ယောက်ကိုခေါ်ပြရင်ကောင်းမလား"

ထိုအစီအစဉ်ကို တင်သန်းကလည်းသဘောတူသည်။

"ဟုတ်တယ် ... ဆရာမာန်ထက်ကိုခေါ်ပြရင်ကောင်းမယ်"

"မလုပ်နဲ့ ... သူကသေပြီလို့ ယတိပြတ်ပြောသွားတာ၊ ဆေးရုံတင်



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ပြောတော့ သူတောင်စိတ်ဆိုးသွားသေးတာ၊ ခုလိုဖြစ်တော့မျက်နှာပူစရာ ကောင်းတယ်"

"ဒါဆို တစ်ယောက်ယောက်ပေါ့ကွာ"

"ဒီမြို့မှာ သူတစ်ယောက်တည်း ရှိတာမဟုတ်ပါဘူးကွာ၊ ငါနဲ့သိတဲ့ ဒေါက်တာမျိုးအောင်ရှိတယ်၊ ငါဆိုင်ကယ်နဲ့သွားခေါ်လိုက်မယ်"

"ညကြီးမင်းကြီးဖြစ်ပါ့မလား"

"အကျိုးသင့်အကြောင်းသင့်တော့ပြောပြရမှာပေါ့ကွာ၊ ခုဟာက အရေးပေါ်ကိစ္စပဲ သူလိုက်မှာပါ၊ ဟော့ကောင်တင်သန်း မင်းငါနဲ့လိုက်ခဲ့"

ထို့နောက် တင်သန်းကကျော်စွာကိုခေါ်ကာ ထွက်သွားလေသည်။ သူနှင့်မြင့်နိုင်နှစ်ယောက်တည်းသာကျန်ခဲ့သည်။ လူနာမှ ဆက်လက်ညည်းညူမှု မပြုတော့ဘဲ ငြိမ်သက်သွားသည်။ သို့သော် အသက်မှန်မှန်ရှူနေတာတော့ တွေ့ရ၏။

"ဒါဘယ်လိုသဘောလဲ"

မြင့်နိုင်က ပန်းများ၊ အဝတ်အစားများကို သိမ်းဆည်းရင်းမေးသည်။

"ငါလည်း ဘယ်သိပါ့မလဲကွ"

သူက စိတ်ပျက်လက်ပျက်ပြောရင်း စောစောကဖြစ်ရပ်ဆီ အတွေး ရောက်သွားပြန်သည်။ ယင်းမှာ အဘိုးအိုနှင့်မိန်းမကြီး။

"မင်းတို့အိပ်ပျော်နေတုန်း ငါထူးဆန်းတာတစ်ခုတွေ့လိုက်ရတယ်"

"ဘယ်လိုကွ ... "

"တောင်ဝှေးတစ်ချောင်းနဲ့ရောက်လာတဲ့ အဘိုးအိုဝိညာဉ်နဲ့မိန်းမ တစ်ယောက်ဝိညာဉ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဘာ ... ဘာ ... ဘယ်လို"

"တောင်ဝေးသံ တဒေါက်ဒေါက်ပေးပြီးရောက်လာတာ"

"ဒီအိမ်ထဲကို"

"ဟုတ်တယ် ... အဘိုးကြီးရော မိန်းမကြီးရော မျက်နှာတွေက ကြောက်စရာကောင်းလိုက်တာ၊ မင်းကို ဘယ်လိုပြောရမယ်တောင်မသိဘူး၊ ပြီးတော့ အဝတ်အစားတွေက စုတ်သီးစုတ်ဖတ်တွေ အဲဒီမိန်းမက ငါ့ကို စိမ်းစိမ်းကြီးကြည့်နေလိုက်တာ ကျောချမ်းစရာတောင်ကောင်းတယ်၊ နောက်တော့ အဲဒီမိန်းမ နီနီလင်းကိုယ်ထဲဝင်သွားတော့တာပဲ"

"ဟော"

လူနာနားတွင်ထိုင်သောမြင့်နိုင် မသိမသာစွာထလိုက်၏။

"ဘာဖြစ်တာလဲ"

"ဟိုလေကွာ – ခုဟာက မင်းမိန်းမအသက်မဟုတ်တော့ဘဲ မင်းပြောတဲ့ မိန်းမဖြစ်နေမလားလို့"

ကောင်းမြတ်လည်း ဘာပြန်ပြောရမှန်း မသိအောင်ဖြစ်သွားသည်။

"ဦးနှောက်ခြောက်လိုက်တာကွာ ငါလည်းမင်းကိုဆက်ရှင်းမပြတတ်တော့ဘူး၊ ဆက်ပြီးစောင့်ကြည့်ရတော့မှာပဲ၊ ဒါပေမယ့် ဒီအကြောင်းတွေ ဟိုနှစ် ယောက်ကိုသွားမပြောနဲ့ကွာ၊ တော်ကြာဇာတ်လမ်းတွေရှုပ်ကုန်မှာစိုးလို့ ငါ ပြောတာကြားလား"

"အေးပါ ငါမပြောပါဘူး"

ထို့နောက် – သူတို့နှစ်ယောက် အတန်ကြာငြိမ်သက်သွားကြ၏။ နောက်ထပ် နာရီဝက်ခန့်ကြာသည့်အခါ ကျော်စွာနှင့်အတူ ... ဝင်ခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ရောက်ရောက်ချင်း ဆရာဝန်မှာတွေတွေထူးထူးစကားမဆို၊ လူနာကို ချက်ချင်းစမ်းသပ်မှုပြုသည်။ ကျေနပ်လောက်အောင်ပြုပြီးမှ ...

"ဆေးလောကမှာဒါမျိုးတွေရှိပါတယ် တော်ရုံစမ်းသပ်ရုံနဲ့မရနိုင်လို့ သေပြီလို့ယူဆတဲ့ သာဓကတွေရှိတယ်၊ အခု ကျွန်တော်ဆေးထိုးပေးခဲ့မယ်၊ မနက်ဖြန်ဆိုရင်တော့ ပြန်ပြီးကောင်းမွန်လာမှာပါ၊ နောက်တစ်ခေါက် ထပ်လာကြည့်ဦးမယ်၊ သူ အရင်ကအိပ်ခဲ့တဲ့ခုတင်ပေါ်ပြန်တင်ပေးလိုက်ပါ"

ဆရာဝန်က သူ့ရှေ့တွင်ပင်ပြုလုပ်နိုင်းနေသောကြောင့် ဇဝေဇဝါ စိတ်ကို မေ့ဖျောက်ထားလိုက်ပြီး နီနီလင်းကိုပွေ့ယူကာ အိပ်ခန်းထဲခုတင်ပေါ်သို့ ပြောင်းရွှေ့လိုက်သည်။ အသက်မသေဘဲ ပြန်ရှင်လာသည့်တိုင် ပြည့်ပြည့်ဝဝ မပျော်ရွှင်နိုင်သည့် သူ့အဖြစ်က တော်တော်လေးဆိုးရွားလှပါ၏။ ဆရာဝန် ပြန်သွားပြီးသည့်နောက် သူတို့ခေါင်းချင်းဆိုင်ရတော့၏။

နာရေးဖိတ်စာရိုက်ကူးကာ ဝေငှထားသောကိစ္စ။

အခေါင်းပြုလုပ်ထားပြီးသောကိစ္စ။

အိမ်ရှေ့ရောက်နေပြီဖြစ်သော အခေါင်းတင်လှည်းကိစ္စ။

သက်ပျောက်ဆွမ်းပင့်ထားသော ဘုန်းကြီးကိစ္စ။

မနက်ဖြန်ရောက်လာမည့် နီနီလင်းဆွေမျိုးသားချင်းများကိစ္စ။

ဟိုကိစ္စ၊ သည်ကိစ္စတွေကို တာဝန်အသီးသီးခွဲယူလိုက်ကြသည်။ သို့ဖြင့် နံနက်အရုဏ်တက်ချိန်ရောက်လာခဲ့သည်။ နီနီလင်းပြန်လည်နိုးလာသည့် အခါ ဘယ်လိုတွေဆက်ဖြစ်မလဲဆိုတာတော့ မည်သူမျှမခန့်မှန်းနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com

# ညှော်သည်

အဝေးပြေးကားတစ်စီးထိုးရပ်လာတော့ ခေါင်းရွက်ဈေးသည်တွေ ...ဝိုင်းလည်ရောက်လာသည်။ ဒေသထွက်ရောင်းကုန်စားကုန်တွေကို အသံ ...စာစာအော်လျက် သူ့ထက်ငါ အလုအယက်ရောင်းကြသည်။

"လိမ္မော်သီးတွေရမယ် ... လိမ္မော်သီး"

"ပဲပြုတ်"

"ပျားရည်တွေစစ်တယ် ပျားရည်တွေ"

ကားပေါ်မှ ခရီးသည်သုံးယောက်ဆင်းလာသည်။ တစ်ယောက်မှာ ...သက်(၄၀)ကျော်အမျိုးသမီးတစ်ယောက်ဖြစ်ပြီး အားလုံးထဲတွင် အထင်ရှား ...ဆုံး ဖြစ်သည်။

အထင်ရှားဆုံးဟုဆိုရခြင်းမှာ အသွင်သဏ္ဌာန်ကိုက ထူးခြားနေ... ...သည်။ လှိုင်းတွန့်ပုံစံကောက်ထားသော ဆံပင်ကို ခပ်မို့မို့လေးထုံးထား...သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအကျမှာ မိန်းကလေးအများစုလို သွယ်သွယ်မဟုတ်၊ လေးထောင့်နည်းနည်းဆန်သည်။ တိကျမှု၊ ပြတ်သားမှုတို့ကိုပြဆိုသောသင်္ကေတ။ မျက်လုံး မျက်ခုံး၊ နှာခေါင်းနှင့်ပါးစပ်တို့မှာ ပြေပြေပြစ်ပြစ်ရှိသည်။ ဖြူနီးခနဲကြည့်လျှင် ရုပ်ရှင်သရုပ်ဆောင် ထွန်းအိန္ဒြာဗိုနှင့်ပင် နည်းနည်းဆင်တူသည်။ သို့သော် မျက်နှာပေါ်တွင် လိုအပ်သည်ထက်ပိုသော အရောင်တွေတင်ထားသဖြင့် ပြဇာတ် မင်းသမီးနှင့်ပိုတူနေသည်။

ဝတ်စားဆင်ယင်ပုံက ခေတ်ဆန်သည်။ ပစ္စည်းပစ္စယများများစားစား မပါ။ ပခုံးလွယ်အိတ်ငယ်တစ်လုံးနှင့် ခရီးဆောင်အိတ်တစ်လုံးသာပင်။

နောက်နှစ်ယောက်မှာ ယောကျ်ားနှင့်မိန်းမကြီး။ တစ်ယောက်မှာ အသက်(၆၀)ကျော်ခန့်ရှိပြီး၊ တစ်ယောက်မှာ အသက်(၅၀)ဝန်းကျင်ခန့်ဖြစ်၏။

ထိုနှစ်ယောက်မှာ ရွာခလေ့ရွာစရိုက်ပင် ခပ်ရိုးရိုးဝတ်ဆင်ထားသည်။ ခရီးသည်ဆင်းသည်နှင့်ကယ်ရီသမားတွေ အနားသို့တိုးကပ်လာသော်လည်း မည်သူမျှမစီးဖြစ်ပါ။ အမျိုးသမီးက အနီးရှိစတိုးဆိုင်တစ်ဆိုင်သို့ဝင်သွားသည်။ သူမဈေးဝယ်နေစဉ် နောက်ကျောဘက်ဆီမှ ...

"ဦးလေး ဖုန်းဆက်ချင်လို့ရမလား"

သူမလှည့်ကြည့်တော့ စောစောကလူကြီး ...

ဆိုင်ရှင်ကောင်မလေးက ပစ္စည်းတစ်ခုခုကိုရှာနေဆဲမှာပင် ...

"ပြောပါဦးလေး ပြောလို့ရပါတယ်"

ဖုန်းက သူမအနီးရှိ ရှိုးကေ့ပေါ်မှာ ...

"တူမကြီး ဦးလေးကို ဟောဒီဖုန်းနံပါတ်လေး တဆိတ်လောက်နှိပ်ပေးပါလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်များရေးထားသော စက္ကူပိုင်းလေးကို သူမဆီကမ်းပေးလာသောကြောင့် သူမတစ်ချက်ကြည့်လိုက်သည်။ သည်မြို့တွင်းကဖုန်းနံပါတ်ပင်။ သူမသွက်လက်စွာနှင့်ခလုတ်များနှိပ်ကာ ခေါ်လိုက်သည်။ အသံရှည်လေးဝင်လာသောကြောင့် ...

"ရပြီ"

ဖုန်းခွက်ကို ထိုလူကြီးထံပြောင်းပေးလိုက်သည်။

"အခုပြောနေတာ မောင်ကောင်းမြတ်လားကွ"

" ... "

"အေး ... ဦးက နီနီလင်းရဲ့အဖေပါ၊ ဦးတို့ ဒီမြို့ကားဂိတ်ကို ရောက်နေပြီ၊ အဲဒါ ဦးတို့မလာတတ်လို့ လာကြိုပါဦး"

" ... "

ဖုန်းနားထောင်သူလူကြီး၏မျက်နှာမှာ ချက်ချင်းဆိုသလို အလွန်အင်မတန်အံ့ဩသွားသည့်အသွင်ဆောင်ကာ –

"ဘယ် – ဘယ် ဘယ်လိုကွယ့်၊ သမီးမသေဘူး ဟုတ်လား၊ ပြန်ရှင်လာတယ် ဘုရား ဒါ ဒါမျိုးတွေရှိတယ်၊ ဆရာဝန်ကိုယ်တိုင်ကဆုံးဖြတ်လို့ အလောင်းတောင်ပြင်ပြီးနေတဲ့ဥစ္စာ"

ထိုစကားကြောင့် အနားမှအမျိုးသမီးစိတ်ဝင်စားသွားသည်။ ဦးလေးကြီး၏ မျက်နှာတွင်အပျော်ရိပ်တွေကူးစက်လျက် စကားကို တိုတိုတုတ်တုတ်ဆိုကာ ဖုန်းချလိုက်၏။

"ဖုန်းခ ဘယ်လောက်လဲ တူမကြီး"

"ဦးလေးက မြို့စွန်မှာနေတဲ့ နီနီလင်းတို့ရဲ့အဖေလား"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်ကောင်မလေးက မေးလိုက်ခြင်းဖြစ်သည်။ ဦးလေးကြီးက ပိုက်ဆံလှမ်းပေးရင်း ...

"ဟုတ်ပါတယ်"

"ကိုကောင်းမြတ်က သမီးတို့ရဲ့မိတ်ဆွေပါ၊ ဆိုင်မှာဝယ်နေကျဖောက်သည်တစ်ယောက်ပဲ၊ သူ့အမျိုးသမီးဆုံးတယ်ဆိုပြီး ဖိတ်စာတွေတောင်လိုက်ဝေပြီးပြီ ဒီနေ့ဆိုသင်္ဂြိုဟ်မယ့်နေ့ပေါ့၊ ခုတော့ ဝမ်းသာစရာပေါ့ဦးလေးရယ်"

"ဦးလေးလည်း ဘယ်လိုပြောရမှန်းမသိတော့ပါဘူးကွယ်"

ဆိုင်ရှင်ကောင်မလေးပိုက်ဆံပြန်အမ်းနေစဉ်မှာပင် မိတ်ကပ်လိမ်းချယ်ထားသော အမျိုးသမီးမှာ သူလိုအပ်သောပစ္စည်းရပြီးပြီမို့ လှည့်ထွက်ခဲ့သည်။ လမ်းတစ်ဘက်တွင် ဦးလေးကြီးနှင့် အတူပါလာသောအဒေါ်ကြီး မတ်တတ်ရပ်စောင့် နေတာတွေ့သည်။ စောစောကကြားခဲ့ရသောစကားများကို အမှုမဲ့အမှတ်မဲ့ဟန် နားထောင်ခဲ့သော်လည်း ခေါင်းထဲတွင်တော့ အသေအချာမှတ်မိနေမှုနှစ်ခုမှာ–

နီနီလင်း ...

သေဆုံးပြီးမှ ပြန်ရှင်လာသူ ...

△△△



www.burmeseclassic.com

www.burmeseclassic.com

## ကျူသီမည်သူ

ကျော့ကျော့ည္ဆ္ခန်းရှိ ဒရင်းဘတ်ပေါ်တွင်အသာလှဲနေသည်။ အနား တွင် အစ်မဝမ်းကွဲတော်သူ မူမူက ဆံပြုတ်ကိုအပူလျော့သွားစေရန် ပန်းလေး ဖြင့်မွှေပေးနေသည်။ ညက သူမအပြင်းဖျားသည်။ အဖေဆေးတိုက် သောမှာ သည်မနက်ကိုယ်ပူကျသွားခြင်းဖြစ်သည်။

စောစောစီးစီး မြင့်နိုင်ဆိုယ်ကယ်တစ်စီးနှင့်ရောက်လာသည်။ အဖေ့ကို နှိုးသည်။ နီနီလင်း အသက်ပြန်ရှင်လာလို့ဟူသောသတင်း ကြားကြောင့် အဖေ့လက်ထဲမှ သောက်ရေခွက်လွတ်ကျသွားသည်။ နားမရှင်း သောကြောင့် သေသေချာချာမေးယူရသည်။ သူ့ဘဝတစ်သက်တာအတွင်း မကြုံဖူးသောအဖြစ်ပျက်မို့ပင်။

ထို့နောက် အဖေက မူမူကိုသွားခေါ်ကာ ကျော့ကျော့အနားတွင် နေစေလျက် မြင့်နိုင်နှင့်လိုက်သွားသည်။ ထိုအခါ ကျော့ကျော့အတွေး ငြိုးစားစရာတွေ ဖြစ်လာရသည်။ ညက အဖြစ်အပျက်သည်ဘာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ထိုသို့ဖြစ်ရပါလဲ။ အစက နီနီလင်း၏ဝိညာဉ်ဟုထင်ခဲ့သည်။ ခု နီနီလင်းကသေဆုံးခဲ့သည် မဟုတ်။ ထို့ကြောင့် မဖြစ်နိုင်။

"ကဲ ... မိကျော့ တခြားဘာတွေမှလျှောက်မတွေးနဲ့၊ ဆန်ပြုတ်လေး သောက်လိုက်ဦး"

"ကျွန်မမုန်းတဲ့သူဟာ လောကကြီးထဲကထွက်မသွားသေးဘူး"

"ဘာလို့ အဲလောက်တောင် အာဃာတတွေထားနေရတာလဲ မိကျော့ရယ်၊ နင်ဟာလေ အကုသိုလ်တွေကိုဝယ်ယူနေသလိုပဲ"

"မမူမသိပါဘူး"

"ဘာမသိတာလဲ၊ မိကျော့နော် နင်ဆိုးချင်တိုင်းဆိုးမနေနဲ့၊ ကိုယ်မနှစ်သက်ဘူးဆိုလည်း မျက်နှာချင်းမဆိုင်ရုံရှိတာပဲ"

"သူ ဘာကြောင့်ပြန်ရှင်လာတာလဲ"

"သေနေ့သေရက် မစေ့သေးလို့ပေါ့ဟဲ့ ... "

ထိုစဉ် အိမ်အတွင်းသို့ မူမူ၏တူမလေး အပြေးဝင်လာသည်။

"အန်တီမူ ... အန်တီမူ အိမ်မှာဧည့်သည်ရောက်နေတယ်"

"ဟင် ... ဘယ်ကဧည့်သည်များပါလိမ့်"

"အန်တီမူတို့အရွယ်လောက်ပဲ၊ မျက်နှာမှာမိတ်ကပ်တွေလိမ်းထားတာ နီရဲလို့၊ အန်တီမူရဲ့အသိတဲ့"

မူမူချက်ချင်းစဉ်းစားမရဖြစ်နေသည်။

"မိကျော့ ခဏနေဦးနော်၊ ငါအိမ်ခဏပြန်လိုက်ဦးမယ်၊ နင်ဆန်ပြုတ်ကိုသောက်ဖြစ်အောင်သောက်၊ ငါ့ပြောစကားလည်း နားထောင်အုံးပါဦးဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

ကျော့ကျော့က စိတ်မပါသလိုဖြေပြီး မှူမှူကမျက်စောင်းတစ်ချက် ထိုးကာ ထွက်သွားတော့၏။ သူမအနားရှိ ဖက်ရှင်မဂ္ဂဇင်းအဟောင်းတစ်အုပ်ကို ယူကာ ဟိုလှန်သည်လှန်လုပ်နေလိုက်သည်။ စိတ်တွေကတော့ စာအုပ်ထဲတွင် မရှိ။ ညက အကြောင်းဆီသို့သာ ပြန်ပြန်ရောက်နေသည်။ ခုတော့ သူမ ကြောက်ဖျားဖျားနေလေပြီ။

အတန်ကြာသည့်အခါ မှူမှူပြန်ရောက်လာသည်။ သူမနှင့်အတူ ညှို့သည်လည်းပါလာသည်။

"လာ မလတ်ထိုင်"

မှူမှူက နေရာထိုင်ခင်းလုပ်ပေးသည်။

"မလတ်ကိုမိတ်ဆက်ပေးရဦးမယ်၊ ဟောဒါက ကျွန်မရဲ့ညီမဝမ်းကွဲ ကျော့ကျော့တဲ့ သူ့အဖေနဲ့ကျွန်မအမေနဲ့က မောင်နှမ"

ကျော့ကျော့က ချိုချိုသာသာလေးပြုံးပြသည်။

"ကျော့ကျော့ ဟောဒါ တင်မလတ်တဲ့၊ မန္တလေးသူ ပြီးခဲ့တဲ့နှစ်ပါတို့ တောင်ပြုံးသွားရင်းတွေ့ပြီး ခင်သွားကြတာ၊ မလတ်က ဘယ်လိုပြောမလဲ အထက် ပုဂ္ဂိုလ်တွေစောင့်ရှောက်တဲ့သူ ကိုယ်တော်တွေကိုလည်း နှစ်တိုင်းပူဇော်ပသတယ်လေ။ ပြီးတော့ အကြားအမြင်လည်းရတယ်၊ စကားမဆက်ခင်းရောက်ရောက်ချင်း နင့်အကြောင်းနဲ့ ညကအဖြစ်အပျက်တွေကို ပြောပြတော့ သူကနင်နဲ့တွေ့ ချင်တယ်ဆိုပြီးလိုက်လာတာ"

ထိုအပြောကြောင့် ကျော့ကျော့တင်မလတ်အပေါ် အားကိုးလိုစိတ်တွေ တဖွားဖွားပေါ်လာသည်။ ထို့ကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မလတ် မိကျော့တော့ဘယ်လိုဖြစ်တယ် မပြောတတ်တော့ဘူး"

"ပွဲက အခုမှစပြီး၊ အခုမှစကြမ်းတော့မှာကျော့ကျော့ရဲ့"

"ရှင်"

တင်မလတ်စကားအဆုံးမှာ ကျော့ကျော့အတွက်သိပ်မရှင်းလှပါ၊ အခုမှ ပွဲကစပြီး ကြမ်းတော့မှာဆိုပါလား၊ ဘာသဘောလဲ ဘာအဓိပ္ပါယ်လဲ၊

"မိကျော့သိပ်နားမလည်ဘူး"

"မူမူပြောပြလို့ ကျော့ကျော့ဟာ ကိုကောင်းမြတ်ရဲ့ညီမနော်"

"ဟုတ်ပါတယ်"

"ကိုကောင်းမြတ်ရဲ့ အမျိုးသမီးဟာ မသေဘဲပြန်ရှင်လာတဲ့ နီနီလင်းမို့လား"

"ဟုတ်တယ်ပါ"

"စောစောကလေးတင် သူ့မိဘတွေရောက်လာကြတယ်၊ မလတ်နဲ့ တစ်ကားထဲစီးခဲ့တာလေ၊ အစကတော့ မသိပါဘူး၊ စတိုးဆိုင်ဈေးဝင်ဝယ်နေတုန်း ဖုန်းလာဆက်ပြီး ကိုကောင်းမြတ်ကိုလာကြိုခိုင်းတာနဲ့ နည်းနည်းပါးပါးသိခဲ့ရတာ၊ အခု မူမူနဲ့တွေ့မှ တိုက်တိုက်ဆိုင်ဆိုင်ဆုံရတာပဲလို့ အောက်မေ့မိတော့တယ်၊ ဒီလိုကျော့ကျော့ရဲ့ မလတ်အာရုံရသလောက်ပြောရရင် ညကဖြစ်တဲ့ အဖြစ်မှာ နီနီလင်းရဲ့ဝိညာဉ် ကျော့ကျော့ကိုဒုက္ခပေးတာအမှန်ပဲ"

"တကယ်ပြောတာလားမလတ်ရယ်"

"မလတ်အာရုံပေါ်လာတာကိုပြောတာပါ"

"ဒါဆို ဟိုဘက်ကနီနီလင်းကရော"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနီနီလင်းဟာ အစစ်မဖြစ်နိုင်ဘူး၊ နီနီလင်းအစစ်ကသေပြီ"

"ရှင်"

"ဟုတ်တယ် နီနီလင်းအစစ်ကသေပြီ၊ သူ့ခန္ဓာကိုယ်ထဲကိုတစ်စုံတစ်ယောက် ဝင်ပြီးခိုတာဖြစ်ရမယ်၊ မယုံရင်အခြေအနေကိုစောင့်ကြည့်လေ"

မှူမှူရော ကျော့ကျော့ပါ မျက်ခုံးတွေမြင့်တက်သွားကြသည်။ ဒါဟာ ကြားဖူးနားဝမရှိသည့်စကား။ ပုံပြင်ဆန်သောစကား။ မယုံနိုင်စရာစကား။

"ပွဲကြမ်းတော့မယ်ဆိုတာကရော"

"ကျော့ကျော့မှာ ရှေ့ဆက်ပြီး အနှောင့်အယှက်တွေ ဆက်တိုက်ကြုံရတော့မယ်လို့ဆိုလိုတာ"

"ဘယ်သူကဒုက္ခပေးမှာလဲ မလတ်ရယ်၊ မြန်မြန်ပြောပါဦး"

"ခုတော့ ဘယ်သူဘယ်ဝါဆိုတာ အတတ်ပြောလို့မရသေးဘူး အေးအေးဆေးဆေးနေမှကြည့်ပေးပါ့မယ်၊ စိတ်မပူပါနဲ့၊ မလတ်ပညာနဲ့ အန္တရာယ်ကာကွယ်ပေးတဲ့အဆောင်လုပ်ပေးပါ့မယ်"

"အမလေး ကျေးဇူးတင်လိုက်တာ မလတ်ရယ်၊ ကျွန်မ မလတ်ကို ဘယ်တော့မှ မမေ့ပါဘူး၊ မလတ် ဒီမှာရှိဦးမှာမို့လား"

"အိုး - ဖြည်းဖြည်းပေါ့မလတ်ရယ်၊ ချက်ချင်းကြီးတော့ မပြန်ရဘူး နော်၊ မလတ်ပျော်သလောက်သာနေ ဘာမှအားနာစရာမလိုဘူး"

မှူမှူကစကားဖြတ်ဝင်ပြောသည်။

"ဟုတ်တယ် ဟုတ်တယ် ... မမှူပြောသလိုပဲ မိကျော့တို့အပေါ် ဒေသမှာ ဘာမှအားနာစရာမလိုဘူး၊ အစားအသောက်အတွက်လည်း ပူစရာ မြန်မြန်ဆန်ဆန်တော့ပြန်မသွားရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



တင်မလတ်က ခပ်ယဲ့ယဲ့လေးပြုံးသည်။ သူမအပြုံးကတစ်မျိုးတော့ တစ်မျိုးပင်။ ပြဇာတ်မင်းသမီးအပြုံးမျိုးလည်းဖြစ်ချင်ဖြစ်နိုင်သည်။

"မလတ်က ပြီးခဲ့တဲ့ရက်တွေကတည်းက ဒီကိုအလိုလိုလာချင်နေခဲ့တာ၊ ဘာကြောင့်မှန်းလည်းမပြောတတ်ဘူး၊ ထင်ပါတယ် အထက်ပုဂ္ဂိုလ်တွေ နိူးဆော်နေတာဖြစ်မှာပါ၊ သွားသင့်မသွားသင့်အကြိမ်ကြိမ်ဆုံးဖြတ်ခဲ့သေးတာ၊ နောက်ဆုံးတော့ မထူးဘူးဆိုပြီ ထလာခဲ့တာ၊ အင်း အခုတော့ ပြဿနာလေး တစ်ခုနဲ့ကြုံရပြီ၊ ဒီမယ် ကျော့ကျော့ မလတ်ဟာလေ သူများတကာကို ကူညီရ မယ်ဆိုရင် ဘယ်တော့မှနောက်တွန့်တဲ့မိန်းမမျိုးမဟုတ်ပါဘူးကွယ်၊ စိတ်ချ အားလုံးအဆင်ပြေတဲ့အထိ ကူညီပေးမယ်"

"ဝမ်းသာပါတယ် မလတ်ရယ်"

ကျော့ကျော့နှင့် မလတ်မှာ တစ်ခဏအတွင်းပင် ညီအစ်မအရင်း အချာတွေလို ရင်းနှီးသွားကြလေသည်။

"ကဲ ... မလတ်နဲ့မိကျော့ စကားပြောနေရစ်ကြဦး၊ မမူစားဖို့ သောက်ဖို့ သွားစီစဉ်လိုက်ဦးမယ်"

"ထွေထွေထူးထူးတွေလျှောက်လုပ်မနေနဲ့နော်"

"အိမ်ရှင်ဝတ္တရားတော့ ကျေချင်ပါတယ်မလတ်ရယ်"

မူမူကရယ်ရယ်မောမောပြောဆိုကာ သူအိမ်သို့ပြန်သွားလေ၏။

⛵⛵⛵



www.burmeseclassic.com

www.burmeseclassic.com

## ပြောင်းလဲခြင်းများနှင့်သူမ

နီနီလင်း၏အဖေဦးတင်မောင်ကို ကောင်းမြတ်ကတင်လျက် အဒေါ်တောစပ်သူ ဒေါ်လှရွှေကိုမြင့်နိုင်ကတင်၍ ဆိုင်ကယ်တစ်ယောက်တစ်စီးစီဖြင့် ကြိုလာခဲ့ကြ၏။

"အခုသမီးအခြေအနေက"

"အိပ်ရာကနိုးကတည်းက ပြန်ကောင်းနေပါပြီ ဒါပေမယ့် ... "

ကောင်းမြတ်စကား ထိုနေရာတွင်ပင်ရပ်သွားသည်။ ဦးတင်မောင်က

"ဒါပေမယ့် ဘာဖြစ်လဲ၊ ပြောစမ်းပါဦး"

"ဘယ်လိုတောင်ပြောရမှန်းမသိတော့ပါဘူး အဖေရာ"

ထို့နောက် စကားသံတိတ်သွားပြန်လေသည်။ ဦးတင်မောင်မှာ သိချင်စောပိုလာပြီး ...

"ပွင့်ပွင့်လင်းလင်းပြောစမ်းပါသားရဲ့၊ အဖေ့ကိုဘာမှအားနာဖို့မလိုဘူး၊ ကဲပြော ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူကြည့်ရတာ အရင်လိုမဟုတ်တော့ဘူး၊ ငူတူတူကြီး၊ ကျွန်တော့် ကိုဆက်ဆံတာလည်း အရင်လိုမဟုတ်ဘူး၊ တစ်ခါတလေ ကျွန်တော့်ကို မျက်လုံးစိမ်းကြီးတွေနဲ့တောင်ကြည့်နေလိုက်သေး"

"မင်းစိတ်ထင်နေလို့များလား"

"မဟုတ်ဘူးအဖေ ... သူနဲ့ကျွန်တော်ပေါင်းလာတာ နှစ်နှစ်တောင် ရှိနေပြီပဲ၊ သူ့အကြောင်းကောင်းကောင်းသိတာပေါ့၊ အခုနီနီဟာ အရင်နီနီ မဟုတ်တော့သလိုပဲ"

ဦးတင်မောင် ဆက်လက်မမေးတော့ဘဲ တစ်စုံတစ်ရာကိုငြိမ်ငြိမ်သက် သက် စဉ်းစားကာလိုက်လာခဲ့လေ၏။ အနိမ့်အမြင့် မညီညာသောလမ်းလေး အတိုင်း ဆိုင်ကယ်ကိုမောင်းလာခဲ့ရာ နောက်ဆုံးတွင် ကောင်းမြတ်တို့နေထိုင် ရာ အိမ်သို့ရောက်လာခဲ့၏။

"အဖေ အထဲဝင်"

သူက ဦးဆောင်၍ အိမ်တွင်းသို့ခေါ်လာခဲ့သည်။ ဧည့်ခန်းတွင်တိတ် တိတ်ဆိတ်ဆိတ်လေးထိုင်နေသော နီနီလင်း။ အဖေနှင့်အဒေါ်ကိုမြင်သည့်တိုင် အားရဝမ်းသာဖြစ်မသွား။ လှိုက်လှိုက်လှဲလှဲမကြိုဆို။ ခပ်တည်တည်နှင့်သာထိုင် ကြည့်နေသည်။

"သမီး နေကောင်းတယ်မို့လား"

သူမက ခေါင်းလေးကိုညိတ်ရုံညိတ်သည်။ အဒေါ်က နီနီလင်း လက် တွေ နဖူးတွေကိုစမ်းကြည့်ရင်း ...

"တူမလေး ကိုယ်တော့မပူပါဘူး၊ ဒါပေမယ့် နည်းနည်းတော့နွမ်းသွား သလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေတို့ဘာလာလုပ်တာလဲ"

ထိုမေးခွန်းကြောင့် ဦးတင်မောင်အဖြေရတော်တော်ကျပ်သွားသည်။ သမီးနာရေးသို့လာတာပါဟုပြောလိုက်ရမည်လား။ ဒါလည်းမဖြစ်သေး။ ကောင်းမြတ်နှင့်ဦးတင်မောင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်၏။ သည်နေရာတွင် ဒေါ်လှရွှေကဖြတ်ထိုးဉာဏ်ကောင်းသည်ဟုဆိုရမည်။

"သမီး နေမကောင်းဖြစ်နေတယ်လို့ မောင်ကောင်းမြတ်က လှမ်းအကြောင်းကြားလို့လေ"

"ဪ"

သူ ဪတွင်အင်အားကုန်ခမ်းနေသလိုထင်ရသည်။ ထို့နောက် ခေတ္တငြိမ်သက်သွားကြ၏။ ဦးတင်မောင်မှာ မသိမသာအကဲခတ်သည်။ လမ်းတွင် ကောင်းမြတ်ပြောတာမှန်နေသလိုပင်။

သူ့မမျက်လုံးတွေက သေနေသည်။ လှုပ်လှုပ်ရှားရှားမရှိ။

တစ်နည်းဆိုရလျှင် ခံစားမှုမဲ့နေသလားဟုပင်ထင်ရသည်။ ဒါသည်ပင် စိတ်ပိုင်းဆိုင်ရာနှင့်သက်ဆိုင်နေမည်လား။

"အခု ကျွန်မနေကောင်းနေပြီပဲ ပြန်တော့"

ထိုသို့ တုံးတိတိကြီးပြောချလိုက်တော့ ဦးတင်မောင်မျက်ခုံးတွေပင့်သွားသည်။ တကယ်ဆိုလျှင် အဖေတစ်ယောက်ကိုမပြောသင့်။ ခရီးရောက်မဆိုက်မှာပင် ပြန်ခိုင်းနေတာ သဘာဝမကျ။

"ဟဲ့ ... တူမလေးနီနီ နင့်စကားကဘယ်လိုကြီးလဲဟယ်"

"ကျွန်မကောင်းမြတ်ကိုမပေါင်းနိုင်တော့ဘူး ကွာရှင်းရမယ်"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားတွေက တဖြည်းဖြည်းနှင့် အခြေအနေဆိုးဝါးလာမှန်း သိသာလွန်းနေသည်။ အစဉ်အဆက် မောင်ဟုခေါ်ခဲ့သော သူမ။ ခုတော့ ကောင်းမြတ် ဖြစ်သွားလေပြီ။

"သမီး နင်ဘာဖြစ်တာလဲ"

ဦးတင်မောင်စိတ်ထဲ နည်းနည်းတော့ကွက်သွားသည်။

"ဒီယောက်ျားဟာ သူ့ညီမနဲ့ပတ်သက်လာရင် နည်းနည်းလေးမှ ဆတ်ဆတ်ထိခံတာမဟုတ်ဘူး။ အမြဲတမ်းသူ့ညီမဘက်ကပဲကြည့်တယ်၊ ကျွန်မအပေါ် မတရားအနိုင်ကျင့်တာတွေများနေပြီ"

"နီနီ သတိလည်းထားပါဦးကွာ၊ မင်းပြောတာတွေ မောင်တစ်ခုမှ နားမလည်ဘူး"

"နားမလည်ရင် အသာငြိမ်နေ"

ပြောရင်းဆိုရင်း မျက်လုံးတွေက ခက်ထန်လာသည်။ ရန်သူတစ်ယောက်ကိုကြည့်သည့်အကြည့်မျိုး။ စိမ်းစိမ်းကားကားနိုင်လွန်းလှပါ၏။

"ဟူး မင်းဘယ်လိုတွေဖြစ်သွားတာလဲ နီနီရာ"

"ကျွန်မဘယ်လိုမိန်းမစားမျိုးလဲ ရှင်သိရဲ့လား၊ စိတ်ချ တစ်နေ့ ရှင့်ညီမကို ကျွန်မသတ်ပြမယ်၊ ကျွန်မ မသတ်လည်း သူကကျွန်မကိုသတ်မှာပဲလေ၊ ရှင်တို့နှစ်ယောက်ပူးပေါင်းလည်း ကျွန်မ မကြောက်တတ်ဘူးဆိုတာ ကြိုပြောထားလိုက်ဦးမယ် အဲဒါကြောင့် ရှင်တို့သတိနဲ့နေကြပါ"

သူမက မတ်တတ်ထရပ်လိုက်သည်။ ဘယ်သူ့ကိုမှမကြည့်တော့ဘဲ အခန်းတံခါးကိုခပ်ကြမ်းကြမ်းလေးဆောင့်ပိတ်ကာ ဝင်သွားလေတော့၏။

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



"နီနီ တူမလေး ... ဘုရား ဘုရား ဘယ်လိုဖြစ်သွားတာလဲ စိတ်ဓာတ်ပြန်သွားပြီလား"

"မလှရွှေ ထားလိုက် ထားလိုက်၊ သူ့ဘာသာသူအေးအေးဆေးဆေး-နေပါစေတော့"

ဦးတင်မောင်လှမ်းတားသည်။ အဒေါ်မှာ ရင်တမမနှင့်သောကပွားရလေပြီ။ သူတို့ ညှော်ခန်းတွင်ထိုင်ကာ တစ်ယောက်ကိုတစ်ယောက်အတန်ကြာစကားမပြောနိုင်ကြ။ သူတို့ထဲတွင် စိတ်ပျက်လက်ပျက်အဖြစ်ဆုံးမှာကောင်းမြတ်ပင် ဖြစ်၏။

"ကျွန်တော့်တို့စမည်းခင်ကတည်းက ကျွန်တော့်ညီမကျော့ကျော့နဲ့အဆင်မပြေဖြစ်ခဲ့တာတော့မှန်ပါတယ်၊ ဒါပေမယ့် တစ်အိမ်တည်းအတူတူနေကြတာလည်းမဟုတ်၊ တွေ့ကြတာလည်းမဟုတ်တော့ ဘာသိဘာသာနေကြတာပါ၊ အခုလိုပြင်းပြင်းထန်ထန် ပြောလာလောက်အောင်လည်းမရှိခဲ့ပါဘူး ... အခုတော့ ကျွန်တော်ကိုယ်တိုင် နားမလည်တော့ဘူး ... အဆိုးဆုံးကကျွန်တော့်ကို ကွာရှင်းမယ်ဆိုတဲ့ကိစ္စပဲ"

"အဖေတော့ သူစိတ်ရှုပေါက်တိုင်း လျှောက်ပြောနေတာလို့ထင်တာပဲ တဖြည်းဖြည်းချင်းတော့ ဖျောင်းဖျကြည့်ပါဦးမယ်ကွယ်"

"အဖေတို့လည်းခရီးပန်းလာကြပြီပဲ ... အေးအေးဆေးဆေးနားကြပါဦး ... မြင့်နိုင်မင်း ဦးလေးနဲ့အဒေါ်တို့စားဖို့ တစ်ခုခုစီစဉ်လိုက်ပါကွာ"

"နေနေမောင်ကောင်းမြတ် ... မင်းတို့ကယောကျာ်းလေးတွေအဒေါ်ပဲမီးဖိုချောင်ဝင်ပြီးကြည့်လုပ်လိုက်မယ်"

ဒေါ်လှရွှေက ပျာပျာသလဲဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း အဖေတို့ အိမ်မှာနေကြဦး ကျွန်တော်တို့ရုံးကိုသွားလိုက်ဦးမယ် ... ခွင့်ဘယ်နှစ်ရက်ရမလဲတော့မသိဘူး"

"အေး ... အေး ... သွားကြ ... သွားကြ"

ထို့နောက် သူနှင့်မြင့်နိုင် မြို့ထဲဘက် ထွက်ခဲ့ကြသည်။ ရုံးသို့ချက်ချင်းမသွားသေး။ လက်ဖက်ရည်ဆိုင်ထိုင်ကြသည်။

"မင်း ... ဟိုကိစ္စ ယောက်ခမကြီးကိုပြောပြသင့်တယ်"

သူက လေးတွဲစွာ ခေါင်းကိုခါယမ်းလိုက်သည်။

"မပြောဘူး၊ ပြောလိုက်ရင်ပိုပြီး စိတ်မကောင်းဖြစ်သွားမယ် ... နောက်ပြီးယုတ္တိလည်းမရှိဘူး"

"ဘာပဲဖြစ်ဖြစ် သူအသက်ရှိနေသေးတယ်ဆိုတဲ့အချက်တစ်ချက်တည်းနဲ့ပဲငါဖြေသာပါတယ်ကွာ ... စောင့်တော့ကြည့်ရဦးမှာပေါ့ ... တဖြည်းဖြည်း ပြောင်းလဲသွားမယ်လို့ငါထင်တယ်"

"အင်းလေ ... ဒါတော့မင်းသဘောပဲ"

သူလက်ဖက်ရည်ကို တစ်ငုံသောက်လျှက်ဆေးလိပ်ကို ဖွာရှိုက်ရင်းလမ်းမဘက်သို့ငေးနေလိုက်သည်။

△△△



www.burmeseclassic.com

www.burmeseclassic.com

## နှင်းစေပိုင်စေရှုပ်ကု

နောက်တစ်နေ့ ...

နီနီလင်း၏အပြုအမူများ သိသိသာသာထူးခြားမှုမရှိခဲ့ပါ။ ထမင်းစား တစ်ယောက်တည်း အပြင်သို့ထွက်စားပြီး အိပ်ခန်းအတွင်းမှမထွက်တော့ မည်သူနှင့်မျှလည်း စကားခပ်ဟဟမပြော။ ဒေါ်လှရွှေကိုတော့ အခန်းထဲ အိပ်နိုင်းသည်။ ကောင်းမြတ်အား အခန်းတွင်းသို့အဝင်မခံ။ သို့တစေ သည့် ပြဿနာမှုဖြစ်မလာသောကြောင့် တော်သေးသည်ဟုပင်ဆိုရမည်။ င်မောင်က သူ့သမီးကိုတိတ်တဆိတ်သာ အကဲခတ်သည်။ ထူးထူးထွေထွေ သည် ကောင်းသည်ဘာမှမပြော။

ထိုသို့ငြိမ်သက်နေမှုတွင် နောက်တစ်နေ့၌ လှုပ်လှုပ်ခတ်ခတ်အဖြစ် က်လေးတစ်ခုပေါ်လာခဲ့သည်။ မနက် (၉) နာရီခန့်ပင်ရှိပါလိမ့်ဦးမည်။ ာင်းမြတ်နှင့်ဦးတင်မောင်ညည်ခန်းမှာင်ရှိနိုက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းမြတ် ... ကိုကောင်းမြတ်"

ကောင်းမြတ်ထွက်ကြည့်တော့ မူမူနှင့် ဧည့်သည်အမျိုးသမီးတစ်ယောက်ကိုတွေ့ရသည်။

"ဟာ ... မူမူပါလား ... လာလေ"

သူတို့ဧည့်ခန်းတွင်ဝင်လာခဲ့ကြသည်။ ဦးတင်မောင် ဧည့်သည်တွေကို လှမ်းကြည့်လိုက်ချိန်တွင် ...

"နေပါဦး ... ဟိုဘက်ကတူမကြီးကိုမြင်ဖူးနေပါတယ်၊ ဘယ်မှာပါလိမ့်"

"ဟိုနေ့က စတိုးဆိုင်မှာဖုန်းဆက်နေတုန်းကလေ"

"အား ... ဟုတ်ပြီ ... ဟုတ်ပြီ"

"ထိုင်လေမူမူ ... အဖေ ဟောဒါကျွန်တော့်နှမဝမ်းကွဲ မူမူတဲ့"

"ဦးလေးကိုတော့ ကျွန်မနှစ်ခါသုံးခါလောက်မြင်ဖူးပါတယ်၊ ဦးလေးကသာ ကျွန်မကိုသတိမထားမိတာ"

"အသက်ကြီးလာတော့ မှတ်ဉာဏ်တွေမကောင်းတော့ဘူးပေါ့ တူမကြီးရယ်"

"ကိုကောင်းမြတ် ဟောဒါကျွန်မရဲ့အသိ၊ မန္တလေးမှာနေတယ်၊ နာမည်က တင်မလတ်တဲ့၊ ဗေဒင်လက္ခဏာအကြားအမြင်ဆရာမ"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်"

တင်မလတ်က ကုလားထိုင်တွင်ဝင်ထိုင်ထိုင်ချင်း အိမ်၏အထားအသိုများကို မျက်လုံးဖြင့်လိုက်လံအကဲခတ်လိုက်သည်။

"မူမူကိစ္စရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် မဟုတ်ပါဘူး နီနီလင်းသက်သာရဲ့လား"

အမှန်တကယ်တွင် အကြောင်းမဲ့သက်သက်တော့ မဟုတ်။ တင်မလတ်က နီနီလင်းကိုလေ့လာချင်သည်ဟုဆိုသောကြောင့် အကြောင်းမရှိအကြောင်းရှာကာ ရောက်လာခြင်းဖြစ်၏။ သည်နေရာတွင် ကျော့ကျော့ဆိုလျှင်မဖြစ်နိုင်သောကြောင့် မူမူလိုက်ပို့ရခြင်းဖြစ်သည်။

"သက်သာပါတယ်"

"အဖြစ်အပျက်က ထူးဆန်းနေတာ မယုံနိုင်စရာ ဖြစ်သွားခဲ့တာပါပဲ"

"ဟုတ်ပါတယ်"

နီနီလင်းအကြောင်း ဘေးသူစိမ်းတွေကိုတော့ ထွေထွေထူးထူးမပြောလိုပါ။ နောက်ဆက်တွဲ အကြောင်းအရာတွေသာ သိကုန်လျှင်မနာလိုသူတွေ ခမ်းသာစရာဖြစ်သွားနိုင်သည်မဟုတ်လား။ ထိုစဉ် တင်မလတ် ကောင်းမြတ်ကိုတစ်ချက်ကြည့်ကာ ...

"ကျွန်မစကားတစ်ခွန်းပြောချင်တယ် ကိုကောင်းမြတ်"

"ဘာများလဲ ခင်ဗျာ"

"ကျွန်မ ရှင်တို့အိမ်ကိုအာရုံခံကြည့်တာ သိပ်မသန့်ဘူးလို့ မြင်တယ်"

"ခင်ဗျားဆိုလိုတာ"

"နာနာဘာဝတွေ မကောင်းဆိုးဝါးတွေခိုနားတဲ့နေရာ၊ ဒါမှမဟုတ် အနှောင့်အယှက်ပေးနိုင်တဲ့နေရာလို့ ဆိုလိုတာပါ"

ထိုစကားကြောင့် ကောင်းမြတ်မျက်နှာ နည်းနည်းပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုအချိန်တွင် ထိုစကားမျိုးမပြောသင့်ဟုထင်သည်။

"အကူအညီပေးရမလား"

သူမက နောက်တစ်ဆင့်တက်လာသည်။ ညှိုသည့်မို့ အားနာစိတ်နှင့်ပင် ...

"ဘာအကူအညီလဲ"

ထိုစဉ် နီနီလင်းရှိနေသော အိပ်ခန်းတံခါးပွင့်သွားသည်။ အတွင်းမှ သူမထွက်လာသည်။ အပြင်သို့ထွက်မည့် အဝတ်အစားဝတ်ဆင်ထားသည်။ မျက်နှာပြင်တစ်ခုလုံး မာကျောခက်ထန်ကာ တင်မလတ်ကို စားတော့ဝါးတော့မည့်အတိုင်း စေ့စေ့ကြည့်လျက်လျှောက်လာသည်။

"နီနီ ဘယ်သွားမလို့ ဒီမှာညှိုသည့်တွေရောက်နေတာနဲ့"

ကောင်းမြတ်က ပျာပျာသလဲဆီးပြောသည်။ သူပြောသည်ကို ဂရုစိုက်ပုံမပေါ်ပါ။

"သမီးဘယ်လဲ"

ဦးတင်မောင် မနေသာတော့၍ ဝင်မေးလိုက်သည်။

"ရုံးသွားပြီး အလုပ်ထွက်စာသွားတင်မလို့"

ဦးတင်မောင်နှင့်ကောင်းမြတ် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ဖြစ်ကြ၏။ ထိုကိစ္စမှာ သူမနှင့်သာသက်ဆိုင်နေသောကြောင့် ဝင်မပြောချင်ပေ။ သူအလုပ်မလုပ်တော့လျှင်လည်း ရှာကျွေးရမည်ကသူ့တာဝန်။ အလုပ်ထွက်ရကောင်းမလားဟူ၍လည်း အပြစ်မတင်ရက်ပါ။

"မောင်လိုက်ပို့ပေးမယ်လေ"

"ကျွန်မမှာခြေထောက်တွေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ညော်သည်တွေရှေ့တွင် ထိုစကားအပြောခံလိုက်ရသောကြောင့် သူ အဘာနိုင်ယ်ရုက်သွားသည်။ သည်လိုစကားမျိုးတော့ မသုံးသင့်ဘူးဟု သူထင် သည်။

နီနီလင်းမှာ စကားသာပြောနေသော်လည်း မျက်လုံးတွေက ဘင်မလတ် ဆီကမခွာ။ တစ်ဖက်ကလည်း ခပ်ရဲရဲပင်ပြန်ကြည့်နေမိပါ၏။ ဘွားနှင့်ဆင်လယ် ပြင်မှာတွေ့ကြသလိုမျိုး။ ယဉ်ကျေးမှုနှင့်ပြန်ချိန်လျှင် တော်တော်ရုပ်ဆိုးပါသည်ဟု ဆိုနိုင်ပါ၏။ ထိုစဉ်မှာပင် နီနီလင်းပါးစပ်ဖျားမှ စကားတစ်ခွန်း ထွက်ကျလာသည်။

"ညော်သည်ဆိုလည်း ညော်သည်လိုနေပါ၊ ကျွန်မသဘောကျလို့ ရွေးချယ် ထားတဲ့အိမ်ကို နာနာဘာဝတွေ၊ မကောင်းဆိုးဝါးတွေနဲ့ဝင်မရှုပ်ပါနဲ့ ဘာ အကူအညီမှလည်းပေးစရာမလိုဘူး၊ လိုအပ်တာထက်ပိုလာရင်တော့ သည်းခံမှာ မဟုတ်ဘူး သတိထားနေပါ"

သူမ ထိုမျှသာပြောပြီး ခပ်သွက်သွက်ထွက်သွားသော်၏။ ကောင်း မြတ်မှာ မျက်နှာပူစွာကျန်ရစ်ခဲ့ရ၏။

"သူဘာပြောပြောဗွေမယူပါနဲ့နော်"

"ကျွန်မ သူ့အမူအရာကိုအရမ်းသိချင်နေခဲ့တာ၊ ခုတော့ ကျွန်မကြို မျှော်လင့်ထားတာတွေနဲ့ ကွက်တိပါပဲ"

"ခင်ဗျားစကား ကျွန်တော်သိပ်မရှင်းဘူး"

"နီနီလင်းဟာ သူ့စိတ်သူ့ကိုယ်မှမဟုတ်တော့တာဘဲ၊ မကောင်း ဆိုးဝါး ဝိညာဉ်တစ်ခုက သူ့ကိုယ်မှာဝင်ပြီးပူးကပ်နေတာလေ၊ မျက်လုံးတွေ ကြည့်တာနဲ့တင် တန်းသိနိုင်တာပေါ့ရှင်၊ ပုံမှန်အနေအထားမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ အဲသလိုမထင်ဘူး၊ ကျွန်တော့်ကိုမကျေမနပ်ဖြစ်နေတာလို့ပဲထင်တယ်"

တင်မလတ်က ခေါင်းကိုသွက်သွက်ခါရမ်းလိုက်ကာ …

"ရှင် ဝိညာဉ်တွေအကြောင်း မသိသေးပါဘူး၊ သူတို့ဟာဒုက္ခပေးစရာရှိရင် ကောင်းကောင်းကြီးကို ဒုက္ခပေးတတ်ကြတာ၊ စောစောကကျွန်မကူညီမယ်ဆိုတာ ကျွန်မအင်းပြားလေးတစ်ပြားကို စီစဉ်ပေးမယ်၊ သူအိပ်တဲ့ခုတင်အောက်မှာထားပေးရင် အနှောင့်အယှက်ပေးတဲ့ မကောင်းဆိုးဝါးထွက်ပြေးသွားမှာ ကျိန်းသေတယ်၊ အဲဒါဆိုရင် အရင်နီနီလင်းပြန်ဖြစ်သွားလိမ့်မယ်"

မီးဖိုချောင်ထဲမှာထွက်လာသော ဒေါ်လှရွှေ တင်မလတ်စကားကိုနားထောင်ရင်း စိတ်ဝင်စားနေသည်။ ထို့နောက် ဝိုင်းထဲသို့ကူးလာကာ …

"အဒေါ်လည်း ဟောဒီတူမကြီးလိုပဲ၊ နီနီဟာ နီနီမဟုတ်တော့ဘူးဆိုတဲ့စကားကို လက်သင့်ခံတယ်၊ နောက်ပြီး နီနီသေသွားပြီလို့ထင်တဲ့ညကအိမ်ရောက်လာတဲ့ ဝိညာဉ်နှစ်ခုကလည်းရှိနေသေးတယ်လေ"

ကောင်းမြတ် အံ့ဩသွားသည်။ ထိုကိစ္စ အဒေါ်ဘယ်လိုသိပါသလဲ။

"ဒေါ်လေးကိုဘယ်သူပြောလဲ"

ဒေါ်လှရွှေကဆေးလာသောလက်ကို လက်သုတ်ပဝါဖြင့်သုတ်ကာခုံလွတ်တစ်ခုတွင်ဝင်ထိုင်လိုက်သည်။

"မနေ့ညနေက မြင့်နိုင်လာလို့ အဖြစ်အပျက်အသေးစိတ်ကိုမေးထားလိုက်တာ၊ ဟုတ်တယ်လေ၊ သူတို့ကိစ္စက အရင်ကဆို ဘာမှမသိဘူးလေ၊ အဲဒါကြောင့် သေသေချာချာမေးကြည့်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... ဒီကောင်ကတော့"

မပြောနဲ့ဟုဆိုသည့်ကြားကပင် ပြောဖြစ်အောင်ပြောဖြစ်ခဲ့သောကြောင့် စိတ်ပျက်သွားသည်။ ဦးတင်မောင်မှာသာ နားမလည်စွာနှင့် ...

"လုပ်ပါဦး ဘာဖြစ်လို့လဲ ငါ့ကိုလည်းပြောကြစမ်းပါဦး"

မူမူနှင့်တင်မလတ်တို့ကပါ စိတ်ဝင်တစားနားစွင့်နေကြသည်။

"ဒီလို ကိုတင်မောင်ရေ ... ဒီလို ... အဲဒီညက ... "

ဒေါ်လေး ဒေါ်လှရွှေမှာ အမျိုးသမီးပီပီ သူသိထားသမျှကို ချက်ကျလက်ကျပြောပါတော့၏။ မြင့်နိုင်တစ်ယောက် အိတ်သွန်ဖာမှောက်ပြောခဲ့ခြင်းဖြစ်ပေပဲ။ ဒေါ်လှရွှေပြောစကားတွင် နစ်မြောနေကြပြီးသည့်နောက် ဦးတင်မောင်မှာ ခေါင်းကိုတဆတ်ဆတ်ညိတ်လျက် ...

"ဒါဆို ဖြစ်နိုင်ချေအများကြီးရှိတာပေါ့"

"မဟုတ်ဘူး အဖေ"

"ဟေ"

သူက ချက်ချင်းကာလိုက်သည်။

"ဒီလိုပါအဖေ ... အဲဒီတုန်းကကျွန်တော်ဟာ စိတ်ထောင်းကိုယ်ကြေဖြစ်နေတဲ့အချိန်၊ အစာကလည်းဗိုက်ထဲမှာကောင်းကောင်းမရှိဘူး၊ အိပ်ရေးတွေကလည်းပျက်ခဲ့တယ်၊ အဲဒီတုန်းကန္တားနို့သောက်ပြီး မှေးခနဲအိပ်ပျော်သွားခဲ့တာ၊ အိပ်မက်လား၊ တကယ်လားဆိုတာ မသေချာခဲ့ပါဘူး၊ မသိစိတ်မှာ အမှတ် မထင်နိုဝင်နေတဲ့ သရဲ၊ တစ္ဆေ၊ ဝိညာဉ်ကိစ္စဟာလည်း တကယ်လိုလို အာရုံထင်မှတ်စေခဲ့တာမဟုတ်လား၊ ခုချိန်မှာပြန်စဉ်းစားတော့ အိပ်မက်ပဲဖြစ်မယ်လို့ ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်က ယင်းသို့တွေးတွေးဆဆပြောတော့ ဦးတင်မောင် တစ်ချက်ငိုင်သွားသည်။ သို့သော် တင်မလတ်ကတော့ အလျှော့မပေးပါ။

"ကိုကောင်းမြတ်ပြောသလို အဲဒါအိပ်မက်ပဲထားပါတော့၊ ဒါဆို အရင် နီနီလင်းဟာ နီနီလင်းပဲဖြစ်ရမှာပေါ့၊ ဘာလို့ အခုလိုစရိုက်ကြမ်းကြမ်းနဲ့ မိန်းမတစ်ယောက်ဖြစ်နေရမှာလဲ"

သူ အပြောရခက်သွားသည်။ ထို့အတူ အားလုံးလည်းကိုယ့်အတွေးနှင့်ကိုယ်တိတ်ဆိတ်သွားပြန်သည်။

"ကဲပါ မောင်ကောင်းမြတ်ရယ်၊ ဟောဒီတူမကြီးက သူတတ်ထားတဲ့ ပညာနဲ့စေတနာအရင်းခံထားပြီး လုပ်ပေးတာပဲကွယ်၊ ပြီးတော့ အနှောင့် အယှက်ကိုဖယ်ရှားပေးမှာ၊ ကောင်းတာလုပ်တာပဲ လက်ခံလိုက်ပါ"

"တစ်နည်းပြောရရင် မှန်တယ်လို့ထင်ရပေမယ့် ဒါနီနီ့ကိုသက်သက် သိက္ခာချသလိုဖြစ်နေတယ်၊ ကျွန်တော်နီနီ့ကို ဒီအတိုင်းပဲထားချင်တယ်၊ သူ ကျွန်တော့်အပေါ် ဘယ်လောက်ပဲဆိုးဆိုး၊ ဘယ်လောက်ဒုက္ခပေးပေး ကျွန်တော် သည်းခံနိုင်ပါတယ်၊ ကျွန်တော်ဟာ နီနီ့ကိုလက်ထပ်ကတည်းက သက်ဆုံးတိုင် ပေါင်းဖို့လက်တွဲခဲ့တဲ့သူပါ၊ သူ အခုလို အသက်မသေဘဲပြန်ရှင်လာတာကိုက ကျွန်တော်ကသိုလ်ထူးတယ်လို့ပြောဆိုရမှာပါ၊ ပထမ ကျွန်တော် နီနီ့ကိုစောင့် ကြည့်မယ်၊ မှုမှန်စိတ်တွေဖြစ်မလာဘဲ တစ်နည်းတစ်ဖုံဖြစ်လာမယ်ဆိုရင်တော့ ကျွန်တော်စိတ်ရောဂါကုဆရာဝန်နဲ့တိုင်ပင်မှာပါ၊ ဒါဟာ ကျွန်တော်ဆုံးဖြတ် ထားတဲ့အရာတွေပါ"

"အင်းလေ ... ကိုကောင်းမြတ်သဘောထားကိုသိရတော့ ကျွန်မတို့ ဘက်က ဘာမှပြောစရာမရှိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလှရွှေရေ ... ညော့်သည်တွေအတွက်တစ်ခုခုလုပ်ပါဦးကွာ မေ့နေ လိုက်တာ"

ဦးတင်မောင်က ခုမှညော့်သည်များအား ညော့်ခံရန်သတိရသွားပြီး ဒေါ်လှရွှေကိုလှမ်းပြောသည်။

"အယ် ... ဟုတ်ပါရဲ့"

"ဪ ... ဒါနဲ့ ဒေါ်လေး"

တင်မလတ်က အားတုံ့အားနာမျက်နှာပေးနှင့် ဒေါ်လှရွှေကိုတိုးတိုးဖွဖွ လေးလှမ်းခေါ်သည်။

"ကျွန်မ သန့်စင်ခန်းခဏသွားချင်လို့"

"ဪ ... အေးအေး လာကွယ်၊ လာပါ"

တင်မလတ် ဒေါ်လှရွှေနောက်မှလိုက်သွားသည်။ ပထမအခန်းတွေကို ဖြတ်သည်။

နောက်ထမင်းစားခန်း။ နောက် ... မီးဖိုချောင်။ သည့်နောက် အိမ်ကြီး၏နောက်ဖေးအပေါက်သို့ရောက်သည်။

သန့်စင်ခန်းသည် အိမ်မကြီးနှင့်တွဲဆက်မနေပါ။ ခြံဝင်း၏အစွန် ထောင့်တွင်ထားခြင်းဖြစ်သည်။

"ဟောဒီမှာ နောက်ဖေးစီးဖိနပ်ရှိတယ် တူမကြီး"

"ဟုတ်ကဲ့ ကျေးဇူးပဲ"

ခြံထဲတွင် စားပင်သီးပင်တွေ တော်တော်စုံတာတွေ့ရသည်။ အမှန် တကယ်တွင် တင်မလတ်သန့်စင်ခန်းသို့သွားချင်၍မဟုတ်။ သူ့အကြံနှင့်သူထွက် လာခဲ့ခြင်းဖြစ်သည်။ သန့်စင်ခန်းသို့ဝင်ချင်ယောင်ဆောင်လိုက်ပြီးပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသည့်အခါ မီးဖိုဆောင်တွင်ဒေါ်လှရွှေကိုမမြင်ရ။ ညှိခန်းထဲရောက်တာ ဖြစ်မည်။

သူမ အိမ်ဘေးသို့ပတ်လျှောက်လာလိုက်သည်။ စောစောကနီနီလင်း ထွက်လာသည့်အခန်း ခေါင်းရင်းဆီသို့လျှောက်လာသည်။ သေချာစေ့ရန် ပိတ်မထားသော ပြတင်းပေါက်မှတစ်ဆင့် အတွင်းထဲသို့ကြည့်သည်။ နှစ်ယောက်အိပ်ခုတင်။ ဗီရိုတစ်လုံး၊ မိန်းမအင်္ကျီ၊ ယောကျ်ားပုဆိုး။ ထိုသို့ဆိုလျှင် လင်စုံမယားဖက်နေသည့်အခန်း။၊ ကောင်းမြတ်နှင့်နီနီလင်းတို့နေသော အခန်းဖြစ်ကြောင်း တန်းသိလိုက်၏။

ယင်းနောက် သူမလက်ပွေ့အိတ်ထဲမှ ရုပ်တုသေးသေးလေးတစ်ခုကို ထုတ်လိုက်သည်။ ရုပ်တုက ယောကျ်ား၊ မိန်းမ မသဲကွဲ၊ ဆံပင်ကတော့ရှည်သည်။ ဒူးတစ်ဖက်ကိုထောင်၍ လက်တင်ထားသည်။ ထိုရုပ်တုကို ကျော့ကျော့အား ပြစဉ်အခါက ...

"ဒါ ဘာရုပ်တုလဲဟင် မလတ်"

"ဘာရုပ်တုလဲလို့မမေးနဲ့ ဘာစွမ်းသလဲလို့သာမေး"

"မလတ်လုပ်ထားတာလား"

"ဟုတ်တယ် ဒီရုပ်တုလေးကို နီနီလင်းနေတဲ့နေရာနဲ့ အနီးဆုံးမှာ မြှုပ်ထားဖို့လိုမယ်"

"ဒါဆိုရင်"

"သူဟာ ကျော့ကျော့ကို ဘယ်တော့မှ ယှဉ်ရဲမှာမဟုတ်တော့ဘူး။ သူနဲ့ကျော့ကျော့ မျက်နှာချင်းဆိုင်တွေ့လိုက်တာနဲ့ အညှို့ခံရတဲ့ဖားတစ်ကောင်လို ဖြစ်သွားစေရမယ်၊ မျက်လွှာချမယ်၊ ပြောသမျှကိုနာခံမယ်၊ အသွန့်မတတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘူး၊ အိုကွယ် ကျော့ကျော့စေခိုင်းသမျှကို သူ တစ်သဝေမတိမ်းလုပ်လိမ့်မယ်''

''ဒါဆို ... သူ မိကျော့ကိုကြောက်သွားမယ်ပေါ့''

''ဒါပေါ့ ... ဒါပေါ့''

''ဘယ်လိုသွားမြှုပ်မှာလဲ''

''ဒါကတော့ ကြံရမှာပေါ့ကျော့ကျော့ရယ်၊ ကျော့ကျော့ အဲဒီအိမ်ကို လိုက်လို့ဖြစ်မှာမဟုတ်ဘူး၊ မူမူနဲ့ဆိုရင်ကော''

''မမူကအကြောင်းမရှိရင်မသွားတတ်ဘူး၊ ဒါပေမယ့် သူနဲ့တော့ ဘာမှပြဿနာမရှိပါဘူး၊ မမူခေါ်သွားရင်ဖြစ်နိုင်ပါတယ်''

တင်မလတ်ကြာကြာစဉ်းစားမနေတော့။ အနီးနားမှ တုတ်တစ်ချောင်းကိုရှာကာ မြေကြီးကိုတူးလိုက်သည်။ မြေကြီးမှာသိပ်မမာသောကြောင့် အခက်ခဲမရှိခဲ့ပါ။

ခပ်သွက်သွက်တူးကာ ရုပ်တုလေးကိုမြှုပ်လျှက် မြေကြီးနင်းပြန်းလိုက်သည်။ ထို့နောက် သေသေသပ်သပ်ပြန်ညှိ၊ ပြီးတော့လက်နှစ်ဖက်ကိုဖုန်ခါ၊ အိမ်နောက်ဖေး စဉ့်အိုးထဲမှ ရေဖြင့်လက်ကိုပြောင်စင်အောင်ဆေး။ ထို့နောက် ဘာမှမြေမပျက်ပင် ဧည့်ခန်းသို့ပြန်ဝင်လာခဲ့သည်။

''ကိုင်း ... တူမကြီးရေ ... ကော်ဖီလေးနဲ့ မုန့်စားလိုက်ကြဦး''

တင်မလတ်က အသိအမှတ်ပြုသလို ခေါင်းညိတ်ပြလိုက်၏။

''စောစောကနီနီပြောခဲ့တာတွေကို စိတ်မဆိုးပါနဲ့နော်၊ ကျွန်တော်ကြားထဲကတောင်းပန်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူးရှင် ... ကျွန်မတို့လည်း နီနီ့အပေါ်နားလည်ပြီးသားပါ"

သူမက ကော်ဖီခွက်ကိုလှမ်းယူသည်။ ဘီစကစ်လေးတစ်ချပ်ကို ကော်ဖီထဲနှစ်ကာ စားမည်အပြု ...

"ကျွန်တော် ဒီလိုစဉ်းစားထားတယ်၊ အနွံ့ရာယ်ကင်း၊ ဘေးလည်းကင်းသွားအောင် ဘုန်းတော်ကြီးငါးပါးလောက်ပင့်ဖိတ်၊ ဆွမ်းလေးကပ်ပြီး ပရိတ်လေးရွတ်ဖို့ပါ၊ မကောင်းတာတွေလည်း ကင်းစင်သွားအောင်"

တင်မလက်ကိုင်ထားသည့် ဘီစကစ်လေးတစ်ပိုင်းသည်နူးလာကာ ကော်ဖီခွက်ထဲသို့ပြုတ်ကျသွားပါ၏။

⛵⛵⛵



www.burmeseclassic.com

www.burmeseclassic.com

## လူဆိုလျှင်လူလိုသိတတ်ဖို့လိုသည်

ထိုနေ့က ဘုန်းကြီးဆွမ်းကပ်မှာမို့ သူတို့ခပ်စောစောထကြသည်။ သူတို့ ဆိုသည်က ဦးတင်မောင်၊ ကောင်းမြတ်နှင့်ဒေါ်လှရွှေတို့သာဖြစ်သည်။ နီနီလင်း အားကြိုအသိပေးထားသော်လည်း အခန်းထဲမှထွက်မလာ။ သူတို့သုံးယောက် မှာတိုင်ပင်မထားပါလျက် အလိုလိုခွင့်လွှတ်ထားလိုက်လေ၏။

နေ့ဆွမ်းကပ်မှာမို့ ကောင်းမြတ်က ခပ်စောစောထကာ ဒေါ်လှရွှေစီစဉ်ပေးသော ဟင်းရံနှင့်လိုအပ်တာတွေကိုဝယ်သည်။ အိမ်ပြန်ရောက်တော့ ဒေါ်လှရွှေက ချက်ပြုတ်သည်။ သူနှင့် ဦးတင်မောင်က အချိုပွဲပြင်ဆင်ကာ ဧည့်ခန်းကို ရှင်းလင်းသည်။

"အဖေလည်းနောက်ပိုင်းမှာ အရေးကြီးတဲ့အလုပ်တွေ သည်အတိုင်းထားခဲ့ရတာ၊ မနက်ဖြန်ရွာကိုခဏပြန်ဦးမယ်၊ ဒီမှာမလှရွှေကိုထားခဲ့ရမယ် ဖြစ်တယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်အဖေ၊ ကျွန်တော်ကတောင် အဖေ့ကိုအားနာနေတာ၊ သိပ်စိုးရိမ်စရာဘာမှမရှိပါဘူး"

(၉) နာရီကတည်းက ထမင်းနှင့်ဟင်းတွေကျက်ပြီ။ (၁၀) နာရီထိုးတော့ ဘုန်းကြီးသွားကြိုဖို့ပြင်ဆင်နေဆဲ နီနီလင်းအခန်းထဲက ထွက်လာသည်။

"သမီးဘယ်သွားမလို့လဲ"

"အပြင်သွားမလို့"

"ကိုယ့်အိမ်မှာ ဆွမ်းကပ်မယ်မှန်းသိရဲ့သားနဲ့ အပြင်ကိုထွက်ဦးမလို့လား"

"ကိစ္စလေးရှိလို့"

"ဘာကိစ္စရှိရှိ မထွက်ရဘူး ဘယ့်နှယ့်ကွာ မပြောချင်လို့ကြည့်နေတာ အကောင်းမှတ်နေလား။ လင်ယောကျ်ားကိုရိုသေရကောင်းမှန်းမသိသလို အဖေကိုကျတော့လည်း မထီမဲ့မြင်၊ ဒီတစ်ခါတော့ အဖေတော်တော်စိတ်ဆိုးသွားပြီ လူဖြစ်ပြီးလူလိုမသိတတ်တဲ့သမီး"

ဦးတင်မောင်အသံတွေကတုန်နေသည်။ ဒေါ်သလည်းထွက်သွားပုံရသည်။ ကောင်းမြတ်က ဘာတစ်ခွန်းမျှဝင်မပြောပါ။ ဒေါ်လှရွှေက အရိပ်အခြေကို စောင့်ကြည့်နေ၏။

"အဖေတို့လုပ်တာတွေ သမီးမှစိတ်မဝင်စားတာ"

"ဘာကွ"

အရှိန်ကနည်းနည်းပိုတက်သွားသည်။ မျက်လုံးပြူးမျက်ဆံပြူးဖြင့် "နင်ဟာ ဗုဒ္ဓဘာသာဝင်မဟုတ်ဘူးလား၊ ဗုဒ္ဓဘာသာဝင်မှန်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်အလုပ်လုပ်တာကို ဝမ်းမြောက်ဝမ်းသာရှိရမှာပဲ အခုနင်က သရဲဖြစ်နေလို့လား၊ တစ္ဆေဖြစ်နေလို့လား ... တောက်''

နှစ်ဦးနှစ်ဘက်ကြား ဒေါ်လှရွှေကဝင်ထိန်းလိုက်ရသည်။

''ကဲ ကဲ တော်ပါတော့ ငါ့တူမကြီးကလည်း ကိုယ့်အဖေစကားကို နားထောင်မှပေါ့၊ ကောင်းရာကောင်းကြောင်းအတွက်ပြောနေတာပဲကွယ် နားထောင်လိုက်စမ်းပါ''

ထို့နောက် သူမမျက်နှာမသာမယာဖြင့် အခန်းထဲပြန်ဝင်သွား၏။

''ကိုင်း ... သားလည်းဘုန်းကြီးသွားကြိုတော့''

''ဟုတ်ကဲ့ အဖေ''

ဘုန်းကြီးကျောင်းနှင့်သိပ်မဝေးလှသောကြောင့် နာရီဝက်အတွင်းပင် ဘုန်းကြီးများကြွလာသည်။ ရောက်ရောက်ချင်းဆွမ်းကပ်ကြသည်။ ထို့နောက် အချိုပွဲများကိုဘုန်းပေးသည်။ သီလယူခါနီးသည့်အခါ ...

''မလှရွှေ ... နီနီလင်းကိုခေါ်လိုက်စမ်း၊ သီလယူရအောင်''

ဒေါ်လှရွှေ အခန်းသို့သွားကာခေါ်သည်။ ဘာများထောလော်ကန့်လန့် လုပ်လေဦးမလဲဟု ကောင်းမြတ်စိတ်ထဲထင့်နေရသေးသည်။ သို့သော် အသာတကြည်ပင်လိုက်လာခဲ့ပါ၏။

ထို့နောက် သီလယူကြသည်။ ထို့နောက် ဘုန်းတော်ကြီးတွေက ပရိတ်ရွတ်သည်။ ထို့နောက် ဝါကြီးပုံရသောဆရာတော်က ...

''ဒီအိမ်မှာ ဟိုစာတန်းလေးကပ်ထားတာ ဘယ်သူ့လက်ရာလဲ''

နေအိမ်နောက်ဘက် သစ်သားနံရံတွင် ကပ်ထားသောစာတန်းလေး ကို ဘုန်းကြီးတွေ့သွားပုံရသည်။ စာတန်းက ...



www.burmeseclassic.com

www.burmeseclassic.com



"လူဖြစ်လျှင် လူလိုသိတက်ဖို့လိုသည်"

"တပည့်တော် ရှုံးကတွေ့တာနဲ့ ယူလာပြီးကပ်ထားတာပါဘုရား"

ဘုန်းကြီးကခေါင်းကိုအသာညိတ်သည်။

"လူဖြစ်ပြီး လူလိုသိတတ်ဖို့ကောင်းတယ်ဆိုတဲ့စကားကို ဘုန်းကြီးတို့ မကြာခဏကြားနေရပါတယ်၊ အမှန်တော့ ဒီစကားမျိုးကို စိတ်အခန့်မသင့်တဲ့ အခါတွေမှာသုံးစွဲတတ်ကြတာ ...

ဒီစကားရဲ့အဓိပ္ပါယ်ကိုစဉ်းစားကြည့်ပြီး တန်ဖိုးအစစ်အမှန်ကိုရှာဖွေ သင့်တယ်၊ ဒီစကားကိုတစ်ခုချင်းဆစ်ပိုင်းပြီး အနက်ဓိပ္ပါယ်ကောက်ယူမယ်ဆို ရင် ရည်ရွယ်ချက်ပြောင်းသွားနိုင်တယ် ...

ဆိုလိုတာက စကားလုံးတိုင်းရဲ့ သဘာ၀အနက်အဓိပ္ပါယ်ကို လေးလေးနက်နက်လေ့လာကြည့်သင့်ပြီး ဘ၀လမ်းညွှန်အဖြစ်ဦးတည်လိုက်ရင် ဘ၀လွတ်မြောက်နိုင်တဲ့ထိတောင် အကျိုးဖြစ်နိုင်လို့ပါ၊ ဘုန်းကြီးတို့ စောစောက စကားကို နားလည်ကြည့်ရအောင် ...

လူဖြစ်ပြီးတော့မှ လူဆိုတာဘာလဲ၊ လူ့အဓိပ္ပါယ်ကိုလေ့လာကြည့်လိုက် ရင် အကြောင်းနှင့်အကျိုးကိုသိတတ်သူ၊ စိတ်များစွာဖြစ်တတ်သူစသည်ဖြင့် အများကြီးတွေ့ရမှာပါ၊ ဘာပဲပြောပြော လူ့အဖြစ်ကိုရခဲတာတော့ အမှန် ပဲ ...

အလွန်ဝေးလှတဲ့ ဗြဟ္မာပြည်က အပ်တစ်စင်းအောက်ကိုချလိုက်ပါ၊ လူ့ပြည်မြေပြင်မှာ အပ်တစ်ချောင်းစိုက်ထောင်ထားပါ၊ အဲဒီအပ်နှစ်ချောင်းထိပ် ဖျားချင်း ထိနိုင်တဲ့အခြေအနေက လူဖြစ်ဖို့အခြေအနေထက် ပိုပြီးလွယ်ကူပါ တယ်လို့ စာပေကျမ်းဂန်တွေမှာဆိုထားပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နည်းပြောကြတာက အင်မတန်ကျယ်ပြောလှတဲ့ သမုဒ္ဒရာကြီးထဲမှာ မျက်စိကန်းနေတဲ့လိပ်ကြီးဟာ သွားချင်ရာသွားနေတယ် တဲ့ အဲဒီအခါမျိုးမှာပဲ လိပ်ကန်းကြီးရဲ့လည်ပင်းနဲ့ သင့်တော်ရုံကြိုးကွင်းလေး တစ်ခုဟာလည်း လွင့်မျောချင်ရာ လွင့်မျောနေပါမယ်၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် လိပ်ကန်းကြီးရဲ့လည်ပင်းနဲ့ကြိုးကွင်းစွပ်မိချင် စွပ်မိဖို့က အကြောင်းရှိကောင်းရှိပေမယ့် လူဖြစ်ဖို့အခွင့်အရေးက ပိုခက်ပါသတဲ့ ...

မြတ်ဗုဒ္ဓပွင့်ဖို့ခဲယဉ်းသလို လူဖြစ်ဖို့ခဲယဉ်းတဲ့အကြောင်းကို လူတိုင်း သိတဲ့ ဒုလ္လဘတရား ငါးရပ်ထဲမှာ တစ်တန်းတစ်စားထဲထားပြီး ထည့်ဟောထား ပါတယ် ...

မြတ်ဗုဒ္ဓပွင့်ထွန်းဖို့ လူသားပီသတဲ့လူဖြစ်ဖို့ သူတော်ကောင်းတရားနာ ရဖို့၊ ရဟန်းပီသဖို့၊ အစစ်အမှန်သဒ္ဓါရှိဖို့ဆိုတာ ခက်ခဲတဲ့အရာငါးပါးပါ ...

လူလိုသိတတ်ဖို့ကောင်းတယ်ဆိုရာမှာ “လူလိုသိ”ဆိုတာ အဆင့်မြင့် အသိမျိုးကိုသိမှ လူရဲ့အဓိပ္ပါယ်ဟာပြည့်ဝပါတယ်၊ အဆင့်မြင့် အသိမျိုးမသိကြ ဘဲ ဘဝတစ်ခုအဆုံးသတ်သွားကြမယ်ဆိုရင် “ရခဲလှပါတယ်” ဆိုတဲ့ လူ့ဘဝဟာ တကယ့်ကိုနှမြောစရာကောင်းလှပါတယ် ...

ဗုဒ္ဓဘာသာလို့ ဝန်ခံနေတဲ့သူတွေဟာ မြတ်ဗုဒ္ဓဖြစ်စေချင်တဲ့စေတနာ နဲ့ ကိုက်ညီကျင့်သုံးနေထိုင်ကြရပါလိမ့်မယ်၊ အိပ်မယ်၊ စားမယ်၊ ကာမဂုဏ် ခံစားမယ်၊ ဒီဘဝ ဒီကိုယ့်ခံပြီး နောက်ဘဝနောက်ကိုယ်ခံမယ်ဆိုတဲ့ ရည်ရွယ် ချက်မျိုးတွေမသောက်သင့်ဘဲ သံသရာခရီးကိုမျှော်ကြည့်ပြီး ရိက္ခာစုထားကြဖို့ လိုပါတယ် ...

နောင်သံသရာထိဆက်လက်ပြီး ယူသွားနိုင်တာက ကိုယ်ပြုထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ရိက္ခာထုပ်နဲ့ မကောင်းမှုအကုသိုလ်ရိက္ခာထုပ် နှစ်ခုထဲပါပဲ၊ ဒီနှစ်ခုက လွဲရင် ကျန်တာဘာမှမယူနိုင်ပါဘူး''

ထိုနေ့က စာတန်းလေးနှင့်ဆက်စပ်ပြီး အမှတ်မထင်ပြောသွားသော တရားလေးကိုဦးတင်မောင်သဘောအကျကြီးကျနေမိ၏။ နောင် ... အချိန်သာ ရလျှင် ကျောင်းသို့သွားကာ တရားတော်များနာကြားလိုက်ဦးမည်ဟူ၍လည်း အားခဲလိုက်၏။

ကောင်းမြတ်က နီနီလင်းကို မကြာမကြာခိုးကြည့်သည်။ ကျုံ့ကျုံ့လေး ထိုင်။ ကိုယ်လေးကိုရှေ့သို့ညွတ်ကိုင်း လက်ကလေးကိုထောက်လျက် ငြိမ်ငြိမ်လေး ရှိနေသည်။ ထို့နောက် ပြုလုပ်ထားသော ကောင်းမှုကုသိုလ်အတွက် အားလုံးက သာဓုခေါ်ကာ အမျှပေးဝေခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

## ခန္ဓာတစ်ခုနှင့်စိတ်နှစ်ခု

ထိုနေ့က စနေနေ့မို့ ရုံးပိတ်ရက်ဖြစ်သည်။ ထို့အပြင်လွန်ခဲ့သည့် (၂) ရက်ခန့်ကပင် ဦးတင်မောင်ပြန်သွားပြီဖြစ်သည်။ အလုပ်လေးလက်စွတ်ရလျှင် တစ်ခေါက်ပြန်လာဦးမည်ဟူ၍လည်း ပြောသွားသေးသည်။

ယခုအချိန်ထိ ကောင်းမြတ် အိပ်ခန်းအတွင်းသို့ဝင်ခွင့်မရသေးပါ။ ထမင်းအတူတူစားခွင့်မရသေးပါ။ အပြင်သို့အတူတူသွားခွင့် မရသေးပါ။ သူလှေလာကြည့်သလောက် အိမ်တွင်သူနှင့်သာ အဆင်မပြေသော်လည်း အပြင်တွင် မည်သူနှင့်မှ ကတောက်ကဆမဖြစ်။ ဆက်ဆံရေးမှာလည်း ပုံမှန်ဖြစ်နေ၏။

သည်မနက် ကောင်းမြတ် အိပ်ရာနောက်ကျမှနိုးလာသည်။ ရုံးပိတ်ရက် မို့လည်း တမင်အိပ်လိုက်ခြင်းဖြစ်၏။ မျက်နှာသစ်ပြီးသောအခါ ဒေါ်လှရွှေအသင့် ပြင်ဆင်ထားသော ကော်ဖီခွက်နှင့် ထမင်းကြော်ပန်းကန်ကို တွေ့သည်။

"ဒေါ်လေးစားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် ... နီနီနဲ့အတူတူစားလိုက်တယ်"

"သူထွေထွေထူးထူး ဘာပြောသေးလဲ"

"ဟင့်အင်း မပြောပါဘူး"

"ထူးခြားတာရှိရင်ကျွန်တော့်ကိုပြောနော်၊ အိမ်ရှေ့ကစားပွဲပေါ်မှာ ကျွန်တော်ဈေးဖိုးပေးထားတယ်၊ သူစားချင်တာမေးပြီး ဒေါ်လေးကြိုက်တာသာ ချက်တော့၊ ကျွန်တော်ကဘာဖြစ်ဖြစ်စားလို့ရတယ်"

ဒေါ်လှရွှေ ထွေထွေထူးထူးပြောမနေတော့ဘဲ ဈေးခြင်းတောင်း ဆွဲလျှက်သွား၏။ သူသာ ထမင်းကြော်စားရင်း အတွေးပွားကာကျန်ရစ်ခဲ့သည်။ သူကော်ဖီသောက်နေစဉ် နောက်မှခြေသံကြား၍လှည့်ကြည့်ရာ နီနီလင်း ဖြစ်နေတာတွေ့ရ၏။ မျှော်လင့်မထားသောကြောင့် အနည်းငယ်တော့ အံ့ဩ သွားသည်။ သူမ မလှမ်းမကမ်းခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"နေကောင်းတယ်မို့လား နီနီ"

"နေမကောင်းရအောင် ကျွန်မရူးနေလို့လား"

"ဟာ ဒီလိုမဟုတ်ပါဘူး၊ မောင်က အကောင်းနဲ့မေးတာပါ"

"ရှင် အကောင်းမေးတာက ကျွန်မအတွက်တော့ ရွဲ့စောင်းနေ သလိုပဲ"

တွေ့တွေ့ချင်းပြေလည်မှုကို မရရှိနိုင်ဘဲစိတ်ပျက်စရာနှင့်သာကြုံရ သည်မို့ သူ သက်ပြင်းချရုံကလွဲ၍ ဘာမှမတတ်နိုင်။

"ရှင့်ကို ကျွန်မပြောစရာရှိတယ်"

"မပြောခင်မှာ နီနီသုံးနေတဲ့နာမ်စားတွေကိုပြောင်းလဲလို့ရပါလား ကွာ၊ နားထောင်ရတာ ခါးသက်သက်ဖြစ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်မှာ ရှင့်နားတွေချိုအောင်လည်း ကျွန်မပါးစပ်ကမလုပ်ပေးနိုင်သေးဘူး၊ ကျွန်မခေါင်းထဲမှာရှိနေတာ စိတ်ဆင်းရဲမှုတွေပဲ"

"မင်းစိတ်ဆင်းရဲအောင် မောင်ဘာတွေလုပ်နေလို့လဲ"

"သေသေချာချာနားထောင်"

"ပြောကွာ ပြော"

နောက်ဆုံးတော့ သူပင်အလျှော့ပေးလိုက်ရပါ၏။

"ရှင့်အဖေဆီက အမွေခွဲပါ"

"ဘယ်လို"

သူနားပင်သူမယုံနိုင်အောင်ဖြစ်သွားသည်။ လက်ထဲတွင်ကိုင်ထားသော ခွက်ထဲမှကော်ဖီများ ဘောင်ဘင်ခတ်သွားသည်။ ထို့ကြောင့် မနည်းသတိထား ကာပြန်ချလိုက်ရ၏။

"ကျွန်မပြောတာနားမရှင်းလို့လား ထပ်ပြောမယ်၊ ရှင့်အဖေဆီက အမွေတောင်းတော့လို့ ရှင့်အဖေပိုင်တာတွေဟာ ရှင်တို့မောင်နှမနှစ်ယောက်အညီ ခွဲယူရမှာဆိုတော့ ထက်ဝက်ဆီပေါ့ မဟုတ်ဘူးလား"

သူ ခေါင်းတော်တော်ရှုပ်သွားသည်။ ဘယ်လိုမှထင်မှတ်မထားသော စကား။ မမျှော်လင့်သောအကြောင်းအရာ။ အခုသည်ကိစ္စဘယ်လိုဖြေရှင်းရမှန်းသိတော့။

"ဘာလဲ ရှင်အမွေမတောင်းနိုင်ဘူးဆိုတဲ့သဘောလား"

"မဟုတ်ပါဘူး မင်းပြောတာတွေဟာ လောလောဆည်မဖြစ်နိုင်တာတွေမို့ပါ"

"ဘာမှမဖြစ်နိုင်စရာမရှိဘူး၊ သားသမီးတစ်ယောက်အနေနဲ့အမွေ



www.burmeseclassic.com

www.burmeseclassic.com



တောင်းတာ မဖြစ်နိုင်ဘူးတဲ့လား''

"မောင်ဆိုလိုတာက အမွေဆိုတာက မိဘသေမှရပိုင်ခွင့်ရှိတာလေ"

"အခု ကျွန်မကအလုပ်ထွက်လိုက်ပြီ၊ ရှင့်နဲ့သွားခဲ့တဲ့နှစ်နှစ်ကျော် အချိန်တစ်ခုလုံး ရှင့်အဖေဆီကတစ်ပြားတစ်ချပ်မှ ကျွန်မတောင်းခံခဲ့တာ မဟုတ်ဘူး၊ ကိုယ့်အားကိုယ်ကိုးခဲ့တာ၊ ခုချိန်မှာ ကျွန်မအပြင်အလုပ်အတွက် ဘယ်မှာ စုဆောင်းမိလို့လဲ၊ ဒီတော့အမွေမရလို့မဖြစ်တော့ဘူး''

"မင်းကဘာလုပ်ချင်လို့လဲ''

"ဘာပဲလုပ်လုပ်လေ ... လက်ထဲမှာငွေအဆင်သင့်ရှိနေဖို့က အရေးကြီးတယ်''

"မင်း အေးအေးဆေးဆေးသာနေပါ မောင်ရှာကျွေးပါ့မယ်''

"တော်စမ်းပါရှင် ရှင်ရဲ့မတောက်တခေါက်လစာလေးနဲ့ ဘယ်တော့ ကြီးပွားမှာလဲ၊ မသေရုံတော့ စားနေရမှာပေါ့ရှင်''

"အစက မင်းမှာ ဒီအတွေးတွေမရှိပါဘူး"

"ဟုတ်တယ်၊ အစကမတွေးမိတာဖြစ်လိမ့်မယ် ... ခုဟာကမတွေးလို့ ကိုမရတာ''

"အဖေက ... မင်းကိုဘယ်လိုမြင်မလဲ''

"ဘယ်လိုမြင်မြင်လေ၊ အဲဒါ ကျွန်မအတွက်အရေးမှမကြီးတာ"

"အမွေရရင်မင်းကျေနပ်ပြီပေါ့''

"သိပ်ကိုကျေနပ်ပြီ''

သူ သက်ပြင်းချလိုက်ပြန်သည်။ အခြေအနေတွေက သာယာမှုမဟုတ် တော့။ အရင်ကဆိုလျှင် သည်လိုပြောဆိုဖို့နေနေသာသာ မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ခုတွေမပေး ချင်ပါဘူးဟူသောစကား ခဏခဏပြောနေကျ။

တကယ်စင်စစ်အဖေ့တွင်လည်း အလွန်အမင်းချမ်းသာသောသူတစ်ယောက်မဟုတ်ပါ။ လိမ္မော်ခြံတစ်ခြံ၊ ဝယ်ထားသောမြေလေးအနည်းအပါးနှင့် အမေ့လက်ထက်က ကျန်ခဲ့သော စိန်တစ်ဆင်သာ။ ထိုမျှလောက်ပင်။

အဖေ့မှာ လက်ရှိတွင်ကျန်းမာရေး ဒေါင်ဒေါင်မြည်လျက်ရှိနေသူ။ လုပ် နိုင်ကိုင်နိုင်သည့်အချိန်။ သည်အခြေအနေတွင်အမွေခွဲယူရမည်ဆိုတော့ သုံးဝ မဖြစ်နိုင်သည့်ကိစ္စ။ လူကြားမကောင်းသည့်ကိစ္စ။

"မင်းတစ်ခုခုလုပ်ချင်တယ်ဆိုရင် မောင်အဖေ့ဆီကလှည့်ကြည့်မယ်လေ"

"လှည့်တယ်ဆိုတာ ချေးတာနဲ့အတူတူပဲလေ၊ အပိုင်ရတာမှမဟုတ်တာ၊ အမွေဆိုတော့ပြတ်ရော"

ထိုစဉ်အခိုက် အနီရောင်ညိုပုပ်ပုပ်ဝတ်စုံနှင့် တာတေလန်အောင်ချုပ်ဆိုးကာ အလောင်းနားတွင်ယှဉ်အိပ်လိုက်သော ဝိညာဉ်ကိုသတိရမိလိုက်သည်။ တကယ်များ ... တကယ်များ ... ဖြစ်နေမလား။ မဖြစ်ပါစေနဲ့ မဟုတ်ပါစေနဲ့၊ အိပ်မက်သာဖြစ်ပါစေ။

"ဒီမယ်ကောင်းမြတ်"

"ဟင်"

"ရှင် ကျွန်မကိုတကယ်ချစ်တာရောဟုတ်ရဲ့လား"

ထိုစကားက သူ့နှလုံးသားကိုအလွန်ပင်ထိခိုက်စေရပါသည်။

"မင်း မောင့်ကိုလျှော့တွက်နေတာလားနီနီ"

"လျှော့တွက်တာမဟုတ်ပါဘူး ခပ်တင်းတင်းလေးမေးလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုမောင်ချစ်လွန်းအားကြီးလို့ အရာရာသည်းခံနေတတ်တာပဲလေ၊ ဒါတွေအားလုံးမင်းသိပါတယ်"

"ကျွန်မသိတယ်ဟုတ်လား၊ မသိပါဘူး၊ အို ... ဘာကိုမှမသိပါဘူး"

သူ နီနီလင်းမျက်နှာကိုငေးကြည့်ဖြစ်သည်။ သည်တစ်ခါပြောလိုက်သည့် စကားများကတော့ အရင်စကားများလို ခပ်ပြတ်ပြတ်မဟုတ်။ လေသံကပျော့ပျောင်းသွားသည်။ အနီးစပ်ဆုံးဆိုရလျှင် သိပါလျက်နှင့် တမင်တကာ မသိချင်ယောင်ဆောင်လျက် ပြောလိုက်သလိုဖြစ်နေသည်။

"မင်း တကယ်မသိတာလား"

"မသိပါဘူးဆို ခက်တော့ခက်နေပါပြီ"

"မင်းကရော မောင့်ကိုတကယ်မချစ်ဘူးလား"

"ဒါကတော့ ရှင့်လုပ်ရပ်ပေါ်မှာမူတည်တယ်လေ၊ ကျွန်မရှင့်ကို ချစ်တယ်မချစ်ဘူးဆိုတာ ရှင့်ရဲ့စွမ်းဆောင်မှုပေါ်မှာပဲပြောရမလိုပဲ၊ ဥပမာ ရှင်ဟာ ရှင့်အဖေနဲ့ ရှင့်ညီမအပေါ်ချစ်တာထက် ကျွန်မကိုပိုချစ်တယ်ဆိုရင်ပေါ့လေ"

"ဘာဆိုင်လို့လဲ နီနီရယ်"

"ရှင့်အတွက်မဆိုင်ပေမယ့် ကျွန်မအတွက်တော့ သိပ်ကိုဆိုင်တယ်"

ကောင်းမြတ်ဆက်ပြောနေလျှင်လည်း ဘာမျှအကြောင်းထူးလာမှာ မဟုတ်မှန်းသိနေသည်။

ယခုကောင်းမြတ်ကြုံတွေ့နေရသည့် အခက်ခဲမှာ အရင်ကသူချစ်ခဲ့ရသော နီနီ၏စိတ်နှင့်နီနီ၏ခန္ဓာကိုယ်မှာ တစ်သားတည်းဖြစ်နေသည်။ ယခင်က နီနီသည် ညီမဖြစ်သူနှင့်မတည့်သည်ကလွဲလျှင် စိတ်လှသည်။ အရာရာကို



www.burmeseclassic.com

www.burmeseclassic.com



သိတတ်သည်။ နူးညံ့သိမ်မွေ့သည်။ စဉ်းစားတွေးခေါ်တတ်သည်။ ပြီးတော့ သူ့အပေါ် သိပ်ချစ်သည်။

ယခုနီနီသည် မောက်မာသည်။ အပြောအဆိုရိုင်းစိုင်းသည်။ ထင်ရာလုပ်သည်။ စဉ်းစားဆင်ခြင်ဉာဏ်မရှိ။ သူစိမ်းလိုဆက်ဆံသည်။ သို့သော် ခက်နေသည်က နီနီ၏ခန္ဓာကိုယ်ဖြစ်နေခြင်းပင်။

သူ့မျက်စိရှေ့မှောက်တွင် မြင်နေရသူကနီနီလင်း။

သူဆက်ဆံနေရသည်က တစ်စိမ်းတစ်ယောက်လို။

သူရင်နာရပါသည်။ မည်သည့်စိတ်တွေပင်ဖြစ်ဖြစ် နီနီလင်းကို စွန့်လွှတ် ရန်၊ ဥပေက္ခာပြုရန်၊ မျက်ကွယ်ပြုရန်၊ မုန်းတီးရန်၊ ရင်နာအောင် လုပ်ရန်အတွက်တော့ ဘယ်အခါမှ မစဉ်းစားခဲ့ပါ။ သို့တည်းမဟုတ် မစဉ်းစားရက်ပါ။

နီနီလင်းက သည်းမခံနိုင်တော့သလို မတ်တတ်ထရပ်လိုက်သည်။

"ကျွန်မအပိုင်းကတော့ ပြောလို့ကုန်ပြီ၊ ကျုန်တာရှင့်အပိုင်းပဲ တစ်ခုတော့ရှိတယ် ကျွန်မပြောတာကိုမှ ရှင်လက်မခံနိုင်ရင် ရှင်နဲ့ကျွန်မကွာရှင်းကြရုံပဲ"

သူမ ထိုသို့ပြောကာ ခြေထောက်လေးဆောင့်လျှက် အခန်းအတွင်းသို့ပြန်ဝင်သွားလေသည်။ သူကတော့ လက်နှစ်ဖက်ကိုဆံပင်များကြားသွင်းလျှက် တဗျင်းဗျင်းကုပ်ကာကျန်ခဲ့လေ၏။

△△△



www.burmeseclassic.com

www.burmeseclassic.com

## ညစာစားသည့်ည

ထိုနေ့ညနေက အတော်လေးအချိန်နှောင်းမှ ဒေါ်လှရွှေအိမ်မှ ကိစ္စသိမ်းဆည်းမှုကို လက်စသတ်နိုင်ခဲ့၏။ အိမ်တစ်အိမ်တွင် ဘာမှမဟုတ်သည့်ထင်ရသော အလျှော်အဖွပ်ကိစ္စ။ ချက်ရပြုတ်ရသည့်ကိစ္စနှင့်ရှင်းရလင်းရသော ကိစ္စတို့သည် အချိန်လွှယ်လွှယ် ကုန်လိုက်သည့်ဖြစ်ခြင်း။ ဒါတောင် လူဦးရေနည်းသောအိမ် တစ်ခုမို့တော်သေးသည်။ နောက်တစ်ချက် ဒေါ်လှရွှေမနေတတ်တာလည်းပါသည်။ တစ်ခုခုလုပ်နေရမှ နေသာထိုင်သာရှိသည်မို့ အအားလည်းမနေတတ်။

ထိုညနေက ကောင်းမြတ်တစ်ယောက် သူသူငယ်ချင်းတွေကိုထမင်းကျွေးချင်သည်ဟု ဆိုသောကြောင့် သူမခံတွင်းမျက်နိုင်တာလေးတွေကို ရွေး၍စဉ်းစားရသည်။ စားနေကျအရာတွေကိုလည်းမကျွေးချင်။ ထို့ကြောင့် လတ်လတ်ဆတ်ဆတ် လယ်ငါးရှူတွေကို ခပ်ကျွတ်ကျွတ်လေးကြော်လိုက်သည်။

www.burmeseclassic.com



ဘီးခုံဟင်းတစ်ခွက်ချက်သည်။ နောက် မျှင်ငါးပိနှင့်မရမ်းသီးကို ရွှေပ်သီး ခပ်စပ်စပ်လေးဖြင့် တစ်ခွက်ကြော်လိုက်သည်။ ဘဲဥကြော်ကတော့ ကြိုက်တဲ့ သူစားပေရော့ပဲ။ တို့စရာကတော့ အမည်စုံစုံလေးထည့်ပေးလိုက်သည်။

ကောင်းမြတ်နှင့် သူငယ်ချင်းတွေရောက်လာတော့ ဘီယာနည်းနည်း သောက်ထားပုံရသည်။ ရီဝေရီဝေနှင့်၊ သို့သော် ကွေြခြတစ်ချက်မှ မပျက်ကြပါ။ ရင်းနှီးသူဆို သောက်လာမှန်းတောင်သိမည်မဟုတ်။

"ကြီးမေရေ ... ထမင်းဆာလာပြီဗျ"

"ရင်းနှီးသောမြင့်နိုင်က ရှက်ပင်မရှက်နိုင်တော့။ ကျော်စွာနှင့် ဘင်သန်းကတော့ မြင့်နိုင်ကိုကြည့်လျက် ခပ်ပြုံးပြုံးလေးလုပ်နေသည်။

"အဆင့်သင့်ပါပဲတော်ရယ် ... လက်ဆေးစားရုံ အဆင်သင့်ပါပဲ၊ ထမင်းစားခန်းသာကြွကြပေတော့"

ကောင်းမြတ်က ဒေါ်လှရွှေနားကပ်ကာ တိုးတိုးလေးမေးသည်။

"ဒေါ်လေး နီနီလင်းရော"

ဒေါ်လှရွှေက လေသံလေးဖြင့်သာ။

"စောစောကမှပြန်ရောက်လာတယ် ... အပြင်ကစားလာပြီးပြီတဲ့ အိပ်ခန်းထဲတန်းဝင်သွားတာပဲ"

သူ ဘာမှမပြောတော့ပါ။ ပြောချင်စိတ်လည်းမရှိ၊ ခုတလော နီနီလင်း အပေါ်ထားခဲ့ရသည့် သံယောဇဉ်တို့သည် တဖြည်းဖြည်းလျော့ပါးသွားပြီလို့ တောင် ထင်သည်၊ ဖြစ်နိုင်လျှင်တော့ အားလုံးကို ယာယီမေ့ထားလိုက်ချင်သည်။

သူတို့ သူငယ်ချင်းတစ်သိုက် ထမင်းစားကြသည်၊ အားလုံး ခေါင်းမ မဖော်နိုင်ကြ။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးမေရဲ့ လက်ရာကတော့ ဂွတ်ရှယ်ပဲဗျို့"

"တကယ် ... တကယ်ပြောတာ မြှောက်ပင့်ပြီးပြောတာမဟုတ်ဘူး၊ တစ်ခါစားဖူးရုံနဲ့ တစ်သက်မမေ့ဘူးဆိုတာ ဒီလိုလက်ရာမျိုး"

တစ်ယောက်တစ်ခွန်း ချီးမွမ်းမဆုံးတော့ ...

"ကိုင်းပါတော် ... စားလို့ကောင်းတယ်ဆိုရင် မကြာခဏလာစားစမ်းပါ၊ ကြီးမေချက်ကျွေးရတာ ဘာအပန်းကြီးတာမှတ်လို့"

ထမင်းက ထည့်မလောက်။ ချက်ပြုတ်သူတစ်ယောက်အနေနှင့် စားကောင်းသည်ဆိုသော မှတ်ချက်သည် တကယ်ပင်ပီတိဖြစ်ရသည်။

စားသောက်သိမ်းဆည်းပြီးသောအခါ အတန်ငယ်ပင်မှောင်နေပါပြီ။ သူငယ်ချင်းတွေ ဧည့်ခန်းတွင်စကားဖောင်ဖွဲ့နေသေးသည်။ နောက်မှနှုတ်ဆက်ကာ ပြန်သွားကြ၏။ ထို့နောက် အသံတွေတိတ်သွားသည်။ ထင်ပါသည် ကောင်းမြတ်တစ်ယောက် သူ့အိပ်ရာတွင် နေရာဝင်ယူတော့ပေမည်။ ယခုချိန်ထိ နီနီလင်းအခန်းထဲဝင်ခွင့်မရှိသေး။

ဒေါ်လှရွှေမှာ ရွာကပေးလိုက်တဲ့အမဲသားများချက်ချိန်မရလိုက်ကော၍ ဆားနယ်နေသည်။ အသားကောင်းသဖြင့် အမြောင်းအမြောင်းများလှီးကာ နေလှမ်းလျှက် အမဲခြောက်ဖုတ်လုပ်ကျွေးရလျှင်လည်းကောင်းမည်ဟုတွေး သည်။ သူတို့ရွာတွင် အမဲသားကဈေးချိုသည်။ စိတ်ကြိုက်အသားကောင်းရနိုင် သည်။

သူမဆားနယ်ပြီးသောအခါ အဖုံးအုပ်လျှက် ကြောင်အိမ်အတွင်းသို့ ထည့်ကာ ပိတ်လိုက်သည်။ သူမ မအိပ်ခင်ရေချိုးရဦးမည်။ ချွေးနံ့အညှီနံ့တွေ က သူမကိုယ်မှာရှိနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ရေချိုးရင်း ညနေပိုင်းက လူကြီးနှင့်ရောက်လာသော ဦးတင်မောင်ဆီမှ စာအကြောင်းကိုစဉ်းစားနေမိသည်။ ထွေထွေထူးထူးတော့ မဟုတ်ပါ။ သမီး ဘာတွေဖြစ်ဖြစ်၊ ဘာတွေပြောပြော သည်းခံကာစောင့်ရှောက်ပေးရန်ဖြစ်သည်။ မိဘ၏ စေတနာမေတ္တာကတော့ ပြောမနေချင်တော့။

သို့သော် ခုတလော နီနီလင်းဖြစ်နေမှုကိုတော့ လုံးလုံးဘဝင်မကျချင်ပါ။ ယောက္ခမထံမှ အမွေကိုမရအရယူချင်နေမှုသည် အလွန်ပင်ရုပ်ဆိုးလှသည်ဟု ထင်၏။

"ဘယ့်နှယ့် မစားရမသောက်ရ ငတ်ပြတ်နေတာလည်းမဟုတ်၊ ယောက်ျားမရှာဖွေ မကျွေးမွေးလို့လည်းမဟုတ်၊ ဒါ တမင်သက်သက် အမြင်ကတ်အောင်လုပ်နေတာ၊ ဟိုကသိရင်ဘယ်လောက်စိတ်မကောင်းဖြစ်ရှာလိမ့်မလဲနော်"

ဘယ်လိုပင်တွေးတွေး ဘယ်လိုပင်သုံးသပ်သုံးသပ် အကောင်းမြင်မြင်တွေးလို့မရသောအဖြစ်ပါပေ။ သူမ ရေချိုးပြီး သနပ်ခါးရေကျဲကိုပါးပါးလေးလူးလိုက်သည်။ စိတ်ထဲတွင်တော့ တကယ့်ကိုလန်းလန်းဆန်းဆန်းဖြစ်သွားတာအမှန်။

သူမ ကောင်းမြတ်ကိုတစ်ချက်လှမ်းကြည့်လိုက်သည်။ အခန်းတစ်ခုထဲတွင် ဖျာခင်းလျက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေလေပြီ။ ယခုမှ ကောင်းမြတ်က သနားစရာကောင်းသည့် သတ္တဝါတစ်ကောင်လိုဖြစ်နေသည်။ မိန်းမကိုပစ်လည်း မပစ်ရက်၊ ချစ်လည်းမချစ်ရက်။

သူမနီနီလင်းအခန်းထဲသို့ဝင်လိုက်သည်။ အခန်းထဲတွင် နှစ်ယောက်အိပ်ခုတင်တစ်လုံးနှင့်တစ်ယောက်အိပ်ခုတင်တစ်လုံးရှိသည်။ သူမရောက်လာမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အိပ်ခုတင်ကိုပြောင်းရွှေ့ထားခြင်းဖြစ်၏။ သူမ အိပ်ရန်အတွက်ဖြစ်သည်။

နီနီလင်းမှာ တစ်ဖက်သို့စောင်းလျက် အိပ်ပျော်နေသည်။ တကယ်အိပ်ပျော်တာလား၊ အိပ်ချင်ယောင်ဆောင်တာလားဆိုတာတော့ သူမသာ အသိဆုံး ဖြစ်ပါလိမ့်မည်။ သူမ ခုတင်ပေါ်လှဲအိပ်လိုက်သည်။ ဟိုတွေးသည်တွေးမို့ တော်တော်နှင့်အိပ်မပျော်။ သို့သော်လည်း တစ်နေ့လုံးပင်ပန်းထားသည်မို့ ကြာကြာတော့မခံနိုင်ပါ။ ထို့နောက် သူမနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## အစိမ်းစားသူ

"အီး"

အသံကမအီမလည်ကြီး။ ဘယ်လိုအသံကြီးမှန်းမသိ။ ညည်းတွားသံလည်းမဟုတ်။ အော်ဟစ်သံလည်းမဟုတ်။ တစ်စုံတစ်ခုကို အဆက်အသွယ်ပြုသံလည်းမဟုတ်။ ရင်ခေါင်းထဲမှ မအီမလည်ထိုးထွက်လာသော အသံနှင့်တော့ ခပ်ဆင်ဆင်တူလှသည်။

ထိုအသံကြောင့် ဒေါ်လှရွှေဆတ်ခနဲနောက်လှည့်ကြည့်လိုက်သည်။

အမလေး ... ဘုရား ... ဘုရား ... ။

ခုတင်ပေါ်တွင် ခြေချထိုင်နေသော နီနီလင်း။ ဆံပင်တွေက ဖရိုဖရဲ။ မျက်လုံးတွေကပြူး။ အစ်ထွက်နေပြီး ပါးစပ်အတွင်းမှအမြှုပ်တွေတစီစီထွက်နေတာတွေ့သည်။ သူမ အလန့်တကြားအော်မိမလိုဖြစ်သေးသည်။ သို့သော် အသံတွေက ဘယ်ပျောက်နေမှန်းမသိ။

"နီနီ ... နီနီ ... နီနီ"



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်က ထိုစကားလုံးကို အဆက်မပြတ်အော်နေသော်လည်း သူမ လှုပ်ရှားဖို့တော့ တစ်စုံတစ်ရာက ထိန်းချုပ်ထားသလိုခံစားနေရပါ၏။ ဘုရား ဘုရား _ ဘာတွေဖြစ်နေရပါလိမ့်။ ကြည့်စမ်း အမြှုပ်တွေထပ်ထွက်လာပြန်ပြီ။ တစ်ကိုယ်လုံးကလည်း တုန်တုန်ရီရီနဲ့။ လက်နှစ်ဖက်ဆိုတာ အကြောလိုက်နေသလိုဆန့်ငင်ဆန့်ငင်။ တစ်ချက် တစ်ချက် ထိုးအန်လိုက်တိုင်း နီနီလင်း မျက်လုံးကြီးတွေက ထွက်ကျလာတော့မတတ်ကြောက်စရာကောင်းလွန်းနေသည်ကတော့အမှန်။

သူမ ဘာကြောင့် အကူအညီမပေးနိုင်ရတာပါလဲ။ တကယ်ဆိုလျှင် တူမတစ်ယောက်ကို ယခုလိုလျစ်လျူရှုထားဖို့မကောင်းပါ။ ခက်သည်က သူမ ဖြစ်နေသောအဖြစ်က ဘယ်လိုကြီးမှန်းမသိ။ မကောင်းဆိုးဝါး ဝင်ရောက်ပူးကပ်နေသလိုလို၊ မတော် မိမိကိုရန်များရှာနေမလားဆိုသောအတွေးကလည်း မဆီမဆိုင် ဦးနှောက်ထဲတဝဲလည်လည်။

နီနီလင်း ရုတ်တရက်ကြမ်းပြင်ပေါ်ထရပ်လိုက်သည်။

"နီနီ ... နီနီ ... နီနီ ... နီနီ"

နီနီ သူမကိုတစ်စက်လေးမှမကြည့်ပါ။ သူမ အနားတွင်ရှိနေသည်ကို ပင် ဂရုပြုမိပုံမပေါ်။ သူမ အခန်းအပြင်သို့စွတ်ခနဲထွက်သွားသည်။

"နီနီ ... နီနီ ... တူမလေး မင်း ... မင်းဘယ်သွားမလို့လဲ"

နီနီ နောက်ဘက်သို့ တစ်ချက်မှလှည့်မကြည့်။ ပါးစပ်မှထွက်ကျနေသော အမြှုပ်တွေက သူမသွားရာကြမ်းပြင်တစ်လျှောက် တသီးတတန်းကျကာ ကျန်ရစ်နေ၏။ သူမ ဘယ်ကိုသွားမှာပါလိမ့်။ ဒေါ်လှရွှေကြို တင်ခန့်မှန်းဖို့ မတတ်နိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တံခါးမကြီးကိုဖွင့်ကာ ခြံထဲသို့ဆင်းသည်။ ယင်းနောက် အိမ်ကိုပတ်ကာ သူမအခန်း၏ပြတင်းပေါက်နားဆီသွားနေ၏။ တစ်နေရာတွင် တော်တတ် စုံရပ်လိုက်ကာ မြွေကြီးကိုစိမ်းစိမ်းကြီးကြည့်နေတာတွေ့သည်။ မျက်လုံးတွင် ဒေါသအရောင်တို့က တလက်လက်ထလျှက်။

ထို့နောက် ... စိတ်ဆိုးမာန်ဆိုးဖြင့် မြွေကြီးကိုလက်ဖြင့်ယက်ကာ အလောတကြီးတူးဆွနေသည်။ နီနီလင်း၏ အလျှင်စလိုနိုင်မှုတွေက သူမ၏ အမူအရာတွေကို ရုပ်ပျက်ဆင်းပျက်ဖြစ်စေပါ၏။

"ဂူးဂူး ... ဂူးဂူး ... ဂူးဂူး"

ပါးစပ်ကလည်း မပီမသအသံနက်ကြီးဖြင့် မြွေကြီးတွေကိုအကြမ်းတမ်းဖယ်ထုတ်နေတော့၏။

တွေ့ပြီ။

တကယ်ကိုတွေ့လေပြီ။

လက်ထဲပါလာသောအရာက ရုပ်တုလေးတစ်ခု။ မည်သည့်ရုပ်တုမှန်းတော့ တိတိကျကျမမြင်ရပါ။ ဆံပင်ရှည်ရှည်နှင့် ဒူးတစ်ဖက်ကိုထောင်၍ ထက်တင်ထားသည့်ရုပ်တု။ ယောကျ်ားလား၊ မိန်းမလားတော့မသဲကွဲလှပါ။ နီနီလင်း ထိုရုပ်တုကိုလက်နှစ်ဖက်နှင့်ချိုးဖဲ့နေသည်။ သို့သော် အလွယ်တကူ နိုင်တော့ပုံမသွား။ သူမ အံကိုကြိတ်ကာ ထပ်မံဖဲ့ပြန်သည်။ အရာမယွင်း။ ထို့ကြောင့် ဒေါသတွေက တဖွားဖွားလွင့်စင်ထွက်လာနေပေပြီ။ ပို၍ဆိုးသည်မှာ ပါးစပ်မှအဆက်မပြတ်ထွက်လာသော အမြှုပ်တွေထဲတွင် သွေးစေးသွေးခဲများပင် ပါလာသည်မို့ ရဲရဲနီနေသည်။ သို့မို့ကြောင့် မကြာခင်သူမတစ်စုံတစ်ရာ ဖြစ်တော့မည်ဆိုတာ ရိပ်စားမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လာမှာလဲ။

ဘာဖြစ်လာမှာလဲ။

တစ်ကိုယ်လုံးလည်း လျှပ်စစ်ဓာတ်အလိုက်ခံနေရသလိုဆန့်ငင်ဆန့်ငင်ဖြစ်ကာ အသားအရည်တွေက မီးလောင်ကျွမ်းသလို မည်းနက်လာသည်။

"ဘုရား ... ဘုရား ... နီနီ ဘာဖြစ်တော့မှာလဲ၊ ကယ်တော်မူပါ"

သူမ ဝေဒနာအကြီးအကျယ်ခံစားနေရပုံပေါ်သော်လည်း အားတော့မလျှော့၊ ဖွဲ့တော့မလျှော့၊ အားမတန်သေခါမှလျှော့မည်ဟူသော ထုံးကိုနှလုံးမူလျက် ရုပ်တုကိုဖျက်စီးနေဆဲပင်။

နောက်ဆုံး သူမအကြံတစ်ခုရသွားဟန်ရှိသည်။ အနီးအနားကိုရှာသည်။ ဦးခေါင်းကို သွက်သွက်လှည့်ပတ်ကာရှာသည်။ ရှာသည်။ ရှာသည်။

တွေ့လေပြီ။ တခြားမဟုတ်။ အတော်အသင့်ကြီးသည့် ကျောက်တုံးတစ်တုံးအမျိုးအစားအား မခန့်မှန်းတတ်သော်လည်း သိပ်သည်းမာကျစ်လစ်သော ကျောက်တုံး။ နီနီလင်း အလျင်အမြန်ယူကာ အပေါ်သို့အားဖြင့်မြှောက်လျက် ရုပ်တုအားထုချေလိုက်ပါတော့၏။

"ဒုန်း"

ရုပ်တုမှာ သုံးလေးပိုင်းလောက်ပဲ့ကြွေသွားသည်။ သူမအားမရသေးပါ။ ထိုကျောက်တုံးကိုပင် ထပ်မံယူလျက်ဒုတိယအကြိမ် တတိယအကြိမ် စတုတ္ထအကြိမ် ... ။ ရုပ်တုမှာ မခံနိုင်ရှာတော့။ ရုပ်တုမှာ အစိတ်စိတ်အမွှာမွှာ ပဲ့ကြွေကုန်တော့၏။

ထိုသို့ ပဲ့ကြွေသွားခြင်းနှင့်အတူ သိသာထင်ရှားသောအချက်မှာ



www.burmeseclassic.com

www.burmeseclassic.com



နီနီလင်း ပါးစပ်မှထွက်ကျနေသော အမြှုပ်များသွေးခဲများ ထွက်မလာတော့ပေ။ ချက်ချင်းဆိုသလိုပင်ရပ်တန့်သွား၏။ ရုပ်တုက သူမကိုကျိန်စာပြုလေသလား။

ပြူးကျယ်နေသော မျက်လုံးအစုံသည်လည်း ပုံမှန်အတိုင်းပြန်ဖြစ်သွားသည်။ သို့တစေ မီးကျွမ်းသလိုဖြစ်နေသော အသားအရေမှာ မူနဂိုအတိုင်း ပြန် ဖြစ်မလာသေး။

သူမ အလွန်တရာမောဟိုက်နေသောကြောင့် အသက်ကိုလုရှူနေရသည်။ ဖွာလန်ကြဲနေသော ဆံပင်တွေကဟိုဝေ့သည်ဝေ့။

ဒေါ်လှရွှေမှာ ရင်ဘတ်ကိုအသာဖိလျက် မှင်တက်မိစွာငေးမောနေပါတော့၏။ နီနီလင်းဘာတွေဆက်လုပ်ဦးမှာလဲ။ သူမမတ်တတ်ထရပ်လိုက်သည်။ ယိုင်တိယိုင်ထိုးဖြင့်အိမ်နောက်ဖေးဘက်သို့ ဆက်လျှောက်သွား၏။ သူမသွားရာနောက်သို့ ဒေါ်လှရွှေတကောက်ကောက်လိုက်မိပြန်၏။ ဟော … မီးဖိုချောင်ထဲ ဝင်သွားပြီ။ အစဉ်အမြဲဆိုသလို စေ့ရုံသာစေ့ထားတတ်သော တံခါးမှ အလွယ်တကူပင်ဝင်နိုင်ပါသည်။

သူမ ကြောင်အိမ်ကိုဖွင့်သည်။ နောက် ဆားနယ်ထားသောအမဲသား ပန်းကန်ကိုယူသည်။ နှာခေါင်းဖြင့် တစ်ချက်နမ်းကြည့်ကာ ဘဝင်ကျသွားသည့် အမူအရာဖြင့် တစ်တုံးပြီးတစ်တုံး အငမ်းမရစားသုံးပါတော့၏။

"ဘုရား ဘုရား အမဲသားအစိမ်းတွေစားနေပါလား"

စားနေသည်က တကယ့်ကိုအားပါးတရ၊ သိပ်တောင်မဝါး။ အတင်းပင် မျိုချနေသည့်မြင်ကွင်းမှာ အသည်းယားစရာကောင်းလှပါ၏။ မျိုချလိုက်သည့် အမဲသားတုံးများလည်းပင်းတစ်လျှောက် ဆင်းသွားတာကိုသည်း အတိုင်းသား မြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ဒေါ်လှရွှေအိပ်မက်မှဖျတ်ခနဲလန့်နိုးလာခဲ့၏။ တစ်ကိုယ်လုံး ချွေးတွေက ရွှဲရွှဲနစ်လို့၊ တစ်ဘက်ခုတင်ကို လှမ်းကြည့်လိုက်တော့ နီနီလင်း ကွေးကွေးလေးအိပ်နေတာတွေ့ရသည်။ ထိုအခါမှ သူသက်ပြင်းကိုအသာချရတော့၏။

"ငါ့နှယ့်နော် ဘယ်လိုအိပ်မက်တွေမက်နေတာပါလိမ့်"

သူမ သက်ပြင်းကို သာသာချကာ တစ်ကိုယ်ထဲရေရွတ်မိသည်။ ထို့နောက် အိပ်မက်အကြောင်းကိုပြန်တွေးမိပြန်သည်။ ရုပ်တုက လုချေနေသော နီနီလင်း၏ ပုံရိပ်တွေ။

မီးလောင်ကျွမ်းနေသော အသားအရေ၊ နောက်အမဲသားများအား မြိန် ရေရှက်ရေစားနေသော အဖြစ်ပျက်၊ သူမခေါင်းကိုအသာခါရမ်းကာ ခုတင်ပေါ်မှ ငုပ်တုတ်ထထိုင်ကာ ရေတစ်ခွက်သောက်ဖို့ စိတ်ကူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

# နှောင့်ယှက်လာသူ

တောင်ပေါ်မြို့လေး၏ ဈေးနေ့တစ်နေ့။

ကျော့ကျော့တစ်ယောက်တည်း ဈေးဝယ်ထွက်လာခဲ့သည်။ သူမတို့ဈေးလေးမှာ ခမ်းနားကြီးကျယ်မှုအသွင်မဆောင်သော်လည်း ပစ္စည်းကတော့စုံသည်။ တောင်ပေါ်ဒေသထွက် အသီးအနှံများနှင့် မြေပြန့်မှရောက်လာသောလူသုံးကုန်ပစ္စည်းမျိုးစုံ၊ အထည်အလိပ်၊ စားသောက်ကုန်တွေက လိုချင်စရာဖွယ်ဖွယ်ရာရာပင်။

သူမ ဈေးတောင်ဘက်မှ မြောက်ဘက်သို့တဖြည်းဖြည်းလျှောက်လာခဲ့သည်။ တိုးတိုးဝှေ့ဝှေ့လူတွေကြောင့် မနည်းကိုသတိထားရှောင်နေရသည်။ မြောက်ဘက်ရောက်တော့ အဖေကြိုက်တတ်သည့် တို့ဟူးနှင့်ခရမ်းချဉ်သီးဝယ်သည်။ တို့ဟူးကို အချပ်လိုက်ကြော်ကာ ခရမ်းချဉ်သီးနှင့်ပြန်ချက်တာကို အဖေသိပ်ကြိုက်သည်။ ငရုပ်သီးကိုတော့ အဖေသိပ်မစားနိုင်ကော။ နောက် ... အိမ်အတွက် လိုအပ်တာတချို့ဝယ်သည်။ လူရှင်းသည့်လမ်းတစ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်ကာလျှောက်လာခဲ့သည်။ ငေးငေးငူငူနှင့်ပင်။

ထိုစဉ်အခိုက် ...

ကျော့ကျော့၏ ညာဘက်ပခုံးပေါ်သို့ လက်တစ်ဖက်က ခပ်စပ်စပ်လေး ရောက်လာခဲ့၏။

"အို"

လက်မှာ အလွန်အေးစက်လျက် ရေခဲတမျှအေးနေခြင်းက သူမကို အလွန်ထိတ်လန့်သွားစေပါသည်။ လျှပ်တစ်ပြက်ဆိုသလိုဖြစ်ပေါ်လာသော ဗီဇသဘောဉာဏ်က ထိုလက်ကိုအလိုလိုပုတ်ထုတ်လိုက်သလိုဖြစ်သွားသည်။ ထို့နောက် ကပျာကယာနောက်သို့လှည့်ကြည့်ရာ ...

"ဟင်"

သူမကို စူးစူးကြီးစိုက်ကြည့်နေသော နီနီလင်း။

မျက်နှာက ပုံမှန်ရုပ်မဟုတ်။ လူသေကောင်လိုဖြူရော်ရော် ဖြူဖတ်ဖတ်။ နှုတ်ခမ်းတွေကပြာနေသည်။ ဘယ်လိုကြီးမှန်းကိုမသိ။

ဒါ ... သူမရဲ့ရန်သူလေ။

ဒါ ... သူမအမုန်းကြီးမုန်းနေသောသူ။

ယခုအချိန်တွင် သူမနှင့်ပတ်သက်စရာ ဘာအကြောင်းမျှမရှိ။ တွေ့စရာလည်းမလို။ ခုတော့ သူမနောက်ဆီရောက်နေလေပြီ။ တခြားအခြေအနေမျိုးဆိုလျှင် ရန်တွေ့လိုက်မှာဖြစ်သော်လည်း ယခုတော့ သူမ၏ မျက်နှာသေကြီးက ကျော့ကျော့ကိုထိတ်လန့်စေပါ၏။ ချောက်ချားစေပါ၏။ လိပ်ပြာလွင့်သလိုလည်း ခံစားရပါ၏။

ထို့ကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာမျှစကားမဆိုနိုင်ဘဲ နောက်သို့သာ ခပ်သွက်သွက်ထွက်ပြေးရတော့၏။

သူမကို ဘယ်လိုအန္တရာယ်မျိုးပေးမလို့ပါလိမ့်။

အတန်ငယ်လှမ်းတော့ နောက်သို့တစ်ချက်ပြန်ကြည့်သည်။

"ဟင်"

နီနီလင်းမှာ သူမနောက်သို့ ထပ်ချပ်မကွာလိုက်ပါလာပါ၏။

သေချာပေပြီ။

သူမကို တစ်ခုခုပြုလုပ်ရန် နောက်ကလိုက်လာနေခြင်းဖြစ်မည်။

သူမ မပြေးရုံတမည်ဆက်လှမ်းသည်။ နီနီလင်း မူမှန်မဟုတ်တာတော့ သေချာနေပါပြီ။ ဈေးသွားဈေးလာတချို့က သူမကိုသတိထားကြည့်ကြသည်။ ဟုတ်သည်လေ။ သူမအဖြစ်ကအလောသုံးဆည်။ ဣန္ဒြေမရ။ ပျိုးပျိုးပြာပြာနှင့်။

ခပ်လှမ်းလှမ်းရောက်တော့ နောက်သို့ကြောက်ကြောက်လန့်လန့် လှည့်ကြည့်ဖြစ်သည်။

မရှိတော့။

နီနီလင်းမရှိတော့ ... ။

သေချာစေရန် သူမလှည့်ပတ်ကြည့်သေးသည်။

ဟုတ်သည်။ အရိပ်အယောင်မျှပင်မရှိတော့ပါလေ။ ထိုအခါမှ သူမ သက်ပြင်းချရတော့၏။

"ဟူး ... တော်ပါသေးရဲ့"

မောလည်းမောနေပေပြီ။ နဖူးပြင်တွင် ချွေးစေးကလေးတွေ စိုစို။



www.burmeseclassic.com

www.burmeseclassic.com



ရင်အုံပေါ်မှ နှလုံးခုန်သံကို အတိုင်းသားကြားနေရသည်။ သူမ ဈေးလည်း ဆက်မဝယ်ချင်တော့။ အိမ်သို့သာပြန်ချင်နေပြီ။

ထို့ကြောင့် ...

ကိုယ်ကိုလှည့်ကာ ရှေ့ဆက်လျှောက်ဖို့ ခြေလှမ်းလှမ်းမည်အပြု ...

"အမလေး"

ရှေ့တည့်တည့်တွင် မားမားကြီးရပ်နေသော နီနီလင်း။

မျက်လုံးသေကြီးနှင့် ... ။

www.burmeseclassic.com

www.burmeseclassic.com

## ဆရာနှင့်တပည့်

မူမူက ကျော့ကျော့ပြောသမျှကို တအံ့တသြနားထောင်နေသည်။

တင်မလတ်က လက်ကိုနောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်လျှက် တစ်စုံတစ်ရာကိုစဉ်းစားလျက်ရှိ၏။

"အဲဒီလို ဖြူနီးခနဲ ရှေ့တည့်တည့်မှာလည်းတွေ့ရော နင်တအား မကြောက်သွားဘူးလား"

"ကြောက်ရုံတင်မကဘူး အသက်တောင်ဘယ်ကထွက်ရမှန်းမသိဘူး"

"ဒါနဲ့"

ကျော့ကျော့က စကားကိုဆက်မပြောနိုင်သေး။ ပြောရမှာကိုအင်အားရှိတော့ပုံလည်းမပေါ်။ ကိုယ့်ကိုယ်ကိုယ်လည်း မကျေမနပ်ဖြစ်နေပုံပေါ်သည်။

"နောက်ကြောင်းကိုပြန်လှည့်မပြေးခဲ့ရတာပေါ့"

"သူ့ကိုတော့ လူတွေကြည့်မနေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုမြင်ပုံမရဘူး"

"နင်ဆိုလိုတာက"

"ဘာပြောရမှန်းမသိတော့ဘူး မူမူရယ်"

မူမူက တွေးတွေးဆဆလေးလုပ်ရင်း ...

"သူ ... နင့်ကိုဘာလုပ်မယ်ထင်သလဲ"

"ဘယ်သိပါ့မလဲ ... ငါ့စိတ်ထဲမှာတော့ လည်ပင်းညှစ်မယ်လို့ပဲ မှတ်နေတယ်"

"လူကြားထဲမှာ လုပ်ဝံ့ပါ့မလား"

"ဒါတော့ မပြောတတ်ဘူး"

တင်မလတ်က လမ်းလျှောက်နေမှုကို ခြေစုံရပ်လိုက်ပြီး ...

"ဒါဟာ စိန်ခေါ်မှုအသစ်ကိုစတင်လိုက်တာပဲ"

"ဘယ်လို မလတ်၊ စိန်ခေါ်မှုအသစ်ဟုတ်လား"

သူတို့နှစ်ယောက်စလုံး ငေးကြောင်ကြောင်ဖြင့် မလတ်ကိုငေးကြည့်ကြသည်။

"သူ ရုပ်တုကိုတွေ့သွားပြီထင်တယ်"

"ရုပ်တုရှိနေရင် သူ မကျော့ကို ဒီလိုဘယ်လုပ်ရဲပါ့မလဲ"

"ဟုတ်တယ်နော်"

"သူက ဘာကိစ္စတွေနိုင်မှာလဲ"

"အဲဒါတော့ မလတ်လည်းမခန့်မှန်းတတ်ဘူး၊ ဒါပေမယ့် စိတ်မပူပါနဲ့ ကျော့ကျော့ကိုနောက်ထပ်အနှောင့်အယှက် ထပ်မပေးစေရပါဘူး၊ မလတ် အကောင်းဆုံး အစောင့်ခွဲကြိုးလေးလုပ်ပေးထားမယ်၊ မကျော့ကိုဒီနေ့မကျွာ

www.burmeseclassic.com



ဆောင်ထားပေတော့''

''အားကိုးပါတယ် မလတ်ရယ်''

''မလတ်ကတော့ မနှောင့်ယှက်ရုံနဲ့မကျေနပ်နိုင်သေးဘူး၊ နီနီလင်းဟာ နီနီလင်းအစစ်မဟုတ်ဘူးဆိုတာတော့ အကောင်းဆုံးသက်သေပြရမှာပဲ''

''ဘယ်လိုသက်သေပြမှာလဲ''

''စောင့်ကြည့်လေ ... ဒါဟာ မလတ်ရဲ့အစွမ်းထက်ဆုံးကြိုးစားမှုပဲဖြစ်လိမ့်မယ်''

တင်မလတ်ကတော့ ကိုယ့်စကားကို ကိုယ်တာဝန်ယူရဲသည့်အမူအရာတွေကအပြည့်။

''ကဲပါ ပြီးခဲ့တာတွေ ခေါင်းထဲကထုတ်လိုက်ပါတော့၊ ဒါကိုအစွဲအလမ်းလုပ်နေရင် ကိုယ်ပဲဒုက္ခရောက်လိမ့်မယ်''

မလတ်က သူမကိုနှစ်သိမ့်ရှာသည်။ မလတ်ဘာကိုပင်ပြောပြောသူမမျက်စိထဲမှာတော့ လူသေကောင်မျက်နှာကြီးနှင့် နီနီလင်းကိုသာပြန်မြင်ယောင်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အမွေလာတောင်းသည့် တစ္ဆေ

ဦးဘမြိုင်တစ်ယောက် ဂျာနယ်အဟောင်းတစ်စောင်ကို စိတ်ပါလက်ပါ ဖတ်နေသည်။ သူဖတ်နေသည့် အကြောင်းအရာက မြေအောက်တွင် ပိတ်မိနေသည့် ချီလီမိုင်းလုပ်သားများ မည်သို့အသက်ရှင်နေထိုင်ခဲ့သလဲဆိုသော အကြောင်းအရာပင်ဖြစ်၏။

ယင်းအကြောင်းအရာမှာ ...

သဲကန္တာရအတွင်း ကြေးနီနှင့်ရွှေတူးဖော်သော မိုင်းတွင်းတစ်ခုအတွင်း နှစ်ယကျော်ပိတ်မိနေခဲ့သော ချီလီမိုင်းလုပ်သား ၃၃ ယောက်လုံးအား အောက်တိုဘာ ၁၄ ရက်တွင် မြေပြင်ပေါ်သို့ ဘေးမသီရန်မခဆွဲတင်နိုင်ခဲ့ပြီ ဖြစ်သည်။

မိုင်းလုပ်သားများသည် မြေအောက် ပေ ၂၀၀၀ ကျော်အနက်တွင် ၆၈ ရက်ကြာအောင် ဆာလောင်မွတ်သိပ်မှု၊ စိုးရိမ်ပူပန်မှုနှင့်နာမကျန်းမှုများကို ကျော်လွှားကာ စံချိန်ချိုး၍ မည်သို့ရှင်သန်နေထိုင်ခဲ့ကြသလဲဆိုလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



သတင်းက အတော်ပင် စိတ်ဝင်စားစရာကောင်းနေပါသည်။ ထို့ကြောင့် သူဆက်လက်ဖတ်ဖြစ်ခဲ့၏။

ယင်းတို့မှာ ...

မည်သို့ စားသောက်ခဲ့သနည်း။

ဩဂုတ်လ ၅ ရက်တွင်မိုင်းတွင်းပြိုကျချိန်မှစ၍ မြေပေါ်နှင့်အဆက်အသွယ်ရသည့် ၁၇ ရက်တာကာလအတွင်း မိုင်းလုပ်သားများသည် ၄၈ နာရီ လျှင်တစ်ကြိမ် တူနာငါးနှစ်ဇွန်း၊ ကွတ်ကီးမုန့်တစ်ဝက်နှင့် နွားနို့ဖန်ခွက်တစ်ဝက် ခွဲတမ်းချ စားသုံးခဲ့သည်။ နောက်ပိုင်းတွင် ရှာဖွေရေးလွန်သွား အပေါက်ကျဉ်း လမ်းကြောင်းမှ ရေခဲတံ့ ခမ်းခြောက်ခြင်းအတွက် ဂျယ်လီများ၊ အချိုရည်များ ဆေးဝါးများ ချပေးခဲ့သည်။

မည်သို့ အဆက်အသွယ်ရရှိခဲ့သနည်း။

မိုင်းလုပ်သားများ အသက်ရှင်သန်နေကြောင်းကို အောက်တိုဘာ ၂၂ ရက်တွင် စတင်သိရှိခဲ့ပြီး ရှာဖွေရေးလွန်သွားအား ခေါက်သည့် အသံကြောင့် အဆက်အသွယ်ရရှိခဲ့သည်။ ကယ်ဆယ်ရေး လုပ်သားများက လွန်းသွားအား ဆွဲထုတ်လိုက်သောအခါ "ငါတို့ ၃၃ ယောက်စလုံး အရေးပေါ်ခိုလှုံရေးအခန်းမှာ ကျန်းကျန်းမာမာ ရှိနေတယ်" ဟူသောစာသား ချိတ်ဆွဲပေးလိုက်သည်ကို ကယ်ဆယ်ရေးလုပ်သားများတွေ့ရှိခဲ့သည်။

ကယ်ဆယ်ရေးလုပ်သားများ နေ့စဉ်ဘာတွေလုပ်နေကြသနည်း။ ၎င်းတို့အား ရှာဖွေတွေ့ရှိပြီးနောက် ကယ်ဆယ်ရေးလုပ်သား



www.burmeseclassic.com

www.burmeseclassic.com



များသည် နေ့စဉ်ပင် မနက်စာ၊ နေ့လယ်စာ၊ ညစာ၊ ညနေခင်း လက်ဖက်ရည်သောက်ခြင်း စသည့် ပုံမှန်အတိုင်း စားသောက်မှု စတင်သည်။ ဝပ် ၅၀၀ ဓာတ်အားလိုင်းမှ မီးရရှိ၍မြေအောက်တွင် နေ့ခင်းနှင့်ညဘက်အနေအထားများကို ဖန်တီးကြသည်။ နေ့စဉ် လေ့ကျင့်ခန်းများ လုပ်ကြရသည်။ ကယ်ဆယ်ရေးတွင်းတူးသော အခါ ၎င်းတို့ဆီသို့ ကျလာသောအမှိုက်များကို ဖယ်ရှားကြရသည်။ မည်သို့သောဖျော်ဖြေမှုများကိုပြုလုပ်ခဲ့သနည်း။

မိုင်းလုပ်သားအများအပြားမှာ ဘောလုံးဝါသနာအိုးများဖြစ်ကြ၍ တစ်ယောက်ဆိုလျှင် ကြေးစားပင် ကစားဖူးသူဖြစ်ရာ ပရိုဂျက်တာ အသေးစားလေးကိုအသုံးပြု၍ ချီလီနှင့် ယူကရိန်းချစ်ကြည်ရေး ခြေစမ်းပွဲကဲ့သို့ ဘောလုံးပွဲများကို တိုက်ရိုက်ကြည့်ရှုနိုင်ရန် ဖန်တီး ခဲ့ကြသည်။

၎င်းတို့နေထိုင်ရာနေရာမှာပင် ကာစီနိုကစားဝိုင်း အသေးစားလေး ထူထောင်၍ ဖဲချပ်များဖြင့် ကစားခြင်း၊ ဒိုမီနိုဂိမ်းနှင့်ကြွေအန်ခေါက် ခြင်း စသည့် ကစားနည်းများကစားကြသည်။

နောက်ဆုံးရက်သတ္တပတ်အနည်းငယ်တွင် သတင်းစာများဖတ်ခွင့် ရခဲ့သည်။ မိုင်းလုပ်သားများသည် သေးငယ်သောသီချင်းဖွင့်စက် များ၊ စပီကာများနှင့် ပုပ်ရဟန်းမင်းကြီး ဘင်နာဒစ်က ချီးမြှောက် သော အရွယ်အစားအလွန်သေးသော ဘာသာရေးကျမ်းစာအုပ် များနှင့် ပုတီးများရရှိကြသည်။ ဆေးလိပ်သမားများမှာ နီကိုတင်း ကပ်ခွာများ၊ သကြားလုံးများဖြင့် ကျေနပ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



*၎င်းတို့ဆီသို့ ပို့ပေးထားသော ဗီဒီယိုကင်မရာမှတစ်ဆင့် မိုင်းလုပ်သားများသည် ၎င်းတို့၏ ခံစားရမှုဒုက္ခများကို ရိုက်ကူးပြသကြသည်။ အခက်အခဲများကြားမှပင် မိုင်းလုပ်သားများသည် စိတ်ဓာတ်တက်ကြွနေခဲ့ကြပြီး ဟာသဉာဏ် ရှင်သူများကဆိုလျှင် ၎င်းတို့ အကြိုက်ဆုံးဟာသများကို ရှစ်နာရီကျော်ကြာစေ ပမာဏကို ရိုက်ကူးပေးပို့ခဲ့ကြသည်။*

***Ref : Reuters***

ဦးဘမြိုင် ဂျာနယ်ကိုဘေးသို့အသာချကာ ထိုမိုင်းသမားတို့၏ တတ်ကြွစွာ အသက်ရှင်နေထိုင်ခဲ့မှုများကို မျက်လုံးထဲမြင်ကြည့်ကာ ကြည်နူးဝမ်းမြောက်မှုများဖြစ်ပေါ်လျက်ရှိသည်။

"အင်း ... ဒါလည်း သမိုင်းဝင်ဖြစ်ရပ်တစ်ခုပါပဲလေ"

ပက်လက်ကုလားထိုင်ပေါ် လှဲမှီကာ မျက်လုံးလေးမှေးစင်းထားမိ၏။ မကြာခင်က တိုက်ရိုက်ထုတ်လွှင့်ခဲ့သော ရုပ်သံအစီအစဉ်တွင် မြေပြင်ပေါ်ဦးစွာ တက်ရောက်နိုင်သူကို ချီလီသမ္မတက ဖက်လဲတကင်းကြိုဆိုနေပုံ၊ မိသားစုများနှင့် ပရိသတ်က လက်ခုပ်သြဘာပေးကြပုံကို ကြည့်လိုက်ရ၏။ တကယ့်ကို ကြည်နူးဝမ်းမြောက်စရာကောင်းလှသည့် မြင်ကွင်းတစ်ခုပင်။

ထိုစဉ် ...

နားထဲသို့ ခြေသံတစ်ခုတိုးဝင်လာသည်။ ထို့ကြောင့် မျက်ခွံအသာအယာ ဖွင့်ကြည့်မိ၏။

မျှော်လင့်မထားသော လူတစ်ယောက် ... ။

"ဟင် ... နီနီလင်းပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြောပြောဆိုဆို ကိုယ်ကိုမတ်လိုက်သည်။ အရေးတကြီး အကြောင်းကိစ္စမရှိဘဲနှင့် မိမိအိမ်သို့ဘယ်နည်းနှင့်မှ လာမှာမဟုတ်သော ချွေးမလေး။ သမီးနှင့်အဆင်မပြေသော်လည်း သူကတော့ အရာရာသည်းခံ ကာ ပေါင်းခဲ့သောကြောင့် နှစ်ယောက်ကြားတွင် ဘာပြဿနာမှမရှိခဲ့။

"ဝင်ခဲ့လေသမီး ... သားရောပါမလာဘူးလား"

သူမ ဦးဘမြိုင် စကားကိုမတုန့်ပြန်ပါ။ မျက်နှာထားကတော့ တစ်စုံ တစ်ရာထူးခြားနေတာတော့အမှန်ပင်။ သူမမှာအစိမ်းရောင်ဝတ်စုံကိုဝတ်ဆင် ထားသည်။ အစိမ်းမှာပင် အစိမ်းရင့်ရင့်ဟုဆိုရပေမည်။ ယင်းအထဲတွင်မှာမှ အနက်ရောင်နှင့်အဖြူရောင် ပွင့်ခက်သေးသေးလေးတွေပါဝင်သည်။ သူမနှင့် တော့မလိုက်ဖက်လှပါ။

နီနီလင်းက အိမ်ထဲသို့ဝင်လာကာ ခုံတစ်လုံးတွင်ဝင်ထိုင်လိုက် သည်။

"ရေနွေးရှိတယ် သမီးသောက် ... "

ထုံးစံအတိုင်းတော့ သူ့ဘက်ကဝတ္တရားကျေအောင်ညွှန်ခံပါသည်။ ဘာကိစ္စများလဲဟူ၍တော့ စိတ်ဝင်စားနေသည်။

"ကျွန်မ ရေနွေးသောက်ဖို့လာတာမဟုတ်ဘူး"

ထိုစကားတစ်ခွန်းကပင် တော်တော်ရင့်သီးနေပါသည်။ ထိုစကား သည် ပြောသင့်ပြောထိုက်ပါသည်လား။ ဦးဘမြိုင်ရင်ထဲ အတန်အသင့်ပျက် သွားသော်လည်း ဒေါသကိုတော့ အပြင်သို့ထွက်ခွင့်မပေးလိုက်ပါ။ ကိုယ်က လူကြီးတစ်ယောက်မို့ ထိန်းရမည်။

"ကိုင်း ... ဒါဆိုလည်း လာရင်းကိစ္စသာပြောပေတော့"



www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်ချက်စဉ်းစားသလိုပြုသည်။ ဘယ်ကိုမှမကြည့်၊ ကြမ်းပြင်ကိုသာ စူးစူးရဲရဲစိုက်ကြည့်နေပြီး ...

"ကျွန်မကို ကိုကောင်းမြတ်ရသင့်ရထိုက်တဲ့အမွေခွဲပေးပါ"

"ဟေ"

သူ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ မိမိနားကိုလည်း မိမိမယုံသလို ဖြစ်သွားသည်။ ဒါဟာ အိပ်မက်လား။ မဟုတ်ပါ။ အိပ်မက်မဟုတ်တာတော့ သေချာနေပါသည်။

"ဘယ် ... ဘယ်လိုသမီးရဲ့၊ အဖေနားကြားများမှားသွားသလားလို့"

သူမက အကြာကြီးကိုကြမ်းပြင်မှဖဲ့ခွာကာ ဦးဘမြိုင်ကိုခပ်ပြတ်ပြတ်ပင်ကြည့်လိုက်သည်။ အကြည့်တွေက ရှိုင်းပြလွန်းလှပါသည်။

"ဘာမှနားကြားမလွဲဘူး၊ ကျွန်မက အမွေပေးဖို့တောင်းနေတာ"

"အမွေ"

"ဟုတ်တယ်လေ သားသမီးမွေးထားရင်တော့ မိဘကအမွေခွဲပေးရမှာ ထုံးစံပဲ၊ ကျွန်မကတော့ ပြတ်ပြတ်သားသားပဲပြောမယ်၊ အမွေခွဲပေးမလားမပေးဘူးလား"

သူမ လေသံကတောင်းဆိုနေသံမဟုတ်တော့။ ဓားပြတိုက်နေတာနှင့် ဆင်ဆင်တူနေတော့၏။

"နေဦး နေပါဦး ... ဒါကို ငါ့သားကပြောခိုင်းလိုက်လို့လား"

နီနီလင်း၏ နှုတ်ခမ်းအစွန်းလေးနှစ်ဖက် တွန့်ကွေးသွားသည်။ ပြီးတော့ ... သရော်သလိုလေသံနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုပြောနိုင်းလို့ဘာအကျိုးရှိမှာလဲ၊ သူက အဖေနဲ့ညီမဆိုရင် ဆတ်ဆတ်ထိခံတာမှမဟုတ်တာ၊ ပြောလိုက်တိုင်း ထမင်းရေပူလျှာလွှဲသိပ်လုပ်တဲ့လူ၊ ကျွန်မပြောပေါင်းလည်းများနေပြီ၊ ဒါကိုမထုံတတ်ဘေးလုပ်နေတယ်လေ"

ဦးဘမြိုင်က လူကြီးပီပီ တစ်ခုတော့တွေးမိလိုက်၏။ ယင်းမှာအခြားမဟုတ်။ တချို့ပြောနေကြသလို နီနီလင်းသည် နီနီလင်းမဟုတ်သည့်ကိစ္စထိုကိစ္စအား သူ နီနီလင်းအသက်ရှင်လာပြီးသည့်နောက်ပိုင်းမှ စကားနည်းနည်းတော့ သတိထားမိလာသည်။ အပြောအဆို အနေအထိုင် အပြုအမူတွေက အရင်ကနဲ့ အတော်လေးကွဲပြားလာတာသေချာသည်။ သူကိုယ်တိုင် မကြုံဘူးသော်လည်း စကားများအရ သိသင့်သလောက်တော့ သိထားပြီးပေပြီ။

ယခုတော့ ...

သူကိုယ်တိုင်မျက်ဝါးထင်ထင်ကြုံရပေပြီ။ ထို့ကြောင့် ရှဉ့်လည်းစွဲသာပျားလည်းလျှောက်သာဆိုသလို သည်ပြဿနာအားသတိကြီးစွာထား၍ ကိုင်တွယ်ရမည်ဟုတွက်သည်။

"နေပါဦး နီနီလင်းရဲ့၊ ဒါဟာ တို့သားအဖနှစ်ယောက်ပြောရမယ့်ကိစ္စပါ၊ မင်းနဲ့ဘာမှမဆိုင်ဘူးလေ၊ ဒါဟာ သူများမိသားစုရဲ့အတွင်းရေးကိုဝင်ရောက်စွက်ဖက်တာပဲ၊ ဒါကြောင့် မင်းပြန်ပါ၊ ဟိုကောင့်ကိုသာ ငါ့ဆီလွှတ်လိုက်"

"ကျွန်မသိချင်တာက ဟိုကောင့်ကိုလွှတ်ဖို့မဟုတ်ဘူး၊ အမွေခွဲမှာလည်းမလား၊ မခွဲပေးဘူးလားပဲသိချင်ပါတယ်"

"ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘမြင့်အတော်ပင်စိတ်ပျက်သွား၏။ ဒေါ်သာကရင်ထဲတွင် အလိုလို လှိုက်တက်လာ၏။ ယခုလို ပြောဆိုနေရုံနှင့်တော့ ဇာတ်လမ်းကပြတ်မည် မဟုတ်။

"နေပါဦး မင်းကအမွေကိုဘာလုပ်မှာလဲ"

သူမကထပ်မံမေးလိုက်ပြန်သည်။ ထိမထင်သော အမူအရာကိုတမင် လုပ်ကာ ...

"ဒါက ကျွန်မကိစ္စပါ၊ ဦးလေးသိစရာမလိုပါဘူး"

"ကိုင်းကွာ ... မပေးဘူးဆိုရင် မင်းဘာလုပ်မလဲ"

"ဒါဆိုရင်တော့ ကျွန်မအကြောင်းကောင်းကောင်းပြရမှာပဲ"

"မင်းအကြောင်း"

သူက ရိသဲ့သဲ့လေသံဖြင့် အံ့သြသလိုလုပ်ပြလိုက်သည်။ သည်အချိန် တွင် သူဘာကိုမှသည်းမခံနိုင်တော့ပါ။ သည်းခံနိုင်စရာလည်း အကြောင်းမရှိ တော့။

"မင်းကိုငါရွေးချယ်စရာလမ်းနှစ်လမ်းပေးမယ်၊ တစ် ... ဒီနေရာက နေ မင်းအေးအေးဆေးဆေးပြန်နေချင်နေပါ၊ ဒါမှမဟုတ်လို့ ငါ့ကိုစိတ်ဆင်းရဲ အောင် ဆက်လုပ်နေမယ်ဆိုရင် ... နှစ် ... ရဲစခန်းကိုအကြောင်းကြားရ လိမ့်မယ်၊ ကိုင်း ... မင်းကြိုက်တာရွေး"

"ဦးလေးက ဒီလိုလား"

"ငါစကားကို နှစ်ခါပြင်မပြောတတ်ဘူး"

"ကောင်းပြီလေ ... ဒါဆိုရင်တော့ ကျွန်မသွားပါ့မယ်၊ ဒါပေမယ့် ကြာခင်မှာတော့ ဦးလေးကျွန်မအကြောင်းကိုသိရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြောပြောဆိုဆို မတ်တတ်ထရပ်သည်။ သူ့အား မကြည့်သလို ကြည့်ကာ ခပ်ဆတ်ဆတ်လေး အိမ်ထဲကထွက်သွားပါတော့၏။ သည့်တော့မှ ဦးဘမြိုင်စိတ်ပျက်လက်ပျက်ဖြစ်စွာ ကုလားထိုင်ကျောမှီအား ပစ်လှဲချလိုက်၏။

"ဟူး ... အကုသိုလ်များ နေရင်းထိုင်ရင်းအိမ်ပေါ်တန်းရောက်လာပါလား"

သူ ခေါင်းကိုစိတ်ရှိလက်ရှိ ကုတ်ပစ်လိုက်သည်။ သားရှိနေပါလျက် ချွေးမက အမွေလာတောင်းသောအဖြစ်၊ မကြုံဖူး၊ မကြားဖူးသောအဖြစ်။

"ဘယ့်နှယ့် လူကြားလို့မှ မကောင်းလိုက်တာ"

အခန်းအတွင်းမှချောင်းနားထောင်နေသော ကျော့ကျော့အပြေးလေး ထွက်လာသည်။

"သမီးဖြင့် အူယားလိုက်တာအဖေရယ်၊ ဒီကောင်မ ရူးများနေလားမသိဘူး"

အမှန်စင်စစ် သူမထွက်မတွေ့ဝံ့၍သာ ထွက်မလာခြင်းဖြစ်၏။ ဈေးမှာကတည်းက ဘာရယ်လို့အကြောင်းပြချက်မပေးနိုင်ဘဲ အလန့်ကြီးလန့်ခဲ့ပြီးပြီ။ မျက်နှာကိုမြင်ရရုံနှင့် ရင်ထဲကျောထဲစိမ့်ချင်လာသည်။ သူမကတော့ ခပ်ကြမ်းကြမ်း နာမည်ပေးထားသည်။ မသာမျက်နှာနှင့်မိန်းမဟူ၍။

"အဖေ ဒီအတိုင်းပဲကြည့်နေတော့မှာလား၊ အစ်ကိုနဲ့မဆွေးနွေးတော့ဘူးလား၊ အို ... တစ်ခါတည်းကွာရှင်းခိုင်းလိုက်တာကောင်းပါတယ်၊ နောင်ကို ဘာတွေကြိုဟ်မွှေဦးမယ်မှမပြောတတ်တာ၊ ဟုတ်တယ် ဟုတ်တယ် ကွာသာ ခိုင်းလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘမြိုင်ကတော့ တွေတွေဝေဝေနှင့် အဝေးသို့သာငေးကြည့်နေသဲ ဖြစ်ပါ၏။

⛵⛵⛵



www.burmeseclassic.com

www.burmeseclassic.com

## ကျား နဲ့ဆင် လယ်ပြင်မှာတွေ့ကြရာဝယ်

နီနီလင်း ဦးဘမြိုင်ထံသို့ လာသွားသောညနေခင်းတွင်ပင်ဖြစ်၏။ တင်မလတ်က အနက်ရောက်ဝတ်စုံကို ကျကျနနဝတ်နေသည်။ အပွင့်အခက် တစ်စက်မှမပါသော အနက်ရောင်ပြောင်ဝတ်စုံ။ ပြီးတော့ အနီရဲရဲပန်းပွင့် တစ်ပွင့်ကို ခေါင်းမှာပန်လိုက်သေးသည်။ မျက်နှာပြင်မှာတော့ ဘာမှလိမ်းခြယ် ထားခြင်း မရှိ။ သူမက မျက်လုံးတွေကိုမှန်ထဲမှာသေသေချာချာကြည့်သည်။ မိမိစိတ်ထဲမှ အစွမ်းတွေကိုအားကုန်ထုတ်ကြည့်သည်။ အရောင်တွေထွက်နေ သလားဟု ထင်မှတ်ရသည်။

သည်ညနေခင်းသည် အကြီးကျယ်ဆုံးညနေခင်း။ ယှဉ်ပြိုင်မှုအတွက် အဆုံးအဖြတ်ပေးမည့်ညနေခင်း။

တစ်ယောက်ပညာနှင့်တစ်ယောက်အနိုင်အရှုံးကို ပြတ်ပြတ်သားသား ဖော်ထုတ်ရမည့် ညနေခင်း။



www.burmeseclassic.com

www.burmeseclassic.com



အို … သူမအတွက်တော့ ဘယ်လောက်များအဓိပ္ပါယ်ရှိလိုက်ပါ သလဲ။

သည်တစ်ကြိမ်သည် နောက်ဆုံးအကြိမ်။

နောက်ဆုံးအခွင့်အရေး။

စဉ်းစားကြည့်လေ …

နီနီလင်းဆိုသည့် မိန်းမ လူတွေကိုတစ်ယောက်ပြီးတစ်ယောက် လိုက်လံဒုက္ခပေးနေသည်မှာ မလွန်လွန်းဘူးလား။ သည်းခံတတ်သူတွေကိုမှ နိုင်ထက်စီးနင်းအခွင့်အရေးယူနေတာ သဘာဝကျပါရဲ့လား။ ပထမ သူမ ပိုင်ဆိုင်သည့် ယောက်ျားအပေါ်ဒုက္ခပေးသည်။ နောက် ကျော့ကျော့ကို ဒုက္ခပေးသည်။

ထိုမျှသာမကသေး … ။

သည်မနက်ပိုင်းတွင်တော့ ဦးဘမြိုင်ကို အေးခါးပြသွားတိုက်နေပြန် သေးသည်။ လူကြီးလူကောင်းတစ်ယောက်ကို သည်လိုဆက်ဆံတာကတော့ လုံးဝသဘာဝမကျလှ။ အလွန်အင်မတန်ရိုင်းပျသည့် မိန်းမ။ ထိုအကြောင်း ကြားရချိန်မှစကာ သူမစိတ်တွေအဆုံးစွန်သို့ရောက်သွားချေပြီ။ လက်ပိုက် ကြည့်မနေနိုင်တော့ပါ။

ပညာကောင်းကောင်းပေးသင့်သည့်အချိန်ရောက်ပြီဟူ၍လည်း တွက်လိုက်သည်။

ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ကြသေးတာပေါ့နီနီလင်းရယ်။

သင်းလိုမိန်းမမျိုးကိုအနိုင်မယူနိုင်လျှင် ဘယ်သူ့ကိုယူမည်လဲ။

သင်းလိုမိန်းမမျိုးကို ဝပ်ဆင်းအောင်မပြုနိုင်လျှင် ဘယ်သူ့ပြုမည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ဖုန်းဖြင့်ဆက်သွယ်လိုက်သည်။ မြို့လေးတောင်ဘက် သချိုင်းပျက်မှာတွေ့ဖို့ ချိန်းလိုက်သည်။

သင်းကလည်းခေသူမဟုတ်။ စဉ်းစားချိန်တောင်မပေးဘဲ သူချိန်းဆိုရာသို့ လာရောက်ရန်သဘောတူလိုက်သည်။ မျက်ကန်းတစ္ဆေမကြောက်သည် ဆိုသည်မှာ သည်လိုမိန်းမမျိုးပင်ဖြစ်သည်။

ထို့ကြောင့် သူမနှင့်တွေ့ဆုံရန်ပြင်ဆင်နေခြင်းဖြစ်သည်။ တင်မလတ်လေလေးတစ်ချက်ကို တိုးတိုးဖွဖွချွန်လိုက်သည်။ သူမတေးသံက မရဏာတေးသံ နှင့် ခပ်ဆင်ဆင်တူနေသေးတော့၏။ သူမ တင်စိုတစ်ရာကို ကျေနပ်နေသည်ကတော့အမှန်။

တောမှ နီနီလင်းအဖေရောက်နေသည်ဟူ၍လည်း ကြားသည်။ နေ့လယ်က ဦးဘမြင့် သူ့သားကိုခေါ်ကာ ပြောဆိုသည့်ဟူ၍လည်း ကြားသည်။

ဘာတွေပြောမှန်းတော့ အသေအချာမသိ။ သို့သော် သူ့မိန်းမအပေါ် အလွန်စိတ်ကုန်သွားသည်ဟူ၍တော့ မှုမှုမှတစ်ဆင့်သိရသည်။ ဒါလည်းဖြစ်နိုင်သည်။

ဘယ်ယောက်ျားက သည်လောက်ထိစိတ်ရှည်နိုင်ပါမည်နည်း။ သူမ၏ လိုအင်ဟူသမျှကို လိုက်လျောရမတဲ့လား။ တစ်ယောက်နှင့်တစ်ယောက် ဆန္ဒမတူညီခဲ့လျှင် ကွာရှင်းရုံသာရှိသည်။ သားသမီး သံယောဇဉ်ရှိသည်လည်း မဟုတ်။

မလတ်စဉ်းစားရင်း စဉ်းစားရင်းအူတွေအသည်းတွေလှိုက်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ အိမ်ထဲမှ ယွန်းသေတ္တာလေးတစ်လုံးကို ထုတ်ယူလိုက်၏။ အထဲတွင် ပုလဲနက်လည်ဆွဲတစ်ကုံး။ ဒါသည်ပင် သူမ၏လက်နက်။ ရန်လိုသော ဝိညာဉ်တိုင်းအတွက် ဆုံးမပေးနိုင်သည့်အကောင်းဆုံးသော အဆောင်။

သူမ လည်တိုင်တွင် ကျကျနနဆွဲလိုက်သည်။ ဖြူဝင်းနေသော သူမ၏ လည်တိုင်နှင့်တော့ အထူးပင်ကြည့်ကောင်းလှသည်ဟုထင်သည်။

"ဟင် ... မလတ် ... ဒါ ... ဘယ်လဲ"

အခန်းထဲဝင်လာသော မူမူကတအံ့တသြမေးသည်။ မလတ်ပုံစံက လည်း ယခင်နေ့တွေ့နေသူနှင့်မတူ အသွင်ထူးထူးခြားခြား ရှိနေသည်မို့ လေ။

ကြည့်ပါဦးအပေါ်အနက် အောက်အနက်ဆိုတော့ အသုဘအဝတ် အစားကြီးနှင့် တူနေသည်မဟုတ်ပါလား။

တကယ်ဆို ကျက်သရေမရှိလှဟု မူမူကထင်သည်။ သို့သော် ထုတ်ဖော်၍တော့ မပြောဝံ့ပါပေ။

"အပြင်သွားစရာရှိလို့ မူမူရဲ့"

"မလတ် အပြီးပြန်မှာတော့မဟုတ်ပါဘူးနော်"

မလတ်က ခနော်နီခနော်နက်နဲ့ အပြုံးလေးတစ်ချက်ပြုံးလိုက်သည်။

"ပြန်တာကတော့ မကြာခင်ပြန်ရတော့မယ် မူမူ၊ ဘာကြောင့်လဲဆို တော့ မလတ်ပြန်ချိန်တန်ပြီလေ"

"ဟင် ... ဒါဆို ဟိုကိစ္စ"

မလတ်က လက်ကလေးကိုအသာကာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက်တော့ ဘာမှမပူနဲ့၊ မလတ်တာဝန်ယူထားတဲ့ အလုပ် မလတ်ပြီးဆုံးအောင်လုပ်သွားမယ်၊ မူမူစိတ်ချလက်ချသာနေ၊ ကဲ မလတ် အပြင်သွားလိုက်ဦးမယ်"

တင်မလတ်မှာ လက်ပွေ့အိတ်လေးကိုယူလျက် အပြင်သို့ထွက်သွား လေသည်။

မူမူမှာ မလတ်ကိုကြည့်လျက် ဇဝေဇဝါဖြစ်နေသည်။ မိုးက မကြာခင် ချုပ်တော့မည်။

သည်လိုအချိန်မျိုးတွင် သည်လိုအနေအထားနှင့် ထွက်သွားသည် ကတော့ ထူးဆန်းနေသည်။

ထို့ကြောင့် စိတ်ထဲတွင် မရိုးမရွဖြစ်ကာ ကျော့ကျော့တို့အိမ်ဘက် ကူးလာခဲ့၏။

ကျော့ကျော့ကို အဆင်သင့်တွေ့သည့်အခါ သူမ တွေ့သမျှတွေကို ရင်ဖွင့်ချလိုက်၏။

"ဟဲ့ ... မကျော့ မလတ်ရဲ့နေရပ်လိပ်စာကို နင့်ကိုပေးထားတယ် နော်"

"အေးလေ ... အဲဒါဘာဖြစ်လဲ၊ တကယ်လို့သူပြန်သွားတဲ့အခါ လမ်းကြုံဝင်လည်လို့ရအောင် အမှတ်တရ တောင်းထားတာလေ၊ ဒါတောင် မလတ်ကပေးချင်သလိုလို မပေးချင်သလိုလို"

"ဒါဖြင့် သူတကယ်ပြန်သွားတာတော့ မဟုတ်ပါဘူးနော်"

"တကယ်ပြန်တယ်ဆိုရင် သူ့ပစ္စည်းတွေယူသွားမှာပေါ့"

"သူ့အဝတ်အစားက များများစားစားမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်နိုင်ပါဘူး၊ သူတစ်နေရာကိုသွားနေတာနေမှာပေါ့။ စောင့်နေ ငါ့တော့ ပြန်လာလိမ့်မယ်ထင်တယ်"

မူမူမှာတော့ မဝေခွဲတတ်အောင်ဖြစ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မျှော်ပြိုင်ပွဲ

မြို့တောင်ပိုင်း၏ သချိုင်းကုန်းမှာ တိတ်ဆိတ်ငြိမ်သက်လို့နေသည်။ သချိုင်းဟောင်းဖြစ်ပြီး ဂူဖောက်သူတချို့၏လက်ချက်ကြောင့် တချို့အုတ်ဂူတွေမှာ အပြိုပြိုအပျက်ပျက်။ မလှမ်းမကမ်းတွင်ရှိနေသော ဇရပ်မှာလည်းအမိုးတချို့မရှိတော့သလို အခင်းများမှာလည်းဟောင်းလောင်းပင်။ ပတ်ပတ်လည်တွင် ထင်ရာစိုင်းစွာပေါက်ချင်တိုင်းပေါ်[illegible]နေသည့် ကိုင်းပင်တွေက လေအဝှေ့တွင် တရှဲရှဲမြည်သံပေးလျှက် ယိမ်းထိုးနေကြ၏။ အသွားအလာနည်းသောကြောင့် လမ်းပင်ကောင်းကောင်းမရှိချင်တော့။

ကောင်းကင်တွင် အလင်းရောင်လုံလုံလောက်လောက်ရှိနေပါသေး၏။

မရမ်းရောင်သမ်းနေသော ကောင်းကင်။ ခဲရောင်သမ်းနေသည့် တိမ်စိုင်တိမ်လွှာတွေနှင့် အိပ်တန်းပျံငှက်တို့က ဟိုမှသည်မှသွားလာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်လျှောက်လာသော ခြေလှမ်းတစ်ခု။ မြက်ခင်းတွေကိုနင်းဖြတ်သည်။

ကျောက်မြေခဲမြေများကို နင်းသည်။ ကုန်းဂမူမြေကွက်လပ်တစ်နေရာရောက်တော့ ခြေစုံကိုရပ်တန့်လိုက်သည်။

သူက တခြားသူမဟုတ် ... ။

အနက်ရောင်ဝတ်စုံပိုင်ရှင် တင်မလတ်ပင်ဖြစ်သည်။ လက်ပွေ့အိတ်လေးကိုတော့ ညာဘက်လက်ဖြင့်ကိုင်ထားဆဲ။ တစ်ချိန်က စော်ဘွားကတော်သေဆုံးခဲ့သော အုတ်ဂူကြီးရှေ့တွင် ချိန်းဆိုလိုက်ခြင်းဖြစ်၏။ ထိုအုတ်ဂူမှာယခင်က အလွန်ပင်ခမ်းနားထင်ရှားခဲ့ပါသည်။ စော်ဘွားအနွယ်တော်များမှ အုတ်ဂူကိုပြုလုပ်ထားသည့် ဗိသုကာလက်ရာမှာ စုလစ်မွန်းချွန်တို့ဖြင့်အံ့ဘနမ်းပင်။

သည်နေရာက လူတိုင်းသိသည့်နေရာ။ သူမ ကျောက်ရုပ်တစ်ရုပ်လိုရပ်လျက် ဟိုးဝေးဝေးသို့ငေးစိုက်နေသည်။ တည်ငြိမ်မှု ရင့်ကျက်မှုတွေကအပြည့်။

ထိုစဉ် ...

ဆန့်ကျင်ဘက်အရပ်ဆီမှ လျှောက်လာသောခြေလှမ်းတစ်စုံ။

သူမက အနီရောင်ဝတ်စုံပိုင်ရှင် နီနီလင်း။ သူမ၏ခြေလှမ်းတွေကလည်း ရဲရဲပြတ်ပြတ်ရှိလှပါသည်။ တုံ့ဆိုင်းခြင်းမရှိ တုံ့နှေးခြင်းမရှိ၊ တွေဝေခြင်းမရှိ။

နီနီလင်းက ဆံပင်ကိုဖားလျားချထားသည်။ ဝတ်စုံအနီရောင်ကတောက်ပလွန်း အားကြီးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည်လည်း မျက်နှာပြင်ပေါ် ဘာမျှလိမ်းချယ်ထားခြင်းမရှိပါ။ ထူးခြားမှုတစ်ခုမှာ ဘယ်ဘက်လက်တွင် အနီရောင် ပုတီးလုံးလေးများကိုဝတ်ဆင်ထားသည်။

သူမ တဖြည်းဖြည်းလျှောက်လာရင်းမှ တင်မလတ်နှင့်မနီးမဝေးသို့ ရောက်လာခဲ့သည်။ ထို့နောက် ခြေစုံကိုရပ်လိုက်ပါ၏။

တစ်ယောက်မျက်ဝန်းတွေက တစ်ယောက်မျက်ဝန်းတွေကို စူးစူးစိုက်စိုက်ကြည့်နေကြသည်။

ပေါက်ထွက်တော့မတတ်။

လွင့်ထွက်တော့မတတ်။

"အခုအချိန်ဟာ ... ညည်းရဲ့နောက်ဆုံးအချိန်တွေပဲ"

တင်မလတ်က အေးစက်သောမာထန်သောအသံဖြင့်ဆိုသည်။

ထိုစဉ် လေပြင်းတစ်ချက်က ဝိုက်ခနဲလူးလှိမ့်ကာ အဝေးသို့ထွက်ပြေးသွား၏။

"နင်ငါ့ကိုအပိုတွေမပြောနေနဲ့၊ ငါ့အကြောင်းလည်း နင်ကောင်းကောင်းသိတယ်မို့လား"

နီနီလင်းကလည်း ခပ်ပြတ်ပြတ်ပင်ပြန်လည်ချေပလိုက်၏။

ထိုအခါ တင်မလတ်ထံမှ ခြောက်ကပ်ကပ်ရယ်သံကြီး ပေါ်ထွက်လာသည်။

"ဟား ... ဟား ... ဟား"

"နင် ငါ့ကိုချိန်းတာ စိန်ခေါ်လိုက်တာပဲ"

"မဆိုးပါဘူး ... သဘောပေါက်လွယ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဟာ သူတစ်ပါးရဲ့ကိုယ်ရေးကိုယ်တာထဲကို သက်သက်ဝင်ရှုပ်တာ"

"နှင့်လုပ်ပုံကိုင်ပုံတွေကိုလည်းပြန်ကြည့်ဦးလေ၊ လူတွေတိုင်းကို လိုက်ဒုက္ခပေးနေတဲ့မိန်းမ၊ နှင့်ရည်ရွယ်ချက်ကဘာလဲ"

"ဒါဟာ နှင်းသိစရာလိုအပ်လို့လား"

"ကိုင်း ... ဒါဆိုလည်း တခြားဘာမှပြောမနေတော့ဘူး၊ နှင့်ဘဝအမှန်ကို နှင်းပြန်ရောက်သွားရင် အခုဖြစ်နေတဲ့ ကိစ္စတွေအားလုံးရှင်းသွားမှာ"

"နှင်း ငါ့ကိုလုပ်ချင်တိုင်းလုပ်လို့ရမယ်ထင်လား"

"ဒါဆို စောင့်ကြည့်လေ"

သူတို့တွင် တစ်ယောက်နှင့်တစ်ယောက် စကားအတိုက်အခံပြောရန် စကားလုံးများမရှိကြတော့ပါ။

ပြောစရာလည်းလိုအပ်ကြတော့မည်မဟုတ်။

ထိုသို့ဆိုလျှင် သူတို့ဘာလုပ်ကြမှာလဲ။

နီနီလင်းက ရုတ်တရက်ဆိုသလို လှုပ်ရှားလိုက်သည်။ သူမက လက်ကောက်ဝတ်တွင် ဝတ်ဆင်ထားသော အနီရောင်ပုတီးစေ့များကို အလျင်အမြန်ဆွဲချွတ်လိုက်၏။ သူမ လှုပ်ရှားမှုကတော့ တကယ့်ကိုသွက်လက်မြန်ဆန်လွန်းပါသည်။

ယင်းနောက် ... ။

တင်မလတ်ဆီသို့ချိန်ရွယ်လျက် ပစ်လွှတ်လိုက်၏။ လက်မှန်းလက်ဆ ကောင်း၍လားမသိ။

တင်မလတ်၏ ရင်ညွှန့်ဆီသို့ထိမှန်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

ထိုပုတီးလုံးလေးများတွင်မည်သို့ အစီရင်များစီမံထားသည်မသိ။ ထိလျှင်ထိချင်းပင် တင်မလတ်၏ ခန္ဓာကိုယ်မှာ အနောက်ဘက်သို့လွင့်စဉ်သွားကာ ဖင်ထိုင်လျက်လဲကျသွား၏။

သူမ အလွန်ပင်နာကျင်သွားပုံပေါ်ပါသည်။

"ဟား ... ဟား ... ဟား"

နီနီလင်း အောင်နိုင်သူပမာ ခေါင်းကိုမော့လျက် ခွက်ထိုးခွက်လန်ရယ်မောနေတော့၏။

ပြီးနောက် ...

"ဒီမယ် ... ညည်းမြဲမြဲမှတ်ထားရမှာက ... ညည်းထင်သလို ငါဟာ အငှားခန္ဓာကိုယ်ထဲကိုဝင်နေတဲ့ မိန်းမတစ်ယောက်ဆိုတာ ငါမငြင်းပါဘူး။ ဟုတ်တာမှ သိပ်ကိုဟုတ်တာပေါ့လို့ပြောလို့ရတယ်၊ ဘာကြောင့်လဲဆိုတော့ နီနီလင်းဟာ ငါ့ရဲ့တူမဖြစ်နေလို့ပဲ၊ ဘယ်အရာမဆို ငါ့တူမကိုကူညီရမယ်၊ ကာကွယ်ရမယ်၊ သူ့ရင်ထဲမှာရှိနေတဲ့ ဘယ်လိုဆန္ဒမျိုးကိုမဆို ငါလုပ်ပေးဖို့ ဝန်မလေးဘူး။

အခုက ငါ့တူမမုန်းနေတာ ကျော့ကျော့ဆိုတဲ့ကောင်မပဲ၊ ဒီကောင့်မကို အမြဲစိတ်ဆင်းရဲအောင်လုပ်ရမှာက ငါ့တာဝန်၊ တစ်နည်းပြောရရင် သတ်သင့်ရင်တောင်သတ်ရမှာပဲ၊ ဒီကောင်မကြောင့် သူနဲ့ဆက်နွယ်တဲ့လူတွေပါ ကုန်ရတာ၊ ဒါကို မဆီမဆိုင် ညည်းက ဆရာကြီးလုပ်ပြီး သူများဇာတ်လမ်းထဲဝင်ပါချင်ရတာဆိုတော့ မလွန်လွန်းဘူးလား၊ လူတိုင်းဟာ ကိုယ့်အလုပ်ကိုယ်လုပ်ရတယ်အေ့၊ မဆိုင်တာတွေဝင်ရှုပ်ရင် ဒုက္ခရောက်တတ်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ညည်းခုတော့သဘော ပေါက်ပြီမဟုတ်လား။ ခုတော့ ကိုယ်ဖြစ်ကိုယ်ခံလေ ... ဟား ... ဟား ... ဟား''

တင်မလတ် လဲကျရုံတင်မက သွေးများပင်တဝေါဝေါထိုးအန်နေပါသည်။

သို့သော်လည်း သူမမျက်နှာပြင်တွင် အရှုံးပေးမှုဆိုတာ အရိပ်ယောင်ကို တစ်စက်လေးမှ မတွေ့ရပါပေ။

ထိုနေရာတွင် သူတို့နှစ်ယောက်တည်းရှိသည်ဟုဆိုလျှင်တော့ လုံးဝမှားယွင်းသွားလိမ့်မည်။ သူတို့နှင့်မလှမ်းမကမ်းရှိ ကိုင်းပင်များကြားတွင် သူတို့ပြော သမျှကို ချောင်းနားထောင်နေသည့် လူနှစ်ဦးလည်းရှိနေပါသေး၏။ ထိုသူနှစ်ဦးမှာ ကောင်းမြတ်နှင့်နီနီလင်းအဖေ ဦးတင်မောင်တို့ဖြစ်သည်။

နီနီလင်းအရိပ်အခြေကိုစောင့်ကြည့်ခဲ့သော ကောင်းမြတ်မှာ ယနေ့ညနေပိုင်းတွင် အသွင်ထူးခြားစွာထွက်ခွာသွားသော သူမ နောက်သို့ ဦးတင်မောင် ကိုခေါ်ကာ တိတ်တဆိတ်လိုက်ကြည့်ရာမှ ယခုအဖြစ်ပျက်တွေကို မျက်ဝါး ထင်ထင် တွေ့မြင်ခြင်းပဲဖြစ်ပေ၏။

ဦးတင်မောင်မှာ နီနီလင်း၏ဆိုစကားများကြောင့် ကောင်းမြတ်ရှေ့တွင် မျက်နှာမထားတတ်အောင်ဖြစ်ရသည်။ ဒါသည်ပင် နီနီလင်း၏ ဇာတိရုပ်မဟုတ်ပါလား။ အခေါ်ဟုဆိုခြင်းကြောင့် လွန်ခဲ့သော (၂) နှစ်ခန့်က အစာအိမ်ကင်ဆာ ဖြင့်သေဆုံးသွားသော ဒေါ်ကြည်စိန်ကိုပြေး၍သတိရမိသည်။

ဒေါ်ကြည်စိန်မှာ သူ၏အငယ်ဆုံးညီမအရင်းဖြစ်သည်။

''အမလေး''



www.burmeseclassic.com

www.burmeseclassic.com



နီနီလင်း၏ ရူးရူးနစ်နစ်အော်လိုက်သံကြောင့် မျက်နှာတစ်ဖက်သို့လှဲထားသော ဦးတင်မောင်ဆတ်ခနဲဖြစ်သွားကာ လှမ်းကြည့်ဖြစ်သည်။

မြင်ရသည့်မြင်ကွင်းမှာ နီနီလင်းပုံလျက်သားလေးလဲကျသွားခြင်းဖြစ်၏။

"ဘာဖြစ်သွားတာလဲ"

"မသိဘူး ဟိုမိန်းမဘာလုပ်လိုက်မှန်းမသိဘူး"

အမှန်တကယ်လည်း ဘာလုပ်လိုက်မှန်း ကောင်းမြတ်မသိပါ။ တင်မလတ်ကကုန်းရုန်းထနေတာတွေ့သည်။ ထို့နောက် နောက်ကြောင်းဆီသို့ ခပ်သွက်သွက်လျှောက်သည်။

"ဟိုမှာထွက်ပြေးသွားပြီ"

တင်မလတ်ပျောက်ကွယ်သွားသည့်နောက် သူတို့ကိုင်းတောထဲမှ ပြေးထွက်လာခဲ့သည်။ နီနီလင်းအပါးသို့ အလျင်အမြန်သွားသည်။

"သမီး ... သမီး"

အဖေက သမီးကို ပွေ့ထူကာခပ်ဆတ်ဆတ်လေးလှုပ်နှိုးသည်။

"သမီး ... သမီး ... သတိထားဦးလေ"

ခန္ဓာကိုယ်ပေါ်တွင် မည်သည့်ဒဏ်ရာဒဏ်ချက်မှမရှိပါ။ သွေးစသွေးနလည်းမမြင်ပါ။

ထိုသို့ဆိုလျှင် ဘာကြောင့်ထိုသို့ဖြစ်ရပါသလဲ။ ပဟေဠိတွေးဖွယ်အကြောင်းအချက်ပင်ဖြစ်ပါ၏။

ဦးတင်မောင်လှုပ်ယမ်းနေသည့်ကြားကပင် နီနီလင်းဇက်ကြိုးကျသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဦးတင်မောင်မျက်လုံးအဝိုင်းသားဖြစ်သွားကာ မျက်ခွံတွေလှန်ကြည့်သည်။ နှာခေါင်းကို နားဖြင့်ကပ်ကြည့်သည်။ နောက်ဆုံးရလာသည့်အဖြေက တစ်ခုတည်းပင်။

"အသက်မရှိတော့ဘူး"

⛵⛵⛵



www.burmeseclassic.com

www.burmeseclassic.com

# သကြိုးပေးသည့်နေ့

နီနီလင်း၏အလောင်း မြေချသည့်နေ့ဖြစ်သည်။ သည်တစ်ကြိမ်မှာတော့ သူမပြန်ရှင်လာမှာကိုပင် တချို့က စိုးရိမ်ကြသည်။ သို့သော် ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဟူ၍တော့ သေချာပေါက်တွက်ထားကြပါ၏။

လှည်းဖြင့်တွန်းကာ သချိုင်းသို့ပို့ကြသည်။ သချိုင်းရောက်မှ ဘုန်းကြီးငါးပါးဖြင့်သရဏဂုံတင်သည်။ ထူးခြားသည်မှာ ကောင်းမြတ်ရောဦးတင်မောင်ပါ မျက်ရည်မကျမိခြင်းဖြစ်သည်။

ထို့အတူ အသုဘပို့သူလည်း များများစားစားမရှိပါ။ ကောင်းမြတ်၏ဖေဖေဦးဘမြိုင် လိုက်ပါပို့ဆောင်သော်လည်း ကျော့ကျော့နှင့်မှူမှူတို့မလာကြပါ။ တင်မလတ်မှာ အခင်းဖြစ်ပွားသည့် နောက်တစ်နေ့မနက်စောစောမှာပင် သူမနေရပ်သို့ပြန်သွားသည်ဟုကြားသိရ၏။ တကယ်တမ်းတွင် သူမတွင်လည်းဘာအပြစ်မှမရှိပါ။

အလောင်းကိုမြေမြှုပ်ပြီးစီးသည့်အခါ လူတချို့ပြန်သွားကြ၏။ သချိုင်း



www.burmeseclassic.com

www.burmeseclassic.com



မြေတွင် ကျန်ရစ်ခဲ့သူ(၃)ဦးသာရှိသည်။

ကောင်းမြတ်၊ ဦးတင်မောင်နှင့် ဦးဘမြိုင်တို့ပင်။

ပထမအစအားလုံး တိတ်ဆိတ်ငြိမ်သက်နေကြပြီး အတွေးကိုယ်စီနှင့် ရှိနေကြသည်။ အတန်ကြာမှ ဦးတင်မောင်တစ်ယောက် သတိဝင်လာကာ-

"ဘာပဲဖြစ်ဖြစ် သမီးအတွက် တောင်းပန်ပါရစေကောင်းမြတ်၊ ဒီလိုအဖြစ်မျိုးကိုတစ်သက်နဲ့တစ်ကိုယ်ကြုံလည်းမကြုံဖူးခဲ့ပါဘူး၊ အခုလိုမမျှော်လင့်ဘဲ ကြုံလာရတော့ အံ့ဩတာရော၊ စိတ်မကောင်းတာရောဖြစ်ခဲ့တယ်၊ ဘာတွေရယ်လို့ပြောမပြတတ်တဲ့အဖြစ်တွေပါ"

"ကျွန်တော့်အတွက်တော့ ဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့အဖေ၊ ဖြစ်ချင်လို့ဖြစ်လာခဲ့ရတဲ့အကြောင်းတရားတစ်ရပ်လို့ပဲ ကျွန်တော်ယူဆပါတယ်၊ တစ်နည်းပြောရရင် အတိတ်ကကျွန်တော့်ဝဋ်ကြွေးကြောင့်လို့ပဲပြောရမှာပဲ"

ဦးတင်မောင်က ခေါင်းကိုအသာညိတ်သည်။

"မင်းဟာယောက်ျားကောင်းတစ်ယောက် ပီသပါတယ်၊ အခြေအနေတွေ ဘယ်လောက်ဆိုးဆိုး သည်းခံခြင်းကြီးကြီးနဲ့ သည်းခံခဲ့တာကို အဖေအမြဲတမ်း အသိအမှတ်ပြုနေမှာပါ၊ ခုဆိုမင်းဟာငယ်ပါသေးတယ်၊ သားသမီးလည်းရှိတာမဟုတ်ဘူး၊ အိမ်ထောင်သစ်ထူမယ်ဆိုရင်လည်း အဖေက ဝမ်းမြောက်ဝမ်းသာကြိုဆိုရဦးမှာပါ၊ အဖေတို့လည်း ရက်လည်ပြီးရင် ရွာကိုပြန်မယ်၊ သမီးမရှိတော့ပေမယ့် မင်းဟာအမြဲတမ်းအဖေ့သမက်ပါပဲ၊ မင်းဟာ လိုမှာရေးခြားရှိသူတစ်ယောက်မို့ အဖေ့အနေနဲ့ ဘာမှဆုံးမစရာမရှိပါဘူးကွယ် ..."

ဦးတင်မောင်က ဆွေးဆွေးမြွေမြွေပြောရှာသည်။ ကောင်းမြတ်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ခေါင်းကိုငုံ့လျက်ပြောသမျှကို ဂရုတစိုက်နားထောင်နေရှာပါသည်။ ကောင်းမြတ် အဖေဦးဘမြိုင်ကတော့ တစ်ခွန်းတည်းသောစကားကို ပြောရှာပါသည်။

“ကျုပ်အနေနဲ့ကတော့ ခင်ဗျားသမီးအပေါ် အရာရာခွင့်လွှတ်နေမှာပါဗျာ”

သချိုင်းမြေသည် ပြန်လည်တိတ်ဆိတ်သွားပြန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

# အဖြေမသိခဲ့သော ပဟေဠိ

ဤသို့ဖြင့်(၃)လခန့်ကြာသော ရက်တစ်ရက်တွင် မူမူမှာ မန္တလေးသို့ ကိစ္စတစ်ခုဖြင့် သွားရန်ကြုံလာခဲ့သည်။ ထိုအခါ မူမူက အဖော်အဖြစ်လိုက်ရန် ကျော့ကျော့ကိုခေါ်သည်။

ကျော့ကျော့မှာ တင်မလတ်ကိုထူးထူးခြားခြားသတိရနေမိ၏။ သူမမှာ သဘောမနောကောင်းသူ၊ သူမအပေါ်အစစအရာရာကူညီခဲ့သူ၊ ထို့အတူ သူမ အမုန်းကြီးမုန်းခဲ့သူတစ်ယောက်အပေါ် အနိုင်ယူနိုင်ခဲ့သူ စသဖြင့် သူမနှင့် ပတ်သက်သမျှတွေက သတိရစရာတွေဖြစ်လို့နေသည်။ ယခုမူမူက မန္တလေး သို့သွားမည်ဆိုတော့ သူမ တင်မလတ်ကိုတွေ့လိုစိတ်ဖြင့်လိုက်ချင်နေမိသည်။ ထို့ကြောင့် ဦးဘမြိုင်ထံ ခွင့်တောင်းရသည်။

ဦးဘမြိုင်မှာလည်း မူမူနှင့်ဆိုလျှင်စိတ်ချသည်ဆိုသောကြောင့် သူမပျော် သွားသည်။ ထို့ကြောင့် ခရီးသွားရန်ပြင်ဆင်ကာ တစ်ရက်တွင် မူမူနှင့်အတူ မန္တလေးသို့လာခဲ့ကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးသို့ရောက်၍ မှုမှုကိစ္စများဆောင်ရွက်ပြီးစီးသွားသောအခါ ပေးထားသောလိပ်စာအတိုင်း တင်မလတ်၏အိမ်ကိုရှာသည်။ အလွယ်တကူ တော့ရှာမရခဲ့ပါ။ မြို့စွန်လူနေကျဲပါးသော တိုက်အိုဟောင်းလေးတစ်လုံး အရောက် တွင် ရှာဖွေခြင်းကိစ္စအဆုံးသတ်သွားသည်။

"ဒါ ... မတင်မလတ်တို့အိမ်ပါလားရှင်"

အတန်ငယ်အိုစာနေသော မိန်းမကြီးတစ်ယောက်ထွက်လာသည်။ ရုပ် မျက်နှာကြည့်ရုံနှင့် တင်မလတ်တို့အမေဖြစ်နိုင်ကြောင်း တွက်မိ၏။

"ဟုတ်ပါတယ်ကွယ် ... သမီးတို့က"

"သမီးတို့က နယ်ကပါ၊ သူ့မိတ်ဆွေတွေလို့လည်းပြောလို့ရပါတယ်"

"အိမ်ထဲဝင်ကြပါဦးကွယ်"

ဖိတ်ခေါ်မှုကြောင့် သူတို့အိမ်ထဲဝင်ဖြစ်သည်။ အိမ်အိုကြီးမှာ သန့်ရှင်း သပ်ရပ်မှုမရှိသလို အတွင်းတွင်အနံ့အသက်တို့လည်းမကောင်းလှပါ။ မှိုနံ့ရနေ သည်ဟု နှစ်ယောက်စလုံးခံစားရသည်။

BURMESE CLASSIC

အခန်းထဲတွင် (၃၇) မင်းနတ်ရုပ်တွေရှုပ်ပွနေသည်။ တချို့အကောင်း တွေရှိသလို တချို့အကျိုးအပဲ့တွေသာဖြစ်သည်။ အများစုက ဆေးရောင်တွေ ပျယ်လွင့်နေပြီဖြစ်သည်။

အခန်း၏အလည်တည့်တည့်တွင် ဓာတ်ပုံကြီးကြီးတစ်ပုံချိတ်ဆွဲထား သည်။

တင်မလတ်၏ ဓာတ်ပုံအစစ်ပင်ဖြစ်ပါ၏။ သူတို့ဓာတ်ပုံကိုအတန်ကြာ ကြည့်ရှုပြီးသည့်နောက် ...

"ကျွန်မတို့ တင်မလတ်နဲ့တွေ့ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအမေးကြောင့် အဒေါ်ကြီး၏မျက်နှာပြင်မှာ အတော်ပင်အိုစာသွားး၏။

အဆွေးရိပ်တွေသမ်းသွားတာလည်း အထင်းသားမြင်နေရသည်။ ထို့နောက် မျက်ရည်အိမ်ထဲတွင် မျက်ရည်တွေဝေ့ဝဲလာကာ ...

"သမီးလေးမရှိတော့ဘူးလေကွယ်"

"ရှင်"

"ဘာဖြစ်လို့လဲ ... အန်တီ"

"သမီးလေး ကားအက်စီးဒင့်ဖြစ်ပြီးဆုံးသွားတာ (၂)နှစ်ရှိပြီလေ"

"ဘုရားရေ"

နှစ်ယောက်စလုံး၏ အာမေဋိတ်သံတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသည်။

"အန်တီ ... သမီးတို့နားမရှင်းလို့ပြန်ပြောပါဦး"

"သမီးလေးဆုံးတာ (၂)နှစ်ရှိသွားပြီလေ"

"မဟုတ်သေးဘူး ပြီးခဲ့တဲ့(၃)လလောက်ကတောင် သမီးတို့ဆီကို လူလာသေးတာပဲ"

ထိုမိန်းမကြီးက ပြုံးသည်။

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် တင်မလတ်အစစ်တော့ လုံးဝမဖြစ်နိုင်ပါဘူးကွယ်"

"အန်တီဆိုလိုတာက"

"အဲဒါကတော့ အန်တီလည်းမပြောပါရစေနဲ့ကွယ်"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူမတို့ပြန်လာခဲ့ရသည်။

အန်တီကြီးပြောသော ပဟေဠိကို ကာလအတန်ကြာ ဖြေရှင်းနိုင်မည် မဟုတ်ကြောင်းတော့ ကောင်းကောင်းသိနေပါ၏။

ပြီးပါပြီ။

စာဖတ်သူရင်ကိုအမြဲထိရှမှုတွေပေးနေမယ့်

စာရေးတဲ့ ကျွန်မ

ဇော်ဂျီ

အမှတ်(၄၉)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC

တယ်လီဖုန်းဖြင့် ဝေဖန်မိတ်ဆက်

အကြံပြုသူများမျှော်လင့်လျက်

၀၁-၄၀၁၃၆၄၊ ၀၉ ၇၃၁၁၃၉၀၉



www.burmeseclassic.com